မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၉၀)

ခစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

လမ်းတံတားများ ပြည့်စုံကောင်းမွန်မှုကြောင့် ဆက်သွယ်သွားလာရေး အဆင်ပြေချောမွေ့ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေး ပိုမိုတိုးတက်

နေပြည်တော် ဇူလိုင် ၂၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့သို့ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် လိုက်ပါလျက် ဇူလိုင် ၁၇ ရက် နံနက် ၆ နာရီက မိုးညှင်းမြို့ နယ်မြေခံတပ်ရင်း နမ့်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အား ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်ရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေးမှာကြားပြီး တက်ရောက်လာကြသော အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မရမ်းကုန်းကျေးရွာတွင် အထွက်နှုန်းတိုးတက်စေရန် ဓာတ်မြေသြဇာများ ထည့်သွင်းကြဲပက်နေမှုနှင့် တမန်းနှိုးပေါင်းသင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တာချီလိတ်မြို့ ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းအခမ်းအနားတွင် ခြစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများကို ပျိုးထောင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ပို့ကုန် သွင်းကုန်လုပ်ငန်းရှင်များ တစ်ဆင့်ရောင်းဝယ်သည်မှ ကိုယ်ပိုင်ထုတ်လုပ်ရောင်းဝယ်နိုင်အောင် ကြိုးပမ်းဆောင်ရွက် အရောင်းအဝယ်အပြင် ကုန်ထုတ်လုပ်ငန်းများပါ ပူးတွဲလုပ်ကိုင်

နေပြည်တော် ဇူလိုင် ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် စာမျက်နှာ ၁၀ ကော်လံ ၁ ✻

အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်းနှင့်စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၇ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများနှင့် စပ်လျဉ်း၍ အလှည့်ကျသဘာပတိအဖွဲ့ဝင်များ၏ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၂ ရက်)

ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုမည့် ဖားကန့်မြို့နယ် ဒွန်ဘန်တံတားသစ်

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်း၌ တည်ရှိပြီး သယံဇာတ ပေါကြွယ်ဝသည်။ တစ်ချိန်က ပြည်နယ်အတွင်း နယ်မြေအေးချမ်းသာယာမှုမရှိခဲ့၍ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အဘက်ဘက်က ဖွံ့ဖြိုးမှု နောက်ကျ ကျန်ရစ်ခဲ့ရသည်။

ယခုအခါ နယ်မြေအေးချမ်းတည်ငြိမ်မှု ရှိလာပြီဖြစ်သည့်အတွက် မော်တော်ကားလမ်း အသစ်များ ဖောက်လုပ်ခြင်း၊ လမ်းဟောင်းများကို အဆင့်မြှင့်ပြုပြင်ခြင်း၊ မြစ်ကြီးနား-မန္တလေး ရထားလမ်းကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့သည့်အပြင် မြစ်ကြီးနားလေဆိပ်၊ ဗန်းမော်လေဆိပ်၊ ပူတာအိုလေဆိပ်တို့ကိုပါ တိုးချဲ့ပြုပြင် တည်ဆောက်ပေးကာ လမ်းပန်း ဆက်သွယ်ရေး သိသာစွာ ဖွံ့ဖြိုးတိုးတက်လာသည်။

ဖားကန့်မြို့နယ်အတွင်း မြစ်ကြီးနား-တနိုင်း-ပန်ဆောင်-လီဒိုလမ်းမကြီးပေါ်၌ ဒွန်ဘန်ချောင်းကိုဖြတ်ပြီး တည်ဆောက်သည့် အရှည် ၂၁၆ ပေရှိ ဒွန်ဘန်တံတားသစ်ကို ဇူလိုင်လ ၁၈ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

ကျပ် ၂၈၅၅ သိန်း အကုန်အကျခံ တည်ဆောက်ထားသော ဒွန်ဘန်တံတားသည် မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်-လီဒိုလမ်းပေါ်တွင်ရှိပြီး အရေးပါသည့် တံတား တစ်စင်းဖြစ်သည်။ တံတားမှာ သံပေါင်သံကူကွန်ကရစ်ကြမ်းခင်းဖြစ်၍ ရာသီမရွေး လုံခြုံ စိတ်ချစွာ ဖြတ်သန်းသွားလာနိုင်မည် ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၁၉၈၈ခုနှစ်မှစ၍ ဒွန်ဘန်တံတားအပါအဝင် ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၂၀၇စင်း တိုးချဲ့တည်ဆောက်ပေးခဲ့သည်။

နိုင်ငံတော်တိုးတက် ဖွံ့ဖြိုးရေး၊ ကချင်ပြည်နယ်ဖွံ့ဖြိုးရေးနှင့်ပြည်သူများ၏ လူမှုစီးပွား ဘဝကို အထောက်အကူပြုမည့် ဒွန်ဘန်တံတားအပါအဝင် နိုင်ငံအနှံ့အပြားရှိ တံတားကြီး၊ ငယ်များ ရေရှည်အကျိုးရှိရှိ ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် တိုင်းရင်းသား ပြည်သူ တစ်ရပ်လုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်သည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စီးပွားရေး၊နည်းပညာ၊ စွမ်းအင်နှင့် ပညာရေးကဏ္ဍများ တရုတ်နှင့် တာ့ခ်မင်နစ္စတန်တို့ ပူးပေါင်းဆောင်ရွက်မည်

ပေကျင်း ဇူလိုင် ၂၁

စီးပွားရေး၊ နည်းပညာ၊ စွမ်းအင်နှင့် ပညာရေးဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ကြရေးအတွက် တရုတ်နှင့် တာ့ခ်မင်နစ္စတန်နိုင်ငံတို့ ဇူလိုင် ၁၇ ရက်က သဘောတူလက်မှတ် ရေးထိုးလိုက်ကြသည်။

လက်မှတ်ရေးထိုး

နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြပြီး နောက်ပိုင်း အဆိုပါသဘောတူညီချက်ကို တရုတ်သမ္မတ ဟူကျင်တောင်နှင့် တာ့ခ်မင်နစ္စတန်နိုင်ငံသမ္မတ ဂူရာဘန်ဂူလီဘာဒိုင်မူခါမီဒေါ့ဗ်တို့ ရှေ့တွင် နှစ်နိုင်ငံ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုး ခဲ့ခြင်းဖြစ်သည်။

ဆွေးနွေး

ထို့အတူ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန် အချက်ငါးချက်ပါသော ရှေ့လုပ်ငန်းစဉ်တစ်ရပ်ကိုလည်း နှစ်နိုင်ငံ ခေါင်းဆောင်များက ဆွေးနွေးခဲ့ကြသည်။

ပြောကြား

တာ့ခ်မင်နစ္စတန်အစိုးရ အနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ထောက်ခံထားပြီး တရုတ်နိုင်ငံ အကူအညီပေးမှုများကိုလည်း အသိအမှတ်ပြု အလေးအနက်ထားကြောင်း တာ့ခ်မင်နစ္စတန်သမ္မတက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေး အိန္ဒိယ၊ ဘရာဇီးနှင့် တောင်အာဖရိကတို့ သဘောတူညီ

နယူးဒေလီ ဇူလိုင် ၂၁

နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးအတွက် ပူးပေါင်း ဆောင်ရွက်ကြရန် အိန္ဒိယ၊ ဘရာဇီးနှင့် တောင်အာဖရိကနိုင်ငံတို့က ဇူလိုင် ၁၇ရက်၌ သဘောတူညီလိုက်ကြသည်။

သဘောတူ

ထိုသို့သဘောတူညီမှုကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဇူလိုင် ၁၇ရက်က ပြုလုပ်သော သုံးနိုင်ငံပူးတွဲကော်မတီ အစည်းအဝေးတွင် သဘောတူညီခဲ့ကြခြင်း ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေး ပူးပေါင်းဆောင်ရွက်ရာ၌ နည်းပညာထောက်ပံ့ဖြည့်ဆည်းရေး၊ အသုံးအဆောင်ပစ္စည်းများ၊ စမ်းသပ်ကိရိယာများနှင့် နျူကလီးယားစွမ်းအင်လုံခြုံရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

အလေးအနက်ထား

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စွမ်းအင်လိုအပ်မှု တိုးမြင့်လာချိန်၌ နျူကလီးယား စွမ်းအင်အသုံးပြုရေး တိုးချဲ့ဆောင်ရွက်ရန် လိုအပ်နေသဖြင့် အိန္ဒိယ၊ ဘရာဇီးနှင့် တောင်အာဖရိကနိုင်ငံတို့က ယခုကဲ့သို့အလေးအနက်ထား ဆောင်ရွက်နေခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆရာတော် ဘဒ္ဒန္တ ဝါယမ ငါးထပ်ကြီးဘုရား ဝါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာသကျ အတုလ မာရ်အောင် ဘွဲ့တော်ဆောင်သော ငါးထပ်ကြီး ဘုရား အာရုံခံတန်ဆောင်းတော်ကြီးအတွင်း၌ ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့် နေ့အထိ ဝါတွင်းသုံးလ ရစ်ရက်သီတင်း၊ လပြည့်၊ လကွယ်နေ့တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီး ကျောင်း တိုက် ဆရာတော် ဘဒ္ဒန္တဝါယမ (သာသနဓဇ ဓမ္မာစရိယ ဒီဃဘာဏက ဓမ္မကထိက ဗဟုဇနဟိတဓရ) အရှင်မြတ် သည် မွန်းလွဲ ၁ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။

(က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ရုံးခန်းသို့ နှစ်ဖက်မိဘများဖြစ်ကြသော ဦးချစ်ဆွေ-ဒေါ်စိန်၊ ဦးမောင်တင်-ဒေါ်တင်ညွန့်တို့အား ရည်စူး၍ အမှတ် ၅၅ ညောင်တုန်းလမ်း စမ်းချောင်းမြို့နယ် သမီးဒေါ်ခင်ထားရီ မိသားစုက ငွေကျပ်တစ်သိန်းတစ်သောင်းကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၇-၂၀၀၇ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	အမှတ်တမဲ့မှ အမှတ်တရတရားတော် (ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
၈း၀၅	Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)၊ ခင်မောင်ညို (ဘောဂဗေဒ)]
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	ဝိနည်းနှင့်ညီ၊ ချုပ်လုပ်စီရင် လျော်ညီဆင်မြန်း၊ မြတ်သင်္ကန်း
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	နိုင်ငံတကာအနုပညာရေးရာ
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	အောင်မြင်ရှင်သန်နေသော ရော်ဘာစိုက်ခင်းရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	ရှေးဟောင်းလက်ရာများနှင့် သုဓမ္မာရာမ (ပိန်းဇလုပ်မြို့မှ သုဓမ္မာရာမပရိယတ္တိစာသင်တိုက်)
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	သွင်းကုန်အစားထိုး လျှပ်စစ်ဓာတ်အိုး
၁၁း၀၅	မိုးလေဝသခန့်မှန်းချက်
၁၁း၁၀	ထူးမြတ်ပူဇော် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၅	အန္တရာယ်ကင်းသော မိခင်ဘဝ (ဒေါက်တာ သိန်းသိန်းဌေး)
၁၁း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၂း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅	ဆရာဦးမြင့်လွင် (သန့်-တည်-ပွား) ဟောပြောဆွေးနွေးသော 'အပါယ်ပိတ်တရား' (အပိုင်း-၄)
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀	Movie Mistakes (GLADIATOR)
၁၂း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၅	သမထကျင့်စဉ် လမ်းဆက်ထွင် ဝိပဿနာမဂ္ဂင်
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၀၇ ခုနှစ် အာရှဖလားပွဲစဉ်များ

အချိန်	ပွဲစဉ်	ပြသမည့်လိုင်း
ညနေ ၄း၅၀	အီရန်-တောင်ကိုရီးယား	MRTV-4 (Live)
ည ၇း၅၀	ဆော်ဒီအာရေဗျ-ဥဇဘက်ကစ္စတန်	MRTV-4 (Live)

မြဝတီရုပ်မြင်သံကြား

၂၂-၇-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အချစ်ဆုး**
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၃၀	၄။	အမျိုးသားရေးတေးကဗျာ
၄း၃၅	၅။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၄၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၄၀	၁၁။	လျှပ်တစ်ပြက်
၆း၄၅	၁၂။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်မုန့်** (အပိုင်း-၁၄)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	ကျန်းမာသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်ချိန်** (အပိုင်း-၉)

✡ ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည်မိုးညှင်း-မြစ်ကြီးနား-ရွှေဘို ကားလမ်း တစ်လျှောက်၌ တိုင်းရင်းသား စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ အောင်မြင် ဖြစ်ထွန်းနေသော စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုးညှင်း-မြစ်ကြီးနား-ရွှေဘို ကားလမ်းမိုင်တိုင် (၁၈၁/၆)နှင့် (၁၈၁/၇)ကြားရှိတိုင်းရင်းသားစိုက်ပျိုးရေး လုပ်ငန်းရှင်ဦးကြာရွှေ၏ စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစိုက်ပျိုးရေးခြံသို့ ရောက်ရှိကြသည်။

ရှင်းလင်းပြသ

ယင်းနောက်စိုက်ပျိုးရေးခြံရှင်းလင်းဆောင်၌ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးဦးက မိုးညှင်းမြို့နယ်၏ ရော်ဘာစိုက်ပျိုးမှုအခြေအနေ၊ မိုးညှင်းခရိုင်၌ ရော်ဘာစိုက်ပျိုးမှု၊ ၂၀၀၇-၂၀၀၈ခုနှစ်တွင် ပြည်နယ်အတွင်း ခရိုင်တစ်ခုချင်းစီအလိုက်တိုးချဲ့ စိုက်ပျိုးသွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ပြည်နယ်အတွင်း ရော်ဘာစိုက်ဧက တိုးချဲ့ရရှိရေးအတွက် ဒေါ့ဖုန်းယန်ဒေသတွင် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအား မြေလွတ်မြေရိုင်းများ ခွဲဝေချထားမှုနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရော်ဘာစိုက်ပျိုးသော တိုင်းရင်းသားလုပ်ငန်းရှင်များအပိုင်းက အရည်အသွေးပြည့်မီ၍ ဈေးကွက်ဝင်သော ရော်ဘာကုန်ကြမ်းများရရှိအောင် စိုက်ပျိုးထုတ်လုပ်ရေး၊ ဈေးကွက်သို့ ကုန်ကြမ်းတင်ပို့ရောင်းချရာတွင် ဒေသပေါက်ဈေး အတိုင်းရရှိရေးအတွက် စုပေါင်းတင်ပို့ ရောင်းချသည့် စနစ်ကျင့်သုံးရေး၊ စိုက်ပျိုးရေ အလုံအလောက်ရရှိစေရန် လိုအပ်သော ဆည်တမံငယ်များ တည်ဆောက်ပြုပြင်သွားရေးတို့ကို မှာကြားသည်။

အောင်မြင်ဖြစ်ထွန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသား ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင် ဦးကြာရွှေ၏ ရော်ဘာခြံအတွင်း အောင်မြင်ဖြစ်ထွန်းနေသော ရော်ဘာပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ၂၀၀၆-၂၀၀၇ ခုနှစ် ရော်ဘာဧက ၁၂၁၅ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး ၂၀၀၇-၂၀၀၈ခုနှစ်တွင် ဧက ၁၈၉၇ ဧက စိုက်ပျိုးရန်လျာထားသတ်မှတ်ရာ ယခုအခါ ၁၈၂၈ဧက စိုက်ပျိုးပြီးဖြစ်သဖြင့် ယနေ့ထိမြို့နယ်တစ်ခုလုံး၏ ရော်ဘာစိုက်ဧကစုစုပေါင်းမှာ ၁၄၀၇ဧက ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ် (မိုးညှင်း)သို့ ရောက်ရှိကြရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အစိုးရနည်းပညာကောလိပ်(မိုးညှင်း) ခေတ္တကျောင်းအုပ် ဒေါက်တာရိဇန်နှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အစိုးရနည်းပညာကောလိပ် (မိုးညှင်း)၌ တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီးကျောင်းသားအင်အားနှင့် နည်းပညာရပ်များ သင်ကြားစီမံမှုအခြေအနေများကို မေးမြန်းသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တိုင်း၊ ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကျောင်းဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သရက်ပင်၊ ပိန္နဲပင်စသော နှစ်ရှည်သီးပင်စားပင်များကို စိုက်ပျိုးရေးမှာကြားပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အစိုးရနည်းပညာကောလိပ် (မိုးညှင်း)၌ တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေ ကျပ်နှစ်သိန်းနှင့် အဝတ်အထည် လက်ဆောင်ပစ္စည်းများကို လည်းကောင်း၊ ပရိဘောဂဝယ်ယူရန်အတွက် ငွေကျပ်သုံးသိန်းခွဲကို လည်းကောင်း ခေတ္တကျောင်းအုပ် ဒေါက်တာရိဇန်နှင့် ဆရာ ဆရာမများထံ ပေးအပ်သည်။

မွေးထုတ်သင်ကြား

အဆိုပါအစိုးရနည်းပညာကောလိပ် (မိုးညှင်း)တွင် ဘာသာရပ်ခုနစ်မျိုး၌ ကျောင်းသား ကျောင်းသူ၄၃၉ဦး ပညာသင်ကြားလျက်ရှိပြီး ကျောင်းစတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ စက်မှုလက်မှု အတတ်ပညာရှင် A.G.T.I ဒီပလိုမာ ၁၆၄ဦး၊ အခြေခံ ကျွမ်းကျင်သင်တန်း B.S.T.C လက်မှတ်ရရှိသူ ၈၇ ဦး မွေးထုတ်သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမသို့ ရောက်ရှိကြပြီး မိုးညှင်းခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်က မိုးညှင်းခရိုင်နှင့် မြို့နယ်တို့၏ မြေအသုံးချမှုအခြေအနေ၊ အဓိကသီးနှံ ၁၀မျိုးလျာထားချက်နှင့် စိုက်ပျိုးနိုင်မှု၊ ခရိုင်အတွင်း သတ်မှတ်မိုးစပါးတိုးချဲ့စိုက်ပျိုးနေမှု၊ မြေလွတ်မြေရိုင်းများအား လယ်ယာမြေအဖြစ် ဖော်ထုတ်နေမှု အခြေအနေ၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါး ၂၁၄၂၉၈ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ၂၆၆၁၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်မှု အခြေအနေများနှင့် ခရိုင်နှင့် မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်တို့က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် ယခင်က ရထားလမ်းတစ်ခုတည်းကိုသာ အားကိုးအားထားပြု သွားလာနေရသည့် မိုးညှင်းဒေသရှိ ပြည်သူများသည် ယခုအခါ မန္တလေး-စစ်ကိုင်း-ရွှေဘို-မြစ်ကြီးနားလမ်း၊ မန္တလေး - သပိတ်ကျင်း-တကောင်း-ရွှေကူ-စင်းခန်း-ဗန်းမော်-မြစ်ကြီးနားလမ်း၊ ယခုထပ်မံပြီး ခရိုင်ချင်းဆက်လမ်း အမှတ်(၃)ဖြစ်သည့် စစ်ကိုင်း - သီဟတော - ထီးချိုင့်-ကသာ- မြို့လှ- အမတ်ကြီးကုန်း-ဆင်ဘို- အကဲ-မြစ်ကြီးနားလမ်းကို ထပ်မံဖောက်လုပ်လျက်ရှိကြောင်း၊ ၎င်းလမ်းများကို အသုံးပြုပြီး ဥဒဟိုကူးလူးသွားလာနိုင်ကြပြီ ဖြစ်ကြောင်း။

ပိုမိုတိုးတက်မြင့်မား

လမ်းတံတားများ ပြည့်စုံကောင်းမွန်မှုနှင့် ဆက်သွယ်သွားလာရေးအဆင် ပြေချောမွေ့မှုတို့ကြောင့် ဒေသနေပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးကဏ္ဍမှာပါ ယခင်ကထက် ပိုမိုတိုးတက်မြင့်မားလာသည်နှင့်အမျှ မြို့ပြနှင့်ကျေးလက်ကွာဟမှုလည်း နည်းပါးသွားလိမ့်မည်ဖြစ်ကြောင်း။

ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများအနေဖြင့် ပြည်သူများ အေးချမ်းသာယာဝပြောရေး၊ လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ဒေသ၌ ဖြစ်ထွန်းနေသည့် နှစ်ရှည်ရော်ဘာ၊ သရက်၊ ကြံ၊ ပိန္နဲစသည့် စားသုံးပင်များနှင့် ခါစည်းရိုးကြက်ဆူပင်ကို သတ်မှတ်ချက်နှင့်အညီ ကြိုးပမ်းစိုက်ပျိုးကြရေး မှာကြားသည်။

ယင်းနောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူးက အသင်းဝင် အဆိုပြုလွှာ ၂၃၃၂စောင်ကို မြို့နယ်အသင်း အတွင်းရေးမှူးဦးစိန်ဝင်းထွန်းထံပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခရိုင်ပြည်သူ့ဆေးရုံတွင် အသုံးပြုရန် ဆေးဝါးပစ္စည်းများကို ခရိုင်ဆရာဝန်ကြီး ဒေါက်တာစန်းစန်းထံသို့ လည်းကောင်း၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလစာအုပ်များကို ခရိုင်ပညာရေးမှူး ဒေါ်ခင်ငယ်ထံသို့လည်းကောင်းပေးအပ်လှူဒါန်းသည်။

တူညီဝတ်စုံပေးအပ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က စားသောက်ကုန်ပစ္စည်းများကို လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ကချင်ပြည်နယ်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က တူညီဝတ်စုံများကို လည်းကောင်း ပေးအပ်ရာ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက လက်ခံရယူကြသည်။

ထို့နောက် ၂၀၀၆-၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ငါးဘာသာ ဂုဏ်ထူးရရှိသော မိုးညှင်းမြို့ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် နမ္မားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသားကျောင်းသူ ၁၅ဦးတို့အား ဂုဏ်ပြုဆုငွေ ကျပ်ငါးသောင်းစီပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က လေးဘာသာ ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူရှစ်ဦးတို့အားလည်းကောင်း၊ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က သုံးဘာသာဂုဏ်ထူးဆု ရရှိသူ ကျောင်းသားကျောင်းသူ၁၂ဦးနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးကြသည့် ဆရာမခုနစ်ဦးတို့အားလည်းကောင်း ဂုဏ်ပြုထူးချွန်ဆုများပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုးညှင်းခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာစန်းစန်းနှင့် ဆရာဝန်၊ သူနာပြုများက ကြိုဆိုကြသည်။

ခွဲစိတ်ခန်းကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံကြီးအတွင်းရှိ ခွဲစိတ်ခန်း၌ ခွဲစိတ်ခန်းသုံးကိရိယာများ တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံကြီးအတွင်းရှိ သွားဆေးကုဆောင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မိုးညှင်းဒီဂရီကောလိပ်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသမှထူးချွန်ထက်မြက်သောပညာတတ်လူငယ်များ ပေါ်ထွက်လာစေရန် ကြိုးပမ်းသင်ကြားပေးရေး၊ ကျောင်းပရဝဏ်စိမ်းလန်းစိုပြည်စေရန် နှစ်ရှည်ပင်များ၊ သီးပင်စားပင်များ စိုက်ပျိုးရေးမှာကြားသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆရာ၊ ဆရာမများအတွက် အဝတ်အထည်များကို ကျောင်းအုပ်ကြီး ဒေါက်တာသန်းညွှန့်နှင့် ပါမောက္ခ၊ ဌာနမှူး၊ ဆရာ၊ ဆရာမများထံ ပေးအပ်သည်။

မိုးညှင်းဒီဂရီကောလိပ်

အဆိုပါမိုးညှင်း ဒီဂရီကောလိပ်တွင် ဆရာ ဆရာမ၈၃ဦးတို့က ဘာသာဆိုင်ရာများ သင်ကြားပို့ချပေးလျက်ရှိပြီး မဟာအရည်အချင်းစစ်သင်တန်းနှင့် ဂုဏ်ထူးတန်းများ အပါအဝင် ဘွဲ့ကြို ကျောင်းသားကျောင်းသူ ၉၈၅ ဦးနှင့် အဝေးသင်ကျောင်းသားကျောင်းသူ ၂၃၃၃ဦးတို့ တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုးညှင်းမြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ ရွှေဘို-မြစ်ကြီးနား ကားလမ်းမိုင်တိုင် (၁၉၁/၇)၊ အင်ကျင်းကုန်း ကျေးရွာအုပ်စု၊ မရမ်းကုန်းကျေးရွာ ဒေသခံတောင်သူ ဦးလှမောင်ဖ၏ ဆင်းဧကရီ(၃) မျိုးသန့်(၂)စံပြစိုက်ခင်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များအား ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်မြင့်က ဒေသတွင် အများဆုံးစိုက်ပျိုးသော စပါးမျိုးများ၏ အထွက်နှုန်းအခြေအနေ၊ ခရိုင်အတွင်းရှိ တောင်သူများအထွက်နှုန်းတိုးစေရန် မျိုးကောင်းမျိုးသန့်များကို မျိုးပွားရောင်းချပေးနေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအုန်းရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပန်းတိုင်အထွက်နှုန်းရှိစေရန် စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်နှင့် စိုက်ပျိုး နည်းပညာများကို ဒေသခံတိုင်းရင်းသားတောင်သူများ နည်းစနစ်ကျနစွာ စိုက်ပျိုးတတ်လာစေရန် သရုပ်ပြ ပညာပေးစည်းရုံးဆောင်ရွက်ရေး၊ ဒေသနှင့်သင့်လျော်သည့် အထွက်မျိုးကောင်းများ တိုးချဲ့ စိုက်ပျိုးသွားရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မိုင်တိုင် (၂၀၁/၄)ရှိ စံပြစိုက်ခင်းအတွင်း အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း တိုးတက်စေရန် ဓာတ်မြေဩဇာများ ထည့်သွင်းကြပက်နေမှုနှင့် သမန်းနှိုးပေါင်းသင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မိုးစပါးစံပြကွက်ဧက ၂၀၀၃ စပါးမျိုးကွဲအလိုက် စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရွှေဘို-မြစ်ကြီးနား ကားလမ်း၊ မိုးညှင်း-ဟိုပင်လမ်းပိုင်း တစ်လျှောက် မိုးညှင်းနယ်နှင့် ဟိုပင်မြို့တို့၏ မိုးစပါးများ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ နံနက် ၁၁နာရီတွင် ဟိုပင်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဟိုပင်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ဟိုပင်မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို မှာကြားသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ ဟိုပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး ဦးခိုင်မင်းကိုက ဟိုပင်မြို့နယ်၏ အုပ်ချုပ်ရေး၊ စီမံရေး ကိစ္စရပ်များ ဆောင်ရွက်နေမှု အခြေအနေ၊ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ဒေသဝမ်းစာဖူလုံမှု၊ ခါစည်းရိုးကြက်ဆူ စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကား ပြောကြားရာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဟိုပင်ဒေသအား မြို့နယ်အဆင့်သို့ တိုးမြှင့်ဖွဲ့စည်းပေးခဲ့ရာ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက နိုင်ငံတော်၏ ရည်မှန်းချက်နှင့်အညီ မိမိဒေသ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာအောင် အားကြိုးမာန်တက်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ဒေသခံပြည်သူများကလည်း ဌာနဆိုင်ရာများနှင့်အတူ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပံ့ပိုးကူညီပိုင်းဝန်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဟိုပင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ခွဲစိတ်ခန်းသုံး ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဓာတ်မှန်ခန်းသုံး ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုနှင့် ဆေးသိုလှောင်ခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရေရရှိမှုတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရွှေဘို-မြစ်ကြီးနားကားလမ်း မိုင်တိုင် (၂၁၃/၂)နှင့် (၂၁၃/၃)ကြား ဟိုပင်မြို့ ကြာကြီးကွင်းကျေးရွာ ကွင်းအမှတ် (၁၉၃/က) တောင်သူ ဦးခင်မောင်၏ မိုးစပါးစိုက်ခင်းသို့ ရောက်ရှိကြရာ စိုက်ပျိုးရေးမန်နေဂျာ ဦးစိန်လွင်နှင့် တောင်သူ ဦးခင်မောင် တို့က မိုးစပါးနှင့် နွေစပါးစိုက်ပျိုးမှု အခြေအနေများနှင့် နွေစပါးကာလတွင် ရေရရှိမှု၊ ကြာကြီးကွင်းဆည်အား ပြန်လည်ပြုပြင်ရေးတို့နှင့် စပ်လျဉ်း၍ တင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဟိုပင်မြို့နယ်တွင် ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါးရာသီတွင် ၃၃၃၂၃ ဧက စိုက်ပျိုးရန်လျာထားသတ်မှတ်ထားသည့်အနက် ယခုအခါ ၂၂၆၁၃ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရွှေဘို-မြစ်ကြီးနား ကားလမ်းမိုင်တိုင် (၂၃၀/၀)၊ မိုးကောင်းမြို့နယ် တောင်နီနှင့်ကညင်မြိုင်ကျေးရွာအကြား မိုးစပါးစိုက်ခင်းသို့ ရောက်ရှိကြရာ မိုးကောင်းမြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဒေါ်ထွေးသန်းက မြို့နယ်၏ မိုးစပါး ထွက်ရှိမှုနှင့် စိုက်ပျိုးသော စပါးမျိုးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များမှာကြားသည်။

စိုက်ပျိုးထား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်

စာမျက်နှာ ၁၃ ကော်လံ ၃ သို့

ချင်းတွင်းမြစ်ရေ ခန္တီးမြို့ စိုးရိမ်ရေမှတ်ကျော်နိုင်

ရန်ကုန် ဇူလိုင် ၂၁

ချင်းတွင်းမြစ်ရေသည် ယနေ့ မြန်မာစံတော်ချိန် နံနက်၆နာရီခွဲ တိုင်းထွာချက်အရ ခန္တီးမြို့တွင် ၁၃၉၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၆၀စင်တီမီတာ အထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း တွဲဖက်အတွင်းရေးမှူး ဦးရဲရင့်ဝင်းနှင့်အလုပ်အမှုဆောင် ဦးထွန်းခိုင်တို့ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Information-Technology Promotion Agency(IPA)အစီအစဉ်ဖြင့် Japan Information-Technology Engineers Examination Center(JITEC)တွင် ကျင်းပမည့် Information-Technology Professional Examination Council (ITPEC) စာမေးပွဲမေးခွန်းများ အပြီးသတ်ပြုစုရေး အစည်းအဝေးသို့တက်ရောက်ရန် ဇူလိုင် ၁၆ရက်က လေကြောင်းခရီးဖြင့် မထွက်ခွာမီ တွေ့ရစဉ်။ (က-ပ)

နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည် နိုင်ငံတော်အတွင်းဥပဒေနှင့်အညီ လွတ်လပ်စွာစည်းရုံးခွင့်၊ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းသည့် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဇူလိုင် ၂၀ရက်ကကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများနှင့်စပ်လျဉ်း၍ အလှည့်ကျသဘာပတိအဖွဲ့ဝင်များ၏ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၃၀ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌက–

"အမျိုးသားညီလာခံက နိုင်ငံရေးပါတီများနဲ့စပ်လျဉ်းပြီး 'နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျ ဖွဲ့စည်းနိုင်ရန် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်မည်'လို့ အခြေခံရမယ့်မူ ချမှတ်ထားပါတယ်။ ချမှတ်ထားတဲ့ အခြေခံမူနဲ့အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် လည်းကောင်း၊ နိုင်ငံသားများကို မှန်မှန်ကန်ကန် ဦးဆောင်မှုပေးနိုင်မယ့် နိုင်ငံရေးပါတီများ ပေါ်ပေါက်လာရေးအတွက်လည်းကောင်း နိုင်ငံရေးပါတီများကို စနစ်တကျ ဖွဲ့စည်းနိုင်ဖို့ ဥပဒေပြဋ္ဌာန်းထားသင့်ပါတယ်။ မိမိတို့နိုင်ငံရဲ့ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဓလေ့ထုံးတမ်းတို့နဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက်များ ပါရှိမှသာ သက်ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းတဲ့အခါ လိုက်နာဆောင်ရွက် နိုင်ကြမှာ ဖြစ်ပါတယ်။ အဲဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းနိုင်အောင် နိုင်ငံရေးပါတီများနဲ့စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံက ချမှတ်ပေးဖို့ လိုအပ်ပါတယ်"လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"ကျွန်တော်တင်ပြခဲ့တဲ့ လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ 'နိုင်ငံရေးပါတီများ'အခန်းနဲ့ စပ်လျဉ်းလို့ ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါတယ်–

၁။ **နိုင်ငံရေးပါတီများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသည်။**

၂။ **နိုင်ငံရေးပါတီတစ်ရပ်သည်–**

(က) **စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်၊**

(ခ) **ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်၊**

(ဂ) **နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်။**

၃။ **နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ–**

(က) **လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်၊**

(ခ) **ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။**

၄။ **နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အောက်ပါအကြောင်း တစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရ–**

(က) **တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊**

(ခ) **နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊**

(ဂ) **နိုင်ငံခြား တိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊**

(ဃ) **ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း။**

၅။ **နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ (ခ)၊(ဂ) သို့မဟုတ် (ဃ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း မှတ်ပုံတင်ခွင့်ပေးနိုင်သော အဖွဲ့အစည်းက တွေ့ရှိလျှင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်။**

၆။ **ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်"**

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ(၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

"နိုင်ငံရေးပါတီများအခန်းနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက်များသည် နိုင်ငံရေးပါတီများ၏ ရေရှည်ရပ်တည်နိုင်ရေးနှင့် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို ထိရောက်စွာ သယ်ပိုးပေးနိုင်မည့် အမျိုးသားရေးအင်အားစုကြီး ဖြစ်လာနိုင်ရေးအတွက် အထောက်အကူပြုစေသည့် စုစည်းတင်ပြချက်များဖြစ်ကြောင်း တွေ့ရှိရသဖြင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ရန် လျော်ကန်သင့်မြတ်ကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အလှည့်ကျသဘာပတိအဖွဲ့ဝင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး နိုင်ငံရေး ပါတီများအခန်းနှင့်စပ်လျဉ်းသည့်ကောက်နုတ်စုစည်းချက်များကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"စုစည်းတင်ပြချက်အပိုဒ် ၆ တွင် ပါရှိသည့်–

ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းသည့် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည် ဟူသောအချက်မှာလည်း ဥပဒေများကို လွှတ်တော်များကသာ ပြဋ္ဌာန်းဆောင်ရွက်နိုင်ခွင့်ရှိသည့်အလျောက် ယခုအဆိုပြုချက်မှာ မလွဲမသွေ ဆောင်ရွက်ရမည့် ကိစ္စဖြစ်၍ လျော်ကန်သင့်မြတ်ပါတယ်။ သို့ရာတွင် ဥပဒေများပြဋ္ဌာန်းရာ၌ နိုင်ငံရေးပါတီများ လိုက်နာရမည့် တာဝန်သတ်မှတ်ချက်များပါရှိသကဲ့သို့ ရှိသင့်ရှိအပ်သည့် လုပ်ပိုင်ခွင့်များ ပါရှိစေရေးအတွက်တို့ကိုပါ အလေးအနက်ထား၍ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားသင့်ပါကြောင်း"ဟုလည်းကောင်း၊

"ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပါတီစုံအထွေထွေ ရွေးကောက်ပွဲစနစ်ဖြင့် ဖော်ဆောင်ရာတွင် နိုင်ငံရေးပါတီများ၏ ရှင်သန်ရပ်တည်နိုင်မှုသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား ဖော်ဆောင်နိုင်မှုများနှင့် ဆက်နွှယ်လျက်ရှိပါတယ်။ သို့ဖြစ်ရာ အရည်အချင်းပြည့်ဝသော ပါတီများအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ရန်လိုအပ်ပါတယ်။

နိုင်ငံရေးပါတီများမှာ ပြည်သူလူထု၏ လိုလားချက်နှင့် ဆန္ဒများကို ညီညွတ်စွာ စုစည်းဖော်ဆောင်နိုင်ရေး ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် နိုင်ငံရေးပါတီများ၏ ဒီမိုကရေစီကို မှန်ကန်စွာ ကျင့်သုံးနိုင်ခွင့်နှင့် ပြည်သူတို့ကို စစ်မှန်စွာ ကိုယ်စားပြုခွင့်ရရှိရန် လိုအပ်ပါတယ်။ နိုင်ငံတကာနှင့် မြန်မာနိုင်ငံ၌ ပေါ်ပေါက်ခဲ့သည့် ပါတီစုံစနစ်အတွေ့အကြုံနှင့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် လေ့လာဆန်းစစ်မှုများကို အခြေခံလျက် နိုင်ငံတော်တွင် ဖော်ဆောင်မည့် ပါတီစုံစနစ်မှာ ဂုဏ်သိက္ခာရှိသော ပါတီစုံစနစ်ဖြစ်ရန်လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို အောင်မြင်စွာ ဖော်ဆောင်နိုင်ရေး၌ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍမှာလည်း အရေးပါသည့် အနေအထားရှိနေပါတယ်။

နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍပေါ်လွင်စေရေးနှင့် မှန်ကန်စွာအသုံးချနိုင်ခွင့် ရရှိရေးတို့အတွက် နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြုခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်သင့်ပါကြောင်း"ဟု လည်းကောင်း တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီက ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းတဲ့ နိုင်ငံရေးပါတီများအတွက် ဦးတည်ချက်များ၊ လိုက်နာရမယ့် သတ်မှတ်ချက်များနှင့် ရပ်တည်ပိုင်ခွင့်မရှိခြင်းတို့နှင့် စပ်လျဉ်းသည့် မူ(၆)ချက်ကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီက–

"နိုင်ငံရေးပါတီများအခန်းနဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံသားတိုင်းဟာ နိုင်ငံရေးအသိရှိရှိဖြင့် ဒို့တာဝန်အရေး (၃)ပါးကို အမြဲတစေ ဦးထိပ်ပန်ဆင်ထားဖို့ လိုအပ်သလို၊ နိုင်ငံရေးပါတီများအနေနဲ့လည်း ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ကာကွယ်ထိန်းသိမ်းကြရန်လိုအပ်ကြောင်း၊ ဒါကြောင့် နိုင်ငံရေးပါတီများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသည်ဟု စုစည်းချက် အပိုဒ် ၁ တွင် ဖော်ပြခဲ့ပါတယ်။ ၎င်းအပိုဒ်ကို အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါတယ်။

နိုင်ငံရေးပါတီများလိုက်နာရမယ့် သတ်မှတ်ချက်များနဲ့စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၂(က) (ခ) (ဂ)တွင်လည်းကောင်း၊ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ စည်းရုံးခွင့်၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်နှင့် စပ်လျဉ်း၍ စုစည်းချက်အပိုဒ် ၃(က) (ခ)တွင် လည်းကောင်း၊ နိုင်ငံရေးပါတီများ ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိခြင်းနှင့် စပ်လျဉ်းပြီး စုစည်းချက်အပိုဒ် ၄(က) (ခ) (ဂ)(ဃ)တွင်လည်းကောင်း၊ အပိုဒ် ၅ တွင် နိုင်ငံရေးပါတီတစ်ရပ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခွင့်ကိုလည်းကောင်း ဖော်ပြချက်များသည် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ စုစည်းတင်ပြထားတဲ့ နိုင်ငံရေးပါတီများ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် စုစည်းတင်ပြထားတဲ့ အမှတ်စဉ်(၁)မှ အမှတ်စဉ်(၆)အထိဟာ ပြည့်စုံညီညွတ်မှုရှိပါသဖြင့် သင့်တော်ပါကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံရေးပါတီများအခန်းနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက် အချက်(၆)ချက်အား အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က–

"လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ပြည့်စုံသော ရှင်းလင်းပြောကြားချက်များသည်

- နိုင်ငံတော်သစ်အတွက် စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊
- နိုင်ငံသားများကို မှန်မှန်ကန်ကန်ဦးဆောင်မှုပေးနိုင်မယ့် နိုင်ငံရေးပါတီများ ပေါ်ပေါက်ရေး၊
- နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရေး၊
- မိမိတို့နိုင်ငံရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေး၊ ဓလေ့ထုံးတမ်း အစဉ်အလာများကို လိုက်နာဆောင်ရွက်နိုင်ရေး၊
- ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေး

စသည်တို့အတွက် ကောင်းကျိုးများပြည့်ဝသည့် နိုင်ငံတော်သစ်အတွက် လျော်ကန်သင့်မြတ်သည်ဟု ယုံကြည်ပါတယ်။

ဒါကြောင့် နိုင်ငံရေးပါတီများအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူများ စုစည်းဖော်ပြထားတဲ့ အချက်(၆)ချက်ကို အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရ ပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက–

"နိုင်ငံရေးပါတီများဟာ မိမိနိုင်ငံရဲ့ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဓလေ့ထုံးတမ်းတို့နှင့်အညီ ပြည်ထောင်စုတစ်ခုလုံးအတွက် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်လည်းကောင်း၊ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးကို ဦးဆောင်ဦးရွက်ပြုပေးနိုင်တဲ့ နိုင်ငံရေးပါတီများဖြစ်ဖို့ လိုအပ်ပါတယ်ဆိုတဲ့ ရှင်းလင်းချက်များဟာ လက်ရှိကျွန်တော်တို့နိုင်ငံ၏ နိုင်ငံရေးပကတိ အခြေအနေများ၊ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိပြီး သင့်မြတ်လှကြောင်းနှင့် ကျွန်တော်တို့ပါတီရဲ့ရပ်တည်ချက်နှင့် ကိုက်ညီမှုရှိကြောင်း လေ့လာတွေ့ရှိတဲ့အတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်များဟာ အနာဂတ်နိုင်ငံတော်ရဲ့ ဖွဲ့စည်းအုပ်ချုပ်မှုစနစ်ရှိ နိုင်ငံရေးပါတီများရဲ့ရပ်တည်မှုကို ပြည့်စုံစွာဖော်ပြပါရှိသဖြင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းစုစည်းချက် (၆)ချက်သည် လျော်ကန်သင့်မြတ်ပါသဖြင့် အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"နိုင်ငံရေးပါတီများ အခန်းနဲ့ ဆက်စပ်ဆက်နွှယ်လျက်ရှိတဲ့ အချက်တစ်ချက်ကို ဆွေးနွေးအကြံပြုတင်ပြလိုပါတယ်။ နိုင်ငံရေးပါတီများသည် မိမိတို့နိုင်ငံရဲ့ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဓလေ့ထုံးတမ်းနှင့်အညီ ပြည်ထောင်စုကြီးတစ်ခုရဲ့ စစ်မှန်ပြီးစည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးကို ဦးဆောင်ဦးရွက်ပြုပေးနိုင်တဲ့ နိုင်ငံရေးပါတီများဖြစ်ဖို့ လိုအပ်ပါတယ်။ ဖြစ်အောင်လည်း ဖွဲ့စည်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အဲဒီလို လုပ်ငန်းတာဝန်များကို ထမ်းဆောင်သွားမယ့် နိုင်ငံရေးပါတီများမှာ မိမိတို့နိုင်ငံရေးပါတီများ ဘက်စုံခိုင်မာတောင့်တင်းပြီး ဖွံ့ဖြိုး တိုးတက်ရေးအတွက် စည်းရုံးလှုပ်ရှားသွားရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီကနေ့ ကြုံတွေ့ရင်ဆိုင်ရတဲ့ ကိစ္စတစ်ရပ်မှာ မည်သည့်လုပ်ငန်းများ၊ မည်သည့်ကိစ္စရပ်များကို ဆောင်ရွက်သည်ဖြစ်စေ 'နိုင်ငံရေးနှင့်ကင်းရှင်းရမည်'ဆိုသည့် ကိစ္စသည် နိုင်ငံရေးပါတီများအတွက် များစွာအနှောင့်အယှက်အဟန့်အတား ဖြစ်စေတဲ့အတွက် အမျိုးသားညီလာခံဦးတည်ချက်(၆)ရပ်အနက် တစ်ရပ်ဖြစ်တဲ့'စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး'ဆိုတဲ့ ဦးတည်ချက်နဲ့ ဆီလျော်ကိုက်ညီမှု မရှိပါသဖြင့် နောင်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမယ့် မိမိတို့နိုင်ငံမှာ ယင်းကိစ္စအား သတ်မှတ်ထားရှိခြင်း မပြုသင့်ပါကြောင်း"၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

စာမျက်နှာ ၄ မှ

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း လေးစောင်အနက်–

- တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်၊
- မြို့ (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေးတင်ပြချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရှာင်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် နိုင်ငံရေးပါတီများအခန်းနှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များအပေါ် ထောက်ခံဆွေးနွေးသွားတာတွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"ကျွန်တော်တို့နိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးနောက် ကျင့်သုံးခဲ့ကြတဲ့ ပါလီမန်ဒီမိုကရေစီနဲ့ဆိုရှယ်လစ်ဒီမိုကရေစီတွေမှာ အားနည်းချက်များနဲ့ ချို့ယွင်းချက်များကို ကြုံတွေ့ခဲ့ကြရပြီး ဖြစ်ပါတယ်။ အဲဒီအားနည်းချက်များနဲ့ ချို့ယွင်းချက်များကြုံတွေ့ရခြင်းအကြောင်းကို လေ့လာလျှင် သမိုင်းကြောင်းအရ ဒီမိုကရေစီအတွေ့အကြုံနည်းပါးသေးခြင်း၊ ပါလီမန်ဒီမိုကရေစီဟု ဆိုသော်လည်း အနှစ်သာရအားဖြင့် တစ်ပါတီအသွင်သဏ္ဌာန်ဖြင့်သာ အုပ်စိုးခဲ့ခြင်း၊ ပြည်သူ၊ ပြည်သားများသည် ဒီမိုကရေစီအခွင့်အရေးနှင့်တာဝန်များကို အသိတရားရှိစွာဖြင့် ခွဲခြားကျင့်သုံးနိုင်သည်အထိ မဖွံ့ဖြိုးသေးခြင်း၊ ပါတီအဖွဲ့အစည်းများကလည်း ဒီမိုကရေစီအခွင့်အရေးများကို တာဝန်သိသိကျင့်သုံးလာနိုင်စေရန် ပြည်သူ၊ ပြည်သားများအား လေ့ကျင့်ပညာပေးနိုင်စွမ်း၊ ဦးဆောင်နိုင်စွမ်းအားနည်းခဲ့ခြင်း၊ ဒီမိုကရေစီအနှစ်သာရများ ပေါ်လွင်အောင် ကျင့်သုံးနိုင်စေမည့် အဆောက်အအုံများ မဖွံ့ဖြိုးသေးခြင်း၊ ပါတီတွင်း ဒီမိုကရေစီလျော့နည်းလာရာမှ ပါတီတွင်းဒီမိုကရေစီ ဆိတ်သုဉ်းသွားခြင်း၊ ဗဟိုဦးစီး ချုပ်ကိုင်မှုများလာခြင်း အစရှိတဲ့အကြောင်းများဟာ အကြောင်းအရာပေါင်း မြောက်မြားစွာအနက် အရေးပါတဲ့အကြောင်းများဖြစ်ပါတယ်။ ဖြတ်သန်းကြုံ တွေ့ခဲ့ရတဲ့ ဖြစ်ရပ်များကို သင်ခန်းစာယူပြီး စစ်မှန်သောပါတီစုံ ဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများ၏ အရည်အချင်းကို သတ်မှတ်ထားရန် လိုအပ်မည်ဟု ယူဆပါတယ်။ နောင်တွင် အငြင်းပွားမှုများ မရှိရလေအောင်–

"ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများ၏ အရည်အချင်းကို သတ်မှတ် ပြဋ္ဌာန်းပေးရမည်။" လို့ အသေးစိတ်အခြေခံရမည့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ပါကြောင်း"ဟုလည်းကောင်း၊

"ပါတီတည်ထောင်ခွင့်နှင့်ပတ်သက်၍ တင်ပြဆွေးနွေးလိုပါတယ်။ ပြည်သူ၊ ပြည်သားကိုအကျိုးပြုသော ပါတီစုံစနစ်ဖြစ်လာစေရန်မှာ နိုင်ငံရေးပါတီများအနေနဲ့ အစိုးရနှင့်ပြည်သူအကြား ပေါင်းကူးဆက်သွယ်ပေးသော တံတားများသဖွယ်ဖြစ်သင့်ပါတယ်။ ထို့အပြင် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဓလေ့ထုံးတမ်းများနှင့်ပတ်သက်၍ ပြည်သူ့အကျိုးစီးပွားနှင့် ကိုက်ညီမယ့် မူဝါဒများ၊ လုပ်နည်းလုပ်ဟန်များကို ချမှတ်ပေးနိုင်တဲ့ ပါတီများဖြစ်ရန်လိုအပ်ပါတယ်။ ပါတီတစ်ရပ်ရပ်တွင် ရှိသင့်၊ ရှိထိုက်သောလမ်းညွှန်သဘောတရားများ၊ အခြေခံလမ်းစဉ်နှင့် ကျင့်စဉ်များလည်း ရှိသင့်ပါတယ်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို ဖွဲ့စည်းရာမှာ တစ်နိုင်ငံလုံးကိုလွှမ်းခြုံနိုင်တဲ့ပါတီများ ရှိမှာဖြစ်သလို နယ်မြေဒေသအလိုက် ကိုယ်စားပြုသောပါတီများ၊ တိုင်းရင်းသားလူမျိုးနွယ်စုများကို ကိုယ်စားပြုသောပါတီများကိုလည်း ဖွဲ့စည်းခွင့် ပြုစေသင့်ပါတယ်။

သို့ဖြစ်၍ ပြည်ထောင်စုလွှတ်တော်မှ နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းတဲ့ ဥပဒေ၊ နည်းဥပဒေများကိုပြဋ္ဌာန်းတဲ့အခါမှာ ပြည်ထောင်စုတစ်ခုလုံးအတွက် သော်လည်းကောင်း၊ နယ်မြေဒေသအလိုက်သော်လည်းကောင်း နိုင်ငံရေးပါတီများ တည်ထောင်ခွင့်ရှိစေရန်အတွက် ထည့်သွင်းစဉ်းစားပေးသင့်ပါကြောင်း"ဟုလည်းကောင်း၊

"နိုင်ငံရေးပါတီတစ်ရပ်ရပ် ရပ်တည်ပိုင်ခွင့်မရှိခြင်းနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုတင်ပြလိုပါတယ်။ အထက်တွင်ဖော်ပြခဲ့တဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအခန်းပါ အခြေခံရမယ့်မူများနည်းတူ နိုင်ငံရေးပါတီတစ်ရပ်ရပ်ကို မဖျက်သိမ်းမီ မှတ်ပုံတင်ခွင့်ပေးနိုင်သော အဖွဲ့အစည်းက မိမိ၏စွပ်စွဲချက်များနှင့်ပတ်သက်၍ အထောက်အထားများ၊ သက်သေများကိုတင်ပြပြီးမှ စွပ်စွဲစေသင့်ပါတယ်။ ၎င်းစွပ်စွဲချက်နှင့်ပတ်သက်၍ စွပ်စွဲခံရသည့် နိုင်ငံရေးပါတီတစ်ရပ်ရပ်အား ပြန်လည်ခုခံချေပခွင့်ပေးသင့်ပါတယ်။ တာဝန်ရှိသူများအနေနဲ့လည်း စွပ်စွဲချက်နှင့် ပြန်လည်ချေပချက်တို့ကို အကျေအလည်သုံးသပ်ပြီးမှသာ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်သင့်ပါတယ်။ အယူခံခွင့်လည်း ပေးထားသင့်ပါတယ်။ နောင်အနာဂတ် နိုင်ငံတော်သစ်တွင် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ဆက်လက်တည်တံ့နိုင်ရေးအတွက် နိုင်ငံရေးပါတီများ ရှင်သန်နေရန် လိုအပ်ရာ၊ နိုင်ငံရေးပါတီများအား တစ်ဖက်သတ် စွပ်စွဲပြစ်တင်ပြီး အရေးယူခြင်းမျိုး မပြုလုပ်သင့်ဟုလည်း ထင်မြင်ယုံကြည်ယူဆပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီတစ်ရပ်ရပ် ရပ်တည်ပိုင်ခွင့် မရှိခြင်းနှင့်ပတ်သက်၍ ယင်းပါတီမှ ဖြေရှင်းထုချေခွင့်နှင့် အယူခံပိုင်ခွင့်အတွက် အခွင့်အရေးများကို နောင်ဖြစ်ပေါ်လာမည့် ပြည်ထောင်စုလွှတ်တော်တွင် လိုအပ်တဲ့ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပြီး လိုက်နာဆောင်ရွက်စေသင့်ပါကြောင်း"ဟုလည်းကောင်း၊

"နိုင်ငံရေး ပါတီများဟာ နိုင်ငံတော်၏အကျိုး၊ ပြည်သူများရဲ့အကျိုးကို ဦးလည်မသုန် ဆောင်ရွက်ပေးကြဖို့တာဝန်ရှိကြပါတယ်။ မိမိတို့နိုင်ငံရဲ့ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဓလေ့ထုံးတမ်းတို့နဲ့အညီ ပြည်ထောင်စုကြီးတစ်ခုလုံးအတွက်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်လည်းကောင်း၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးကို ဦးဆောင် ဦးရွက် ပြုပေးနိုင်မယ့် နိုင်ငံရေးပါတီများဖြစ်ဖို့ လိုအပ်ပါတယ်။ ထို့အတူ နိုင်ငံရေးပါတီဝင်များရော၊ ပါတီကိုဦးဆောင်ဦးရွက်ပြုတဲ့ ပုဂ္ဂိုလ်များပါ ရိုးသားသူများဖြစ်ပြီး၊ အကျင့်သီလကောင်းမွန်သူများဖြစ်သင့်ပါတယ်။ ဒါပေမယ့် ၎င်းတို့ဟာလည်း လူသားများပင်ဖြစ်ရာ အခါအားလျော်စွာ ပါတီတွင်းမှာဖြစ်စေ၊ ပါတီပြင်ပမှာဖြစ်စေ အမှားများ၊ ပြစ်မှုများ ကျူးလွန်မိတတ်ကြမှာ ဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေ၊ အထူးသဖြင့်ပါတီတွင်း ကိစ္စများကို ပါတီအတွင်းမှာသာ ဖြေရှင်းစေသင့်ပါတယ်။ ကျူးလွန်သော ပြစ်မှုတစ်ခုခုအတွက် ပါတီဝင်တစ်ဦးဦး သို့မဟုတ် ပါတီခေါင်းဆောင်တစ်ဦးဦးအား မှတ်ပုံတင်ခွင့်ပေးနိုင်သော အဖွဲ့အစည်းက တိုက်ရိုက်အရေးယူခြင်းမျိုး မပြုလုပ်သင့်ပါ။ သက်ဆိုင်ရာ နိုင်ငံရေးပါတီဦးဆောင်အဖွဲ့နှင့်ညှိနှိုင်းပြီး ပါတီဦးဆောင်အဖွဲ့မှသာ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်စေသင့်ပါတယ်။ သို့ဖြစ်၍ နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားသင့်ပါကြောင်း" ဟုလည်းကောင်း တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်ပါ သုံးဦးတို့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) မှ ဦးတင်ထွန်းမောင်တို့က–

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် နိုင်ငံရေးပါတီများအခန်းနဲ့ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက် အချက်(၆)ချက်အပေါ် ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။

အလှည့်ကျ သဘာပတိအဖွဲ့ဝင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှဦးမောင်လှ(ခေါ်) ဦးလှမြင့် နိုင်ငံရေး ပါတီများ အခန်းနှင့် စပ်လျဉ်းသည့်ကောက်နုတ် စုစည်းချက်များကို ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

ဒါ့အပြင် နိုင်ငံရေးပါတီများအနေနဲ့ မိမိပါတီရဲ့ အကျိုးစီးပွားထက် နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့အကျိုးကို ဦးစားပေးတဲ့ပါတီများ ဖြစ်သင့်ပါတယ်။ နိုင်ငံတော်နဲ့နိုင်ငံသားများ အကျိုးရှိမည်ဆိုပါက မိမိပါတီ အာဏာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အတိုက်အခံပါတီများနဲ့ ပူးပေါင်းဆောင်ရွက်တတ်တဲ့ သဘောထားပြည့်ဝတဲ့ နိုင်ငံရေးပါတီများ ဖြစ်သင့်ပါတယ်။ အလားတူ အာဏာရ နိုင်ငံရေးပါတီကလည်း ပြိုင်ဘက်နိုင်ငံရေးပါတီများအပေါ် အနိုင်အထက်ပြုခြင်း၊ တစ်ပါတီအာဏာရှင်ဆန်ဆန် ပြုမူခြင်းတို့မှ ရှောင်ရှားစေသင့်ပါတယ်။ ဒါကြောင့် အတိတ်သမိုင်းမှာ ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်များကို သင်ခန်းစာယူပြီး အနာဂတ်နိုင်ငံတော်အတွက် လျော်ကန်သင့်မြတ်တဲ့ အခြေခံမူများကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းပေးထားရမှာဖြစ်ပါကြောင်း"တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ နိုင်ငံရေးပါတီများအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံမူ အမှတ်စဉ် ၁ မှ အမှတ်စဉ် ၆ အထိနဲ့စပ်လျဉ်း၍ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်နိုင်ရန် အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြအပ်ပါတယ်"လို့ ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မယ့် နိုင်ငံရေးပါတီများ အခန်းနဲ့စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက် (၆)ချက်အပေါ် ထောက်ခံဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က–

"ယခုချမှတ်ကြမယ့် အခြေခံမူများဟာ နိုင်ငံတကာမှာ လက်တွေ့ကျင့်သုံးနေတဲ့ ကမ္ဘာသုံးမူများဖြစ်ပါတယ်။ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံရေးပါတီများအခန်းအတွက် ဒီအခြေခံမူတွေ ရရှိရေးအတွက် နိုင်ငံတကာအတွေ့အကြုံရော၊ မြန်မာနိုင်ငံရဲ့ အတိတ်သမိုင်း အတွေ့အကြုံများကိုပါ စေ့ငုစုံလင်စွာ လေ့လာဆန်းစစ်သုံးသပ်ပြီး ဓမ္မဓိဋ္ဌာန်ကျကျ တင်ပြထားတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြထားတဲ့ အခြေခံမူများကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်
နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံရေးပါတီများအခန်းနဲ့စပ်လျဉ်းပြီး ချမှတ်သင့်တဲ့အသေးစိတ်အခြေခံရမယ့်မူအချက်(၆)ချက်ကို နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"နိုင်ငံရေးပါတီများအခန်း၌ အသေးစိတ်အခြေခံရမယ့်မူများ အပိုဒ်(၂)တွင် နိုင်ငံရေးပါတီတစ်ရပ်ရပ်သည်–

'(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်။'

(ဂ) နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီဖွဲ့စည်းမှတ်ပုံတင်ထားရမည်" ဟုဖော်ပြထားရာ အပိုဒ်(ဃ)အနေဖြင့် **"နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေရန် တာဝန်ရှိသည်"**ဟု ဖြည့်စွက်အကြံပြုပါသည်။

ထိုသို့အကြံပြုရခြင်းမှာ ပါတီစုံဒီမိုကရေစီထွန်းကားရေးကို ဦးဆောင်ဦးရွက်ပြုနိုင်သော၊ အရည်အသွေးပြည့်ဝပြီး ခိုင်မာသည့် နိုင်ငံရေးပါတီများ ပေါ်ထွန်းလာရေးအတွက်လည်းကောင်း၊ နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို အစဉ်အမြဲ စောင့်သိရိုသေရန်မှာ မရှိမဖြစ်လိုအပ်သောကြောင့်လည်းကောင်း အကြံပြုတင်ပြရခြင်းဖြစ်ပါသည်"လို့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က–

"နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူ (၆)ချက်အား အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေရဲ့ အားနည်းချက်၊ အားသာချက်ကြောင့်လည်း နိုင်ငံရေးပါတီဖွဲ့စည်းမှုဦးရေ အနည်းအများ ဖြစ်ပေါ်နိုင်ပါတယ်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေရေးဆွဲ ပြဋ္ဌာန်းရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ပါတီစုံအထွေထွေ ရွေးကောက်ပွဲများမှာ နိုင်ငံရေးပါတီငယ်များ မှိုလိုပေါက်နေပါက မဲဆန္ဒရှင်များအနေနှင့် ရွေးရခက်ခြင်း၊ လွှတ်တော်များတွင်လည်း ပါတီအလိုက် မဲများပျံ့နှံ့နေသဖြင့် မဲအများစုရရှိရန် ခက်ခဲခြင်းတို့ကြောင့် အစိုးရအဖွဲ့ မတည်ငြိမ်ခြင်းတို့ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် တောင့်တင်းခိုင်မာတဲ့ ပါတီကြီး အနည်းငယ်သာ ရှိစေသင့်တဲ့အတွက် ဖွဲ့စည်းမှုကို ကန့်သတ်ခြင်းပဲ ဖြစ်ပါတယ်။

အဲဒီလို ပါတီဖွဲ့စည်းမှု ကန့်သတ်ထားရာမှာ တချို့နိုင်ငံများမှာတော့ တစ်နိုင်ငံလုံးမဲဆန္ဒနယ်ရဲ့ ထက်ဝက်ကျော်မှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှု ပါတီရဲ့ နိုင်ငံရေးမူဝါဒနှင့်လမ်းစဉ် ကြေညာနိုင်မှု၊ တရားဝင် ပါတီဝင်အင်အား သတ်မှတ်ပေးမှု၊ ပါတီရန်ပုံငွေ ရရှိသုံးစွဲတဲ့ နည်းလမ်းများ ပြဋ္ဌာန်းနိုင်မှု၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ပါတီဝင်အင်အား စစ်ဆေးခြင်းကို လက်ခံနိုင်မှုများနဲ့ ဥပဒေပြဋ္ဌာန်း ကန့်သတ်ထားသင့်ပါတယ်။

အတွက် နိုင်ငံတကာအတွေ့အကြုံရော၊ မြန်မာနိုင်ငံရဲ့ အတိတ်သမိုင်း အတွေ့အကြုံများကိုပါ စေ့ငုစုံလင်စွာ လေ့လာဆန်းစစ်သုံးသပ်ပြီး ဓမ္မဓိဋ္ဌာန်ကျကျ တင်ပြထားတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြထားတဲ့ အခြေခံမူများကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်များဟာ ကျိုးကြောင်းဆီလျော်မှုရှိပြီး အနာဂတ်နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတို့အတွက် အမျိုးသားညီလာခံရဲ့ ဦးတည်ချက် (၆)ရပ်နှင့်အညီ ရှင်းလင်းတင်ပြထားတာကို တွေ့ရှိရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှာပါဝင်တဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များက အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြချက်မှာပါဝင်တဲ့

- ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် အခြေခံမူ (၁၄)ချက်နှင့် ခြွင်းချက်အချက် (၁)ချက်၊
- နိုင်ငံရေးပါတီများအခန်းအတွက် အခြေခံမူ (၆) ချက်၊
- အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ အခန်းအတွက် (၂၃)ချက်တို့အား လေးလေးနက်နက် ထောက်ခံပါကြောင်း" ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

"လက်ရှိကျွန်တော်တို့ ရေးဆွဲနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်မှာဖြစ်လို့ အတိတ်က သင်ခန်းစာများကိုယူပြီး ယခင်ကပေါ်ပေါက်ခဲ့ဖူးတဲ့ နိုင်ငံရေးပါတီများရဲ့ အားနည်းချက်ကို တိုင်းပြည်နဲ့လူမျိုးက ခါးစည်းခံရတာမျိုး ထပ်မဖြစ်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထိန်းကျောင်းကာကွယ်ပြဋ္ဌာန်းပေးရန် လိုအပ်ပါတယ်။

နိုင်ငံတော်ရဲ့အကျိုး၊ ပြည်သူများရဲ့အကျိုးကို ဦးလည်မသုန်ဆောင်ရွက်ပေးကြဖို့ တာဝန်ရှိတဲ့ နိုင်ငံရေးပါတီများဟာ မိမိပါတီအတွင်းမှာ ဖြစ်စေ၊ အခြားသောပါတီနဲ့ဖြစ်စေ မလွှဲမရှောင်သာ ပဋိပက္ခများပေါ်ပေါက်တတ်တာဟာ သဘာဝတစ်ခုဖြစ်ပါတယ်။ ဒီပဋိပက္ခများကို ကြီးထွားမလာအောင်၊ ပြေလည်သွားအောင် ဒီမိုကရေစီနည်းလမ်းများအရ ဥပဒေများနဲ့အညီ စနစ်တကျထိန်းသိမ်းနိုင်စွမ်းရှိဖို့ လိုအပ်ပါတယ်။ တူတာကိုလက်ခံနိုင်ဖို့၊ မတူတာကို ရန်သူအဖြစ် မသတ်မှတ်ဖို့၊ တူတာချင်းလက်တွဲပူးပေါင်းဆောင်ရွက်နိုင်ဖို့ဆိုတဲ့ ဒီမိုကရေစီကျင့်စဉ်လုပ်ထုံးများကို နှလုံးသွင်း ကျင့်ကြံသင့်ပါတယ်။ တစ်ဖက်ကလည်း ပဋိပက္ခများကြောင့် နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုးတို့ကို မထိခိုက်အောင် တားဆီးကာကွယ်ဖို့ ထိရောက်တဲ့အစီအမံများ ပါရှိသင့်ပါတယ်။ သို့ဖြစ်ပါ၍ **"ပါတီတစ်ခုအတွင်း၌ဖြစ်စေ၊ ပါတီများအတွင်း၌ဖြစ်စေ စိတ်ဝမ်းကွဲပြားပြီး ပဋိပက္ခများဖြစ်ပွား၍ ထိုသို့ဖြစ်ပွားခြင်းသည် နိုင်ငံတော်၏ နိုင်ငံရေး၊ လုံခြုံရေးနှင့် စီးပွားရေး တည်ငြိမ်မှုကို ထိခိုက်နစ်နာစေမည့် အန္တရာယ်သို့ ဦးတည်လာခြင်း မဖြစ်စေရေးအတွက် နိုင်ငံရေးပါတီများအနေနှင့် သတိထားသင့်၊ ထိန်းသိမ်းဆောင်ရွက်သင့်ကြောင်း"**အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

မွန်မြတ်မှန်ကန်သည့် ရည်ရွယ်ချက်၊ အခြေခံမူနှင့် လက်တွေ့လုပ်ငန်းစဉ်များ လူငယ်များအတွင်း စိမ့်ဝင်ပျံ့နှံ့ အသင်းဝင်များ နယ်မြေဒေသအသီးသီး၏အကျိုး ပိုမိုသယ်ပိုးနိုင်ရန် လေ့ကျင့်မှုများပြုလုပ်ပေး အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းရေး အမျိုးသားရေးအင်အားစုကြီးအဖြစ် အစဉ်ရပ်တည်

ရန်ကုန် ဇူလိုင် ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဌာနချုပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်း နည်းပြများ၊ သင်တန်းသား သင်တန်းသူ များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဆင်း အမှာစကားပြောကြား ရာတွင် နိုင်ငံသားအားလုံး မိမိနိုင်ငံကို ချစ်မြတ်နိုးသည့်စိတ်၊ မိမိနိုင်ငံကို ဖွံ့ဖြိုးတိုးတက် ကောင်းစားလိုစိတ်ရှိကြ စမြဲဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ကို ချစ်မြတ် နိုးသည့် မြန်မာတိုင်းရင်းသား အားလုံးသည်လည်း မြန်မာနိုင်ငံတော် ကြီးကို ဖွံ့ဖြိုးတိုးတက် ကောင်းစားလို သည့်စိတ်ဆန္ဒများရှိကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကြီးကိုဖွံ့ဖြိုးတိုးတက်ကောင်း စားရန်အတွက် ကြိုးပမ်း ဆောင်ရွက် ရာတွင် တိကျခိုင်မြဲသည့် ရည်မှန်းချက် ချမှတ်ထားရှိပြီး ဆောင်ရွက်ကြရခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး အေးချမ်း သာယာရန်၊ နိုင်ငံတကာနှင့် ရင်ပေါင် တန်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီ နိုင်ငံတော်ကြီးပေါ်ထွန်းလာစေရန်တို့ သည် တိုင်းရင်းသား ပြည်သူအားလုံး တညီတညွတ်တည်း ယုံကြည်လက်ခံ ထားကြသည့် အမျိုးသားရေး ရည်မှန်း ချက် ပန်းတိုင် ဖြစ်ကြောင်း။

ခံယူကျင့်သုံး

တိုင်းရင်းသားအားလုံး ယုံကြည် မျှော်မှန်းထားသည့် အမျိုးသားရေး ရည်မှန်းချက် ပန်းတိုင်ကို ရအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင် စေရန် နိုင်ငံတော်၏ ပကတိအခြေ အနေနှင့် ကိုက်ညီမှုရှိသည့် မွန်မြတ် မှန်ကန်သည့်မူ ရှိရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ် အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် ဘယ်သူ ကမှ မငြင်းနိုင်သည့် ဝိဝါဒ ကွဲပြားစရာ မလိုသည့် သမိုင်းက ပေးလာသည့် အမျိုးသားရေး ဝါဒဖြစ်ကြောင်း၊ နိုင်ငံ တော်သစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံသားတိုင်း အမျိုးသားရေးမူဝါဒအဖြစ် ခံယူကျင့်သုံး နေကြခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်သစ်ထူထောင်ရာတွင် လက်တွေ့ကျသည့်နည်းလမ်းများလည်း ရှိရမည်ဖြစ်ကြောင်း။ နိုင်ငံတော်က ချမှတ်ထားသည့် နိုင်ငံရေးနည်းလမ်း၊ စီးပွားရေးနည်းလမ်း၊လူမှုရေးနည်းလမ်း (၁၂)သွယ်သည် မျှော်မှန်းထားသည့် အနာဂတ် နိုင်ငံတော်သစ်ကြီးပေါ်ထွန်း လာစေရန်အတွက်နိုင်ငံတော်၏ ပကတိ အခြေအနေများနှင့် ကိုက်ညီသည့် လက်တွေ့ကျသည့် နည်းလမ်းများဖြစ် ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုရရှိနေ

မိမိတို့အားလုံးတွင် တိကျသည့် ရည်မှန်းချက် ပန်းတိုင်၊ တစ်မျိုးသားလုံး ခံယူကျင့်သုံးရမည့်မူ၊ ပကတိအခြေ အနေနှင့် ကိုက်ညီမှုရှိပြီး လက်တွေ့ ကျသည့် နည်းလမ်းများရှိပြီး ဖြစ် ကြောင်း။ နိုင်ငံတော်အစိုးရ၊ တပ်မတော် နှင့် ပြည်သူတွေ၏ ပူးပေါင်းဆောင် ရွက်မှုများကြောင့် ဘယ်ခေတ် ဘယ် အခါကနှင့်မှမတူသည့် တည်ငြိမ်အေး ချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီ ဆိုသည်ကိုအားလုံးအသိပင်ဖြစ်ကြောင်း။

လက်ရှိကာလသည် နိုင်ငံတော် ကြီးကို ပြည်သူများလိုလားတောင့်တ နေကြသည့် အေးချမ်းသာယာမှုရှိစေ ရေး၊ အစဉ်ခေတ်မီဖွံ့ဖြိုးတိုးတက်စေ ရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် ပုံဖော်တည်ဆောက်နေသည့်ကာလဖြစ် ကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက် ရေးအတွက် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက် ခွင့်ရသည့် အခွင့်အခါကောင်းနှင့် ကြုံ ကြိုက်နေသည့် ကာလဖြစ်ကြောင်း။

နိုင်ငံတော်တည်ဆောက်ရေး လုပ် ငန်းစဉ်ကြီးသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါးကို ဆက်စပ် ပြီး စဉ်ဆက်မပြတ် ဆက်စပ် အကောင် အထည်ဖော်ရသည့် လုပ်ငန်းစဉ်ကြီး ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အတိတ် သမိုင်းကြောင်းတစ်လျှောက် ဖြစ်ပျက်ခဲ့ သမျှ အကောင်းအဆိုး ဖြစ်စဉ်တွေ၏ ဂယက် ရိုက်ခတ်မှုအပေါ် ဆန္ဒစွဲ၊ အတ္တစွဲ၊ ဝါဒစွဲ၊ မာနစွဲကင်း ကင်းနှင့် နိုင်ငံသားအားလုံး၏ အကျိုး အတွက် မှန်ကန်စွာ ရှုမြင်သုံးသပ်ပြီး မိမိတို့ မျှော်မှန်း တောင့်တနေကြသည့် အနာဂတ်နိုင်ငံတော်သစ်ကြီး ပေါ်ထွန်း လာစေရန် ပစ္စုပ္ပန်ကာလတွင် မွန်မြတ် သည့် စိတ်ရင်းစေတနာကောင်းနှင့် ကြိုးပမ်းအကောင်အထည်ဖော်နေကြ ခြင်းဖြစ်ကြောင်း၊ အတိတ်ကာလဖြစ် ပျက်မှုများအပေါ် အခြေခံပြီး နိုင်ငံ တော်နှင့် နိုင်ငံသားအားလုံးအတွက် ရေရှည်အကျိုးအရှိဆုံးရလဒ်ကောင်းများ ရရှိအောင် စဉ်ဆက်မပြတ် ဆောင်ရွက် နေကြခြင်း ဖြစ်ကြောင်း။

ကြုံတွေ့ခဲ့ကြရ

လွတ်လပ်ရေးရပြီးစ မြန်မာ့သမိုင်း ကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များကို ဝိုင်းဝန်းလုပ်ဆောင်ကြရမည့် အစား ဝါဒအစွဲသန်သူများ၊ လူမျိုး ရေးအစွဲသန်သူများ၊ အတ္တစွဲ၊ မာနစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲသန်သူများကြောင့် စိတ်ဝမ်းကွဲမှု၊ ပဋိပက္ခဖြစ်မှုတွေနှင့် အချိန်ကုန်ခဲ့ကြရသည့် ဖြစ်စဉ်များ လက်နက်ကိုင် ဆူပူသောင်းကျန်းမှု များကြောင့် ပြည်သူတွေ၏ အသက် အိုးအိမ် စည်းစိမ်များ ဆုံးရှုံးပျက်စီး ခဲ့ရသည့် ဖြစ်စဉ်များကို ကြုံတွေ့ခဲ့ကြ ရပြီး ဖြစ်ကြောင်း။

မဝေးကွာသေးသည့် ၁၉၈၈ခုနှစ် တွင်လည်း ဒီမိုကရေစီရေးနှင့် လူ့အခွင့် အရေးကို ကြွေးကြော်ပြီး အာဏာကို ဖြတ်လမ်းက ရယူလိုသည့် လူပုဂ္ဂိုလ်တွေ နှင့် ပါတီအဖွဲ့အစည်းအချို့၏ ဖန်တီးမှု တွေနှင့် ပြည်ပက အဖွဲ့အစည်းအချို့၏ သွေးထိုး လှုံ့ဆော်မှုများကြောင့် စည်းမဲ့ ကမ်းမဲ့၊ ဥပဒေမဲ့၊ မင်းမဲ့စရိုက်များ ပေါ်ပေါက်လာခဲ့ပြီးတည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရကာ စိတ်ပိုင်းနှင့် ရုပ်ပိုင်း ဆိုင်ရာ ဆုံးရှုံးပျက်စီးမှု အနိဋ္ဌာရုံအဖြစ် ဆိုးများ ကြုံတွေ့ခဲ့ရသည်ကိုလည်း ပြည်သူတစ်ရပ်လုံး ခံစားခဲ့ကြရပြီး ဖြစ်ကြောင်း။

သိမြင်ခံစား

တည်ငြိမ်အေးချမ်းမှု ပျက်ပြားရင် နိုင်ငံသားများကိုယ်တိုင် ကြိုးပမ်း တည် ဆောက်ထားကြသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၊ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းများ၊ အရှိန်ရနေသည့် နယ် မြေဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များ၊ ထိခိုက် နစ်နာဆုံးရှုံးမှုများ ဆက်စပ်ပေါ်ပေါက် လာမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေး ချမ်းမှုမရှိသည့်အတွက် ပေါ်ပေါက် လာသည့် အနိဋ္ဌာရုံ အဖြစ်ဆိုးများကို တည်ငြိမ်အေးချမ်းမှုမရှိခဲ့သည့် နယ်မြေ ဒေသတိုင်းမှာ ရှိခဲ့ကြသည့် နယ်မြေ လူထုတစ်ရပ်လုံး သိမြင်ခံစားခဲ့ကြရ ပြီးဖြစ်ကြောင်း။

ခေတ်အဆက်ဆက်၊အစိုးရအဆက် ဆက်မှာ ပြည်သူများလိုလား တောင့်တ နေကြသည့်နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြ ကြောင်း၊သို့ပါ၍ ယနေ့ ယခုအချိန်အခါ လောက် တည်ငြိမ်အေးချမ်းမှု မရခဲ့ဘူး ဆိုသည်ကို မှန်ကန်စွာ ရှုမြင်နိုင်ကြရ မည်ဖြစ်ကြောင်း၊ရရှိပြီးဖြစ်သည့်တည်ငြိမ် အေးချမ်းမှုကို ရေရှည်တည်တံ့ ခိုင်မြဲ အောင် ပြည်သူ တစ်ရပ်လုံး ဝိုင်းဝန်း ကာကွယ် စောင့်ရှောက်သွားရမည်ဖြစ် ကြောင်း။

တည်ငြိမ်အေးချမ်းမှုရရှိလာသည် နှင့်အမျှ နိုင်ငံတစ်ဝန်းလုံး ကွက်လပ် မကျန်ဖွံ့ဖြိုးတိုးတက်စေရန် အထူးဒေသ ကြီး (၂၄)ခုစီမံကိန်း၊နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းနှင့် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက် ရေးစီမံကိန်းများ ချမှတ်ပြီးကိုယ်ပိုင်စွမ်းအားနှင့်လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြ ကြောင်း၊ အရင်က တည်ငြိမ်အေးချမ်းမှု မရှိသည့်အတွက်အဆောက်အအုံကောင်း ကောင်းတောင် မဆောက်နိုင်ကြသည့် နေရာများ၌ တိုက်တာအဆောက်အအုံ များနှင့် မြို့ကြီးပြကြီးများ ထူထောင်ပြီး ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ နေနိုင် ကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း တောင်နှင့်မြောက်၊ အရှေ့နှင့်အနောက် ကွန်ရက်သဖွယ် ပေါ်ပေါက်လာသည့် ကားလမ်းကြီးများ၊ မီးရထားလမ်းများ၊ လေဆိပ်ကြီးများ၊တံတားကြီးများ၊စာသင် ကျောင်းများ၊တက္ကသိုလ်ကြီးများ၊ဆေးရုံ ကြီးများနှင့် ဆေးပေးခန်းများကလည်း ပြည်ထောင်စုကြီးတစ်ခုလုံး၏ ဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုနေပြီ ဖြစ်ကြောင်း။

ပြည်ထောင်စုကြီးတစ်ခုလုံးရေရှည် တည်တံ့ခိုင်မြဲစေရန်နှင့် အစဉ်ဖွံ့ဖြိုး တိုးတက်စေရန်အတွက် အခြေခံလိုအပ် ချက်များဖြစ်သည့် နိုင်ငံတော် တည်ငြိမ် ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး နှင့် အမျိုးသားပညာရည် မြင့်မားရေး အတွက်လည်းကြိုးပမ်းဆောင်ရွက်နေကြ ပြီ ဖြစ်ကြောင်း။

ရရှိနေသည့် တည်ငြိမ်အေးချမ်းမှု နှင့် ဖွံ့ဖြိုးတိုးတက်မှုများသည် ပြည်ပ၏ ကူညီထောက်ပံ့မှုများမပါဘဲ ပြည်တွင်း က စစ်မှန်သည့်အားများဖြစ်ကြသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား ပြည်သူအားလုံး ကြိုးပမ်း ဆောင်ရွက်ရာက ပေါ်ပေါက်လာသည့် အကျိုးတရားများဖြစ်ကြောင်း၊ပေါ်ပေါက် လာသည့်အကျိုးတရားများသည် မိမိတို့ မျှော်မှန်းထားသည့် ဒီမိုကရေစီနိုင်ငံ တော်သစ်ဆီကို ရှေးရှု ဦးတည်နေပြီဖြစ် ကြောင်း၊ မိမိတို့အားလုံး ကြည်လင်သည့် အမြင်နှင့်ရှုမြင်သုံးသပ်ပြီး ဆက်လက် ကြိုးပမ်းသွားကြမည် ဖြစ်ကြောင်း။

ရှေးရှုချမှတ်ထား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းကြီးကို နိုင်ငံတော်တည်ငြိမ် ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် များတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်း ပါဝင်ဆောင်ရွက်နိုင်စေရန် ယုံကြည် ချက်၊ ခံယူချက်မှန်ကန်ပြီး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိသည့် လူငယ်လူရွယ် များကို အခြေခံပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ် ကြောင်း၊မိမိတို့အသင်းကြီး၏ ရည်ရွယ် ချက်များဖြစ်သည့် ပြည်ထောင်စု မပြိုကွဲ ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ နိုင်ငံတော် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး ရှေးရှုလျက် မျိုးချစ် စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး ဆိုသည့် ရည်ရွယ်ချက် (၅)ရပ်သည် အသင်းကြီးအတွက်သာမက နိုင်ငံတော် နှင့် ပြည်ထောင်စုဖွား တိုင်းရင်းသား များ၏ ရေရှည်အကျိုးစီးပွားအတွက် ရှေးရှုချမှတ်ထားတာ ဖြစ်သည့်အတွက် ရည်ရွယ်ချက်တိုင်း အောင်မြင်အောင် အစဉ်ကြိုးပမ်း ဆောင်ရွက်နေကြရမည် ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်သစ် တည် ဆောက်ရေး အမျိုးသားရေးတာဝန်ကို ဦးလည်မသုန် ထမ်းဆောင်ကြမည့် အသင်းဝင်များသည်စိတ်ဓာတ်၊စည်းကမ်း၊ ကြံ့ခိုင်၊ စည်းလုံးဆိုသည့် ဆောင်ပုဒ် အတိုင်း စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းလိုက်နာမှု၊ ခိုင်မြဲသည့်ကြံ့ခိုင် စွမ်းရည်ရှိမှု၊ ကျစ်လျစ်ခိုင်မာသည့် စည်းလုံးညီညွတ်မှုများနှင့် နိုင်ငံတော်နှင့် ပြည်သူများ အကျိုးစီးပွားအတွက် နယ်မြေလူထုနှင့်လက်တွဲပြီးဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ယုံကြည် ချက်၊ ခံယူချက် မြင့်မားခိုင်မာသူများဖြစ် ကြသည့်အတိုင်း အနာဂတ်ကာလပေါ် ထွန်းလာမည့် ဒီမိုကရေစီနိုင်ငံတော် သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားရေး အင်အားစုကြီးအဖြစ် အစဉ်ရပ်တည် ကြိုးပမ်းဆောင်ရွက်သွား ကြမည်ဖြစ်ကြောင်း။

သင်ယူလေ့လာ

အသင်းကြီးက နှစ်စဉ်ချမှတ်ထား သည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ပြည်သူများ အကျိုးအတွက် ရှေးရှု ဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက်အသင်း ကြီး၏ မွန်မြတ်မှန်ကန်သည့် ရည်ရွယ် ချက်၊ အခြေခံမူ၊ လက်တွေ့လုပ်ငန်းစဉ် များသည် လူငယ်များအတွင်း၊ ပြည်သူ များအတွင်း စိမ့်ဝင်ပျံ့နှံ့ပြီး ပူးပေါင်း ဆောင်ရွက်မှုများကိုလည်း တိုးတက်ရရှိ နေပြီဖြစ်ကြောင်း၊ အသင်းဝင်အင်အား သည်လည်း ၂၄သန်းအထိ တိုးတက်လာ ခဲ့ပြီဖြစ်ကြောင်း၊ တိုးတက်များပြားလာ သည့် အသင်းဝင်များအနေနှင့် မိမိတို့ နယ်မြေဒေသ အသီးသီး၏ အကျိုးကို ပိုမိုသယ်ပိုး ဆောင်ရွက်နိုင်ကြစေရန် ဌာနချုပ်အနေနှင့် လေ့ကျင့်မှုများပြုလုပ် ပေးနေသကဲ့သို့ ပြည်နယ်၊တိုင်း၊ မြို့နယ် များတွင်လည်းလေ့ကျင့်ပေးလျက်ရှိကြောင်း၊ အသင်းဝင်တိုင်း အရည်အချင်းများ တိုးတက်လာစေရန်ကိုလည်း အမြဲတမ်း သင်ယူလေ့လာနေကြရမည်ဖြစ်ကြောင်း။

သင်တန်းတက်ရောက်လာကြသူ များသည် အသင်းအဆင့်ဆင့်တွင် ဦးဆောင်ဦးရွက်ပြုနေကြသူများဖြစ် ကြကြောင်း၊ အသင်းကြီး၏ မှန်ကန် သည့် ဦးဆောင်မှုကို ခံယူပြီး အတွေး အခေါ် ညီညွတ်မှု၊ စိတ်ဓာတ်ရေးရာ ညီညွတ်မှုနှင့် အလုပ်ညီညွတ်မှုတို့နှင့် ရည်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွား ကြရမည်ဖြစ်ကြောင်း၊ ပြည်သူတစ်ရပ် လုံး ပါဝင်လာအောင်လည်း စည်းရုံးရေး စွမ်းအားနှင့်အထောက်အကူပြုသွားကြ ရမည် ဖြစ်ကြောင်း။

ကာကွယ်စောင့်ရှောက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲ ရေးသင်တန်းအမှတ်စဉ် (၈)သင်တန်း ဖွင့်ပွဲတွင် အသင်းနာယကကြီးဖြစ်သည့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက “အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး အနှစ်သာရဖြစ်သည့် မိမိနိုင်ငံတော်၏ ပြည်သူအများ ကောင်း စားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်း သာယာရေးကို မိမိတို့ အမျိုးသားယဉ် ကျေးမှု၊မိမိတို့သမိုင်းအစဉ်အလာ ဓလေ့ ထုံးတမ်းများနှင့်အညီလွတ်လွတ်လပ်လပ် ဖော်ဆောင်သွားနိုင်ခွင့်ကို မိမိတို့အားလုံး က ကာကွယ် စောင့်ရှောက်သွားရန် တာဝန်ကိုယ်စီ ရှိကြကြောင်း။

အခြားတစ်ပါးသောအင်အားစုများ က ၎င်းတို့ဖြစ်စေချင်သကဲ့သို့ ၎င်းတို့ နှစ်သက်သည့် လုပ်နည်းလုပ်ဟန်မျိုး ကို မိမိတို့က ပုံတူကူးချ လိုက်နာလုပ် ဆောင်ရန် မိမိတို့ကိုသွေးဆောင် နေ ခြင်း၊ ဖိအားပေးနေခြင်းများရှိကြောင်း၊ အချို့သော အဆိုးမြင် ဝါဒီများသည် အမျိုးသားရေး စရိုက်လက္ခဏာ ချို့တဲ့

စာမျက်နှာ ၇ ကော်လံ ၁ သို့

22-7 (06) 1 7/22/07, 2:41 AM

■ ကျောဖုံးမှ

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေး ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဆရာတော်ကြီးများ၊ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇောတ အမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေး ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဖတ်ကြားလျှောက်ထား

ယင်းနောက် ဘင်္ဂလားဒေ့ရှ်ကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇောတ၏ သာသနာပြုလုပ်ငန်းစဉ်များကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဒေါ်စောတင်အေးက ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒါယကာ ဒါယိကာမများက နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ဆရာတော်သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက်စာအောင်သံဃာတော်များနှင့် သီလရှင်ဆရာလေးများအတွက် လှူဖွယ်ပစ္စည်းများကို အလှူရှင်များက ကျောင်းတိုက် နာယက ဆရာတော် ဘဒ္ဒန္တပညာတိလောကထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်း အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၂၁

ရှေ့နေချုပ် ဦးအေးမောင်နှင့် ဇနီး ဒေါ်ခင်မြမြတို့အား အမှူးထား၍ ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာ့ နုဂ္ဂဟအသင်းကြီး၏ အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းနှင့် ဗဟန်း (၂)လမ်းထောင့်ရှိ ရှေ့နေချုပ်ရုံးဓမ္မာရုံ၌ ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ်များ ဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့် ဦးထွန်းထွန်းဦး၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ဥပဒေ့သည်များ၊ရှေ့နေချုပ်ရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ရန်ကုန်တိုင်း ဥပဒေရုံးနှင့် တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့် ၎င်းတို့၏ မိသားစုများ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်းပွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မဟာရာဇိကာရုံ ကျောင်းတိုက် နာယက ဆရာတော် ဘဒ္ဒန္တဓမ္မပီယ အမှူးပြုသော သံဃာတော် ၁၀ပါးတို့အား ဆွမ်း၊ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြပြီး နာယကဆရာတော် ဘဒ္ဒန္တဓမ္မပီယထံမှ ပရိသတ်တို့က ငါးပါးသီလနှင့် ရေစက်ချတရားတော်နာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

ကံမြင့်ကျောင်း ဝါဆိုလပြည့်အထူးတရားပွဲ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ဝါဆိုလပြည့်အထူးတရားပွဲကို ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်တွင် ဓမ္မဘေရီ အရှင်ဝိရိယ (တောင်စွန်း) ဆရာတော်ကလည်းကောင်း၊ ဇူလိုင် ၂၆ရက်မှ ၂၈ရက်အထိ ဓမ္မကထိက ဗဟုဇနဟိတရေ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိကလည်းကောင်း၊ ၂၉ရက်တွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသကလည်းကောင်း၊ ဇူလိုင် ၃၀မှ ဩဂုတ် ၁ရက်အထိ ပြည်တွင်းပြည်ပ နယ်လှည့်ဓမ္မကထိက ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တ ပုညာနန္ဒကလည်းကောင်း နေ့စဉ် ည ၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ပြည်ထောင်စု၏ မူလအမှန်ညီလာခံ

* အနယ်နယ်ရပ် ဆုံရပ်နက်သန်
လက်ချင်းဆက်၍ နှောင်စဉ်အေးမည့်
တောတောင်ဖြတ်၍ ညီလာခံထက်
ဖြည့်စွက်ဆွေးနွေး သွေးရင်းတို့၏ညီလာခံ။

* မျိုးရိုးစဉ်ဆက် ပျက်ကွက်ယိုပေါက်
လွင့်ပျောက်ကြမှာ ရန်ကာတားဆီး
အရပ်ရပ်ကို ဆုံးဖြတ်သွားမည့်
သမိုင်းထက်မှာ ကြားလူနှောက်၍
မဖန်သာအောင် သွေးစည်းနှောင်ထပ်
ပြတ်ပြတ်သားသား တရားအမှန်ညီလာခံ။

* သားစဉ်မြေးမြစ် ကျစ်လျစ်ဖွဲ့တည်
တူညီထုဆစ် သမိုင်းသစ်၏ညီလာခံ။
ပြောထုံးဖြစ်မည့် ရွှေရောင်ပြည်ကို
ပုံဖော်လှစ်သည့်

* ညီညွတ်မှုအား ကောင်းမြတ်စဉ်လာ
အကြားမထင် အလျဉ်မပြတ်
စီးဆင်းသွားမည့် ယှက်ထားပေါင်းစပ်
ဝင်ကာဖျက်ငြား ရေသားပြင်သို့
မရပ်မနား စွမ်းအားအမှန်ညီလာခံ။

* လာလည်းအတူ ဖေးမတွဲယှဉ်
ညီညာတူမျှ ဦးထိပ်ပန်၍
သွားလည်းတကွ သမိုင်းစဉ်မှာ
အေးမြသာစံ မှတ်ကျောက်ခံသည့်ညီလာခံ။

* ခံယူချက်ဖြင့် တောင်တန်းမြေပြန့်
ပြည်ထောင်စု၏ တွဲယှက်ရှင်လန်း
အနံ့ပေါင်းစု မူလအမှန်ညီလာခံ။

* ညီလာခံသည် နှောင်တာရှည်သမျှ
ကမ္ဘာတည်သမျှ လွတ်လပ်ချုပ်ခြာခိုင်မာရှည်သန်
မြန်မာ့ရပ်လွှာအခြေခံ။ ။

လင်းအောင်(ဧကုန်း)

NLD ပါတီ၏ နိုင်ငံရေးလုပ်ဆောင်မှု အနေအထား ယုံကြည်ချက်လမ်းကြောင်းပေါ်မှ သွေဖည်လျက်ရှိ ကြည့်မြင်တိုင်နှင့် အင်းစိန်မြို့နယ်တို့မှ ပါတီဝင်ခြောက်ဦးနုတ်ထွက်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဒေါ်ချစ်တင်နှင့် အင်းစိန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးခင်မောင်မြင့်၊ ဦးထွန်းထွန်းနိုင်၊ ဦးကျော်မိုးဝင်း၊ ဦးစိုးဝင်း၊ဒေါ်မြင့်မြင့်သန်းတို့သည် ဇူလိုင် ၁၁ ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကြည့်မြင်တိုင်မြို့နယ်နှင့် အင်းစိန်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် ၎င်းတို့အနေဖြင့် ပါတီနိုင်ငံရေးသန့်သန့်ကို ဆောင်ရွက်ကာ ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဟု ထင်မြင်ယူဆသဖြင့် NLD ပါတီသို့ ဝင်ရောက်ခဲ့သော်လည်း NLD ပါတီတွင် နိုင်ငံရေးလုပ်ဆောင်မှုအနေအထားမှာ ယုံကြည်ချက်လမ်းကြောင်းပေါ်မှ သွေဖည်လျက်ရှိသဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှနုတ်ထွက်ပါကြောင်းဖြင့်ဖော်ပြထားသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

ရှားပါးနေသူများပီပီ အရာရာကို နိုင်ငံခြား အထင်ကြီး၊ နိုင်ငံခြားသားကို ဆရာတင်၊ နိုင်ငံခြားဩဇာခံချင်နေကြသည်များ ရှိပြန်ကြောင်း။

ထက်မြက်အောင်ဆည်းပူး

မည်သို့ပင်ဖြစ်စေ မိမိတို့နိုင်ငံတွင် မျိုးချစ်စိတ်ဓာတ်နှင့်အတူ အမျိုးသားရေးလက္ခဏာအပြည့်အဝရှိသည့်တိုင်းသူပြည်သားများကအများစုဖြစ်ခြင်းကြောင့် ယင်းမျိုးချစ်စိတ်ဓာတ်ရှိကြသည့်ပြည်သူများနှင့်အတူ တပ်မတော်နှင့် မိမိတို့အသင်းကြီးသည် ပေါင်းစည်းညီညွတ်ပြီး မိမိတို့မျှော်မှန်းထားသည့် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံတော် ကြီးဖြစ်ရေးကို မဖြစ်မနေ မရောက်ရောက်အောင် ဇွဲ၊ လုံ့လ၊ သတ္တိ၊ ဝီရိယအပြည့်အဝဖြင့် ချီတက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် တစ်မျိုးသားလုံးကို စည်းရုံးပြီး တစ်မျိုးသားလုံး၏ ပဓာနကျသည့် မွန်မြတ်သော တာဝန်များကို ညီညီမျှမျှ ထမ်းဆောင်ကြရန် ဖွဲ့စည်းသည့် အမျိုးသားရေး အသင်းကြီးဖြစ်ကြောင်း၊ ထို့ကြောင့် မောင်တို့၊ မယ်တို့ အသင်းသူ အသင်းသား အားလုံးသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖြည့်ဆည်းသူများ၊ ကာကွယ်စောင့်ရှောက်မည့်သူများဖြစ်ခြင်းကြောင့် အသင်းသားအားလုံးသည် နိုင်ငံတော်နှင့် နိုင်ငံသားကောင်း သမီးမွန်များဖြစ်ကြကြောင်း၊ မိဘပြည်သူများ၏ကျေးဇူးကိုလေးလေးမြတ်မြတ်ပေးဆပ်ကြမည့်ပြည်သူ့ရင်နှစ်သည်းချာများ ဖြစ်ကြောင်း၊ ထို့ကြောင့် အမြဲတမ်း အရည်အသွေးထက်မြက်နေအောင် ဆည်းပူးနေကြရန် လိုကြောင်း” ဟု ထည့်သွင်းမိန့်ကြားခဲ့ကြောင်း၊ ယင်းလမ်းညွှန် ဩဝါဒများကို အသင်းဝင်တိုင်း အစဉ်အမြဲ ဦးထိပ်ပန်ဆင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီသည့်ကာလကစပြီး တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာနှင့် ဥမကွဲသိုက်မပျက် နေထိုင်ခဲ့ကြသည့် သမိုင်းအစဉ်အလာ ကြီးမားသည့် နိုင်ငံကြီးဖြစ်ကြောင်း၊ တိုင်းရင်းသားများအကြား စစ်မှန်သည့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အရင်းခံ ရှင်သန်မှုများရှိကြပြီးဖြစ်ကြောင်း၊ စစ်မှန်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပေါ် အခြေခံပြီး ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီ ဖြစ်ကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် ချမှတ်ပြီး အဆင့်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ ပထမအဆင့်ဖြစ်သည့် အမျိုးသား ညီလာခံကြီးကိုလည်း နိုင်ငံတော်၏ လူထု၊ လူတန်းစားအလွှာကိုယ်စားလှယ်များ စုံညီစွာနှင့် ကျင်းပနေပြီဖြစ်ကြောင်း၊ အသင်းကြီးအနေနှင့် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်မှ တစ်ပါး အခြားမရှိဟုယုံကြည်ခံယူထားပြီးဖြစ်သည့်အတိုင်း မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် နယ်မြေလူထုနှင့်လက်တွဲပြီးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း။

တိုးမြှင့်ဆောင်ရွက်

နိုင်ငံတော်၏ ပကတိဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများနှင့် ကြိုးပမ်းဆောင်ရွက်မှုများကို ပြည်သူထဲက ပြည်သူများ ဖြစ်ကြသည့် အသင်းဝင်များကိုယ်တိုင် ပြည်သူများနှင့်အတူ သိမြင်ခံစားနေကြရပြီဖြစ်ကြောင်း၊ သို့သော်လည်းပကတိဖြစ်ပေါ်တိုးတက်မှုများကို မျက်ကွယ်ပြုပြီး ကြိုးပမ်းမှုတိုင်းအပေါ် အပြစ်မြင်နေကြသည့် ပြည်တွင်းပြည်ပက ပုဂ္ဂိုလ်အချို့၊ အဖွဲ့အစည်းအချို့၏ လုပ်ဆောင်မှုများကိုလည်းသတိထားကြရမည် ဖြစ်ကြောင်း၊၎င်းလုပ်ဆောင်မှုများသည် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ပျက်ပြားအောင်ဆောင်ရွက်နိုင်ခြင်း မရှိပေမယ့် နှောင့်နှေးစေသည့် အခြေအနေများကို ပေါ်ပေါက်စေမည်ဖြစ်ကြောင်း၊တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်အောင် လုပ်ဆောင်မှုများကို ပြည်သူများ အမှန်အတိုင်းသိအောင်ရှင်းလင်းသွားကြရန်နှင့် မိမိတို့နယ်မြေ လူထုအကျိုးအတွက် တည်ငြိမ်အေးချမ်းမှုရှိအောင်၊ ဖွံ့ဖြိုးတိုးတက်မှု ရှိအောင် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန်ကိုလည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- **သင်တန်းက ပို့ချလိုက်သည့် အသိပညာ၊ အတတ်ပညာများကို မိမိတို့၏ အတွေ့အကြုံနှင့် ပေါင်းစပ်ပြီး မိမိတို့ နယ်မြေ၏ အကျိုး၊ နယ်မြေလူထု၏အကျိုး ပိုမို သယ်ပိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **တိုင်းရင်းသား ပြည်သူများအကြား စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ထာဝစဉ် ရှင်သန်ထွန်းကားနေအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **အသင်းဝင်တိုင်း တာဝန်၏ အရေးပါမှုကို နားလည်ပြီး မိမိတို့ဒေသ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေလူထုနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ။**
- **ကျင်းပနေသည့် အမျိုးသားညီလာခံကြီး အပါအဝင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် လူထုတစ်ရပ်လုံးနှင့် ဝိုင်းဝန်း ဆောင်ရွက်သွားကြပါ ဟု** တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့်တိုင်းအသီးသီးမှ သင်တန်းသားသင်တန်းသူ ၂၀၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဒေါ်စုကြည်လွှတ်ပေးရေးတောင်းဆိုမှုရဲ့ နိုင်ငံရေးအ

ယခုတလော ဒေါ်စုကြည်ဟာ အကြမ်းမဖက်တဲ့ ဒီမိုကရေစီရေး တိုက်ပွဲဝင်နေသူ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်ဟုဆိုကာ နေအိမ်မှာ တားဆီးမိန့်နဲ့ထားရှိမှုမှ လွှတ်ပေးပါရန် တောင်းဆိုမှု အသံတွေ ဆူညံလာနေပါတယ်။

ဒီဆောင်းပါးရဲ့ ရည်ရွယ်ချက်ဟာ ဒေါ်စုကြည်ကို လွှတ်ပေးရေး မပေးရေး၊ လွှတ်ပေးသင့် မပေးသင့်ကို ရှေးရှုရည်ရွယ်တင်ပြခြင်း မဟုတ်ပါ။

ဒီဆောင်းပါးရဲ့ ရည်ရွယ်ချက်ကတော့ “ဒေါ်စုကြည်ဟာ အကြမ်းမဖက်တဲ့နည်းနဲ့ ဒီမိုကရေစီရေးတိုက်ပွဲဝင်နေသူ ဟုတ်သလား၊ မဟုတ်ဘူးလား”ဆိုတာနဲ့ “ဒေါ်စုကြည် လွှတ်ပေးရေးတောင်းဆိုချက်ရဲ့ နိုင်ငံရေး အဓိပ္ပာယ်ဟာ ဘာလဲ” ဆိုတာကို တင်ပြရန်သာ ဖြစ်ပါတယ်။

ဒေါ်စုကြည်နဲ့ NLD အဖွဲ့ချုပ်တို့ရဲ့ အယူဝါဒရေး၊ နိုင်ငံရေးဟာ အကြမ်းမဖက်တဲ့ ဒီမိုကရေစီရေးတိုက်ပွဲဝင်နေတာမဟုတ်ဘဲ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်ရေးကို ဆန့်ကျင်နေတဲ့ ဓနရှင်ပေါက်စ လူတန်းစားရဲ့ ပါတီတစ်ခု၊ လူတစ်စု အာဏာရရေး လှုပ်ရှားမှု စိတ်ကူးယဉ် လက်ယာအချောင်သမားဝါဒနဲ့ မင်းမဲ့ဝါဒ၊ ရောကျော်ဝါဒသာ ဖြစ်နေပါတယ်။

ဒေါ်စုကြည်ဟာ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဖြစ်ထိုက်သလား မဖြစ်ထိုက်သလား၊ ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ရထိုက်သူလား၊ မရထိုက်ဘဲ ရရှိသူလားဆိုတာကို အတိတ်က ဆောင်းပါးရှင်တွေက ဆောင်းပါးပေါင်းများစွာနဲ့ ဝေဖန်ကန့်ကွက်မှုတွေ ရှိခဲ့ကြပြီး ဖြစ်ပါတယ်။ ထို့အပြင် ဒေါ်စုကြည်ဟာ အကြမ်းမဖက်တဲ့နည်းနဲ့ ဒီမိုကရေစီရေး တိုက်ပွဲဝင်နေသူ ဟုတ်မဟုတ်ဆိုတာက နိုဘယ်လ်ဆုရှင် ဖြစ်ထိုက် မဖြစ်ထိုက် ဆိုတဲ့ အဖြေကိုပေးမှာပဲ ဖြစ်ပါတယ်။

ပထမ ဒေါ်စုကြည်ဟာ အကြမ်းမဖက်တဲ့နည်းနဲ့ ဒီမိုကရေစီရေး တိုက်ပွဲဝင်သူ ဟုတ်သလားဆိုတာကို ဘာနဲ့အဖြေရှာမလဲ သူမရဲ့ အယူဝါဒရေး(သဘောတရားရေး)အမြင်နဲ့ နိုင်ငံရေး(လက်တွေ့လုပ်ငန်းစဉ်)တွေအရ အဖြေရှာရမှာသာ ဖြစ်ပါတယ်။

ဘယ်လိုပဲ အဖြေရှာရှာ ဒေါ်စုကြည်ဟာ အကြမ်းမဖက်တဲ့နည်းနဲ့ ဒီမိုကရေစီရေးတိုက်ပွဲဝင်နေသူ မဟုတ်ကြောင်း လုံးဝထင်ရှားနေပါတယ်။ ဘာကြောင့်လဲ။

(၁) ၁၉၈၈လူထုဆူပူအုံကြွမှုဖြစ်စဉ် ကာလတုန်းက ဒေါက်တာမောင်မောင် အစိုးရတက်လာပြီးချိန်မှာ ဒေါက်တာမောင်မောင်က ဆူပူဆန္ဒပြသူတွေကို သုံးလအတွင်း ရွေးကောက်ပွဲလုပ်ပေးမယ်၊ အနိုင်ရတဲ့ပါတီကို အာဏာလွှဲပေးမယ်လို့ ငြိမ်းချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းနိုင်ရေးအတွက် လမ်းဖွင့်ပေးခဲ့ပါတယ်။ ဒီကမ်းလှမ်းချက်ဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ငြိမ်းချမ်းစွာ ဆောင်ရွက်လိုသူတွေအတွက် ဝမ်းမြောက်ဝမ်းသာ လက်ခံပူးပေါင်း ဆောင်ရွက်သင့်တဲ့ လုံလောက်တဲ့ ကမ်းလှမ်းချက်ပါပဲ။

သို့သော် အဲဒီကာလက လူထုဆူပူအုံကြွမှုကို ခေါင်းဆောင်နေတဲ့ ဒေါ်စုကြည်နဲ့ လက်ရှိ NLD ခေါင်းဆောင်တွေဟာ ‘အမေရိကန် အမတ် စတီဗင်ဆိုလာ့’ရဲ့ ဩဇာပေးမှုကို နာခံပြီး ကြားဖြတ်အစိုးရဖွဲ့ပေးရေးကိုသာ တစ်ဖက်သတ်တောင်းဆိုခဲ့ကြတယ်။

ဒီတောင်းဆိုချက်ဟာ စင်ပြိုင်အစိုးရဖွဲ့ပေးရေး တောင်းဆိုတာဖြစ်နေတာကြောင့် ဒေါက်တာမောင်မောင်အစိုးရက လက်မခံခဲ့ပါ။ အဲဒီအချိန်မှာ ဒေါက်တာမောင်မောင်အစိုးရကလဲ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို မထိန်းသိမ်းနိုင်၊ အရေးအခင်းကာလ ခေါင်းဆောင်တွေဖြစ်တဲ့ ဒေါ်စုကြည်နဲ့ NLD ခေါင်းဆောင်တွေကလဲ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို တာဝန်ယူမထိန်းသိမ်းနိုင်၊ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေး အဆိုပြုမှုကိုလဲ လက်မခံခဲ့ကြတာကြောင့် တိုင်းပြည်ဟာ မင်းမဲ့တိုင်းပြည်လုံးလုံးဖြစ်ပြီး အစိတ်စိတ်အမြွာမြွာ ပြိုကွဲပျက်စီးလုဆဲဆဲ အခြေအနေ ဆိုက်ရောက်လာခဲ့တဲ့အတွက် တပ်မတော်က နိုင်ငံတော်နဲ့ပြည်သူကို အချိန်မီ တယ်ဆိုရုံလေး ကယ်တင်စောင့်ရှောက် လွတ်မြောက်စေခဲ့ရတယ်။

(၂) နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဟာ နိုင်ငံတော်တာဝန်ကို လက်ခံယူပြီးတာနဲ့ တစ်ပြိုင်နက် နိုင်ငံတော်နဲ့အများပြည်သူရဲ့အကျိုးကို ရှေးရှုပြီး–

(က) တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊

(ဂ) ပြည်သူများ၏ စားဝတ်နေရေး ချောင်လည်စေရန် ဤအဖွဲ့မှ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ပေးရန်နှင့် ပုဂ္ဂလိက သမဝါယမတို့ကို ဆောင်ရွက်နိုင်အောင်လည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးနိုင်ရေး၊

(ဃ) အထက်ပါ လုပ်ငန်းရပ်များပြည့်စုံပြီးလျှင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး

ဆိုတဲ့ တာဝန်ကြီး(၄) ရပ်ကို ချမှတ်ပြီး လက်ငင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီကာလမှာ **ငြိမ်းချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လိုလားသူတိုင်းဟာ တရားဥပဒေစိုးမိုးရေးနဲ့နယ်မြေအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး လုပ်ငန်းရပ်တွေမှာ အထောက်အကူပြု ပါဝင်ခြင်းဖြင့် ရွေးကောက်ပွဲအမြန် ဖြစ်မြောက်နိုင်ရေးအတွက် အစိုးရနဲ့ ပူးပေါင်းလက်တွဲ ဆောင်ရွက်ဖို့ မသင့်ပေဘူးလား။**

သို့သော် ဒေါ်စုကြည်ဟာ တစ်ဖက်က ရွေးကောက်ပွဲ ဖြစ်မြောက်ရေးကို အဓိကထား လုပ်ရမယ်လို့ပြောပြီး အခြားတစ်ဖက်က တိုင်းပြည်အနှံ့ တပ်မတော်ဆန့်ကျင်ရေး မကြောက်တရားတွေသာ ရဲရဲတောက်ဟောပြောခဲ့ပါတယ်။

အဲဒီကာလက ဖွဲ့စည်းခဲ့တဲ့ နိုင်ငံရေးပါတီတွေဟာလဲ မိမိတို့ပါတီရဲ့ လမ်းစဉ်ကိုချပြီး ပြည်သူတွေကို နည်းမှန်လမ်းမှန် စည်းရုံးရမည့်အစား တပ်မတော်ဆန့်ကျင်ရေး ကြေညာချက်တွေ၊ စာရွက်စာတမ်းတွေ ဖြန့်ဝေပြီး တစ်နပ်စား ပါတီစည်းရုံးရေးကိုသာ လုပ်ခဲ့ကြပါတယ်။ အဲဒါကြောင့် **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ရှေးရှုကာ တရားမဝင်ဖွဲ့စည်း စည်းရုံးလှုပ်ရှားပြီး စာရွက်စာတမ်း၊ စာအုပ်နဲ့ ပုံနှိပ်ထုတ်ဝေစာများ တရားမဝင် ထုတ်ပြန်နေတဲ့ အဖွဲ့အစည်းများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အစိုးရက အမိန့်အမှတ်(၃၈)ကို ထုတ်ပြန်ကြေညာပြီး ကန့်သတ်တားမြစ်ခဲ့ရပါတယ်။**

အစိုးရရဲ့ ဒီလုပ်ဆောင်ချက်ကို ဒီမိုကရေစီရေး ဖိနှိပ်ပိတ်ပင်မှုအဖြစ် ရှုမြင်ပြီး ဒေါ်စုကြည်နဲ့ NLD အဖွဲ့ချုပ်က “အများသဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ”ဆိုတဲ့ ကြွေးကြော်သံကို ရှေ့တန်းတင်၍ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေးနဲ့ အာဏာဖီဆန်ရေး စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခြင်းဖြင့် တုံ့ပြန်ခဲ့ပါတယ်။

၁၉၈၉ခုနှစ် ဇူလိုင်လ၁၉ရက် အာဇာနည်နေ့မှာ အစိုးရက အာဇာနည်ဗိမာန်သို့သွားရောက် စုပေါင်းအလေးပြုရန် အာဇာနည်မိသားစုများနဲ့ အတူ နိုင်ငံရေးပါတီတိုင်းကို ကိုယ်စားလှယ်(၁၀)ယောက်စီ ပါဝင်တက်ရောက်ရန် ဖိတ်ကြားခဲ့တယ်။ သို့သော် ဒေါ်စုကြည်နဲ့ NLD တို့က “အာဇာနည်နေ့ဆိုတာ လူတိုင်းနဲ့ဆိုင်တယ်။ လူတိုင်းလုပ်ပိုင်ခွင့်ရှိတယ်။ ငါတို့ဘာသာ ချီတက်အလေးပြုမယ်ဆိုပြီး” အစိုးရဖိတ်ကြားချက်ကို ဆန့်ကျင်ကာ အာဏာဖီဆန်ရေး လူထုတိုက်ပွဲအသွင်ဖြင့် သွေးစွန်းတဲ့ အာဇာနည်နေ့ဖြစ်စေရန် စီစဉ်ခဲ့ကြပြန်တယ်။ ဒီလိုစီစဉ်ဆောင်ရွက်မှုကို လုပ်သင့်မလုပ်သင့် သဘောထားကွဲကြတဲ့အတွက် NLD ဌာနချုပ်မှာ ဇူလိုင် ၁၈ရက်နေ့ည တစ်ညလုံး အကြိတ်အနယ် ဆွေးနွေးခဲ့ပြီး နံနက်(၄)နာရီထိုးမှ မလုပ်ရန်ဆုံးဖြတ်ချက်ချသွားခဲ့ရတယ်။ သို့သော် ကြိုတင်စီစဉ်ချိန်းဆိုထားတဲ့ အစီအစဉ်တွေအားလုံးကို အချိန်မီအကြောင်းမကြားနိုင်တဲ့အတွက် အချို့နေရာများမှာ ဆူပူအုံကြွသူတွေနဲ့ လုံခြုံရေးထိန်းသိမ်းသူတွေအကြား ရန်းရင်းဆန်ခတ်အနည်းငယ်ဖြစ်ပွားခဲ့ရတယ်။

ဒီလိုအခြေအနေတွေနဲ့ လုပ်ဆောင်ချက်တွေအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဒေါ်စုကြည်ဟာ ပထမအကြိမ် တားဆီးမိန့်ထုတ်ခံခဲ့ရတယ်။

(၃) နိုင်ငံတော်အစိုးရဟာ ချမှတ်ထားတဲ့လုပ်ငန်းစဉ်အတိုင်း ရွေးကောက်ပွဲကျင်းပပေးနိုင်တဲ့အချိန်ရောက်လာတာနဲ့တစ်ပြိုင်နက် ၁၉၉၀ ပြည့်နှစ်မှာ တရားမျှတတဲ့ ရွေးကောက်ပွဲအဖြစ် ကမ္ဘာကအသိအမှတ်ပြုရတဲ့ ရွေးကောက်ပွဲကို ကျင်းပပေးခဲ့တယ်။ ဒါပေမယ့် ရွေးကောက်ပွဲပြီးလို့ အနိုင်ရကြောင်းသိတာနဲ့ တစ်ပြိုင်နက် ချက်ချင်းလွှတ်တော်ခေါ်ပြီး အာဏာလွှဲပေးရန် NLDက ဖုတ်ပူမီးတိုက် တောင်းဆိုလာကြတဲ့အတွက် ရွေးကောက်ပွဲမှာ မဲအနိုင်ရရုံဖြင့် အာဏာသုံးရပ်ကို ရယူပိုင်ခွင့်မရှိသေးဘဲ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီသာ အာဏာလွှဲပြောင်းရယူနိုင်ကြောင်းကို ၁/၉၀ ကြေညာချက်ဖြင့် တည်ဆဲအစိုးရက ထုတ်ပြန်အသိပေးခဲ့ရပြန်ပါတယ်။

သို့သော် **NLDဟာ တည်ဆဲအစိုးရရဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို သူတို့ဘာသာ ရေးဆွဲထားတဲ့ ယာယီဖွဲ့စည်းပုံ ဥပဒေနဲ့ အာဏာလွှဲပေးရေးတောင်းဆိုပြီး ဆန့်ကျင်ခဲ့ကြတယ်။ ဒီတောင်းဆိုချက်ဟာ ပါလီမန်ဒီမိုကရေစီ ထုံးစဉ်လာနဲ့ ဆန့်ကျင်နေတာကြောင့် အစိုးရက လက်မခံဘဲ ၁၉၉၂ ခုနှစ်မှာ NLD အပါအဝင် ပါတီအသီးသီးမှ ကိုယ်စားလှယ်အားလုံးကို သုံးကြိမ်တိုင်တွေ့ဆုံ ဆွေးနွေးပြီး အားလုံးသဘောတူ ဆုံးဖြတ်ချက်အရ ၁၉၉၃ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် လိုအပ်တဲ့အခြေခံမူတွေ ချမှတ်နိုင်အောင် အမျိုးသားညီလာခံကို စတင်ကျင်းပပေးခဲ့ပါတယ်။ NLDအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေ ကိုယ်တိုင်ခေါင်းဆောင်ပြီး ညီလာခံကိုယ်စားလှယ် ၈၆ ယောက် ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြပါတယ်။**

အချိန်ကာလ ၂နှစ် ၁၀လ ၁၆ရက်ကြာပြီး အခြေခံမူ (၁၀၄)ချက်ရပြီးချိန် ၁၉၉၅ခုနှစ် ဇူလိုင်လ ၁၀ရက်နေ့မှာ ဒေါ်စုကြည်အား နေအိမ်တွင် တားဆီးထားရာမှ ကင်းလွတ်ခွင့်ပေးခဲ့တယ်။ ဇူလိုင် ၁၁ရက်နေ့မှာ ဒေါ်စုကြည်ဟာ သတင်းစာရှင်းလင်းပွဲလုပ်ပြီး “တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေးတည်းဟူသော လမ်းနှစ်သွယ်အနက် ဘယ်လမ်းကိုရွေးမလဲ”ဆိုပြီး အစိုးရကို စိန်ခေါ်ခဲ့တယ်။ ဇူလိုင်၂၄ရက်နေ့မှာ ဒေါ်စုကြည်က “ဦးအောင်ရွှေတို့ အမျိုးသားညီလာခံ စကတည်းက ပါဝင်တက်ရောက်နေတာ ကျွန်မနဲ့ စိတ်သဘောထားချင်းမတိုက်ဆိုင်ဘူး”လို့ ပြောခဲ့တယ်။ ၁၉၉၅ခုနှစ် နိုဝင်ဘာလ ၂၇ရက်နေ့မှာ အမျိုးသားညီလာခံကိုဝေဖန်မှုတွေနဲ့အတူ တွေ့ဆုံဆွေးနွေးရေးတောင်းဆိုချက်ကို ပေးစာရေး တောင်းဆိုပြီး နိုဝင်ဘာလ၂၈ရက်နေ့မှာ သူတို့တောင်းဆိုချက်ကို အကြောင်းမပြန်လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ အမျိုးသားညီလာခံက NLD ကိုယ်စားလှယ်တွေ ထွက်ခွာသွားခဲ့ကြပါတယ်။ ဒါတွေအားလုံးဟာ ဒေါ်စုကြည်ရဲ့ ညွှန်ကြားချက်၊ ဒေါ်စုကြည်ရဲ့ တစ်ချက်လွှတ်အမိန့်၊ ဒေါ်စုကြည်ရဲ့ ဆုံးဖြတ်ချက်တွေချည်းသာ ဖြစ်ပါတယ်။

ဒေါ်စုကြည်ဟာ ထိုကာလမှသည် ယနေ့အထိ “အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ဒီမိုကရေစီထူထောင်ရေး”ဆိုတဲ့ အမေရိကန်အစိုးရရဲ့ ဩဇာခံဖန်တီးရေးလမ်းစဉ်ကို လိုက်နာပြီး အာဏာရှင်စနစ် ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုတဲ့ သဘောတရားကို လက်ကိုင်ပြုခဲ့ပါတယ်။ ဆောင်းပါးရှင်တစ်ဦး အာဘော်အတိုင်းတင်ပြရလျှင် “တစ်ပြည်သူမရွေးထားလို့ တင်စားလောက်တဲ့ NLDဒေါ်စုကြည်ကလဲ နိုင်ငံရေးကစားကွက်တွေ ပြုလုပ်ပြီး တပ်မတော်အစိုးရအပေါ် ထိုးနှက်တိုက်ခိုက်တဲ့ အမနာပ စကားတွေနဲ့ အာပေါင်အာရင်းသန်သန် မုန်တိုင်းထန်ခဲ့တယ်” ဆိုတဲ့အတိုင်း တည်ဆဲအစိုးရကို ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး စည်းရုံးလှုံ့ဆော်မှုကတစ်နည်း၊ တိုင်းပြည်နဲ့ ပြည်သူတွေ စီးပွားရေးချွတ်ခြုံကျပြီး လူထုဆူပူအုံကြွပေါက်ကွဲမှုဖြစ်ပေါ်လာရေးအတွက် နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့ဖိအားပေးရေး တောင်းဆိုမှုတွေကတစ်သွယ်၊ ရှစ်လေးလုံးအဆက် ကိုးလေးလုံး ဆူပူအုံကြွမှုတွေဖြစ်ပေါ်လာအောင် ပြည်ပက

ဘာမှမသိတဲ့ ကျောင်းသားတွေနဲ့ ‘မော်စ
တွေကိုပါ ပြည်ပကတပ်ကူပေးပြီး ဆူပူအုံ
တစ်မျိုးနဲ့ တစ်မျိုးပြီးတစ်မျိုး မရိုးရအောင်

သို့သော် ဇီဝကမ္မအခြေခံအရ သန္ဓေပျက်
ကြက်မကြီးက ဘယ်လောက်ပင် ဒုက္ခခံဝပ်ပေး
မပေါက်နိုင်သလို လူထု ဆူပူအုံကြွမှုလုပ်စ
၁၉၇၄ခုနှစ် ရောင်စုံသောင်းကျန်းမှုတွေဖြ
ပင်လယ်ဝေခဲ့ရတဲ့ သင်ခန်းစာနဲ့ ၁၉၈၈ လူ
မင်းမဲ့ဝါဒသင်ခန်းစာတို့ကြောင့် ပြည်သူက
တော့တာကတစ်ကြောင်း၊ ထို့ကြောင့် ဒေါ်စု
ဘယ်လိုမှ စည်းရုံးလှုံ့ဆော်ဖန်တီးလို့ မရနို
အမှန်တရားအဖြစ် တွေ့မြင်နေရပါတယ်။

ဒါကြောင့် ၁၉၉၈ ခုနှစ်မှာ ဩဂုတ်လ ၂
လွှတ်တော်ခေါ်ပေးရေးတောင်းဆိုချက်နဲ့ လူ
ပြန်တော့လဲ မရခဲ့တာကြောင့် လွှတ်တော်မရှိ
ကော်မတီဆိုတာကို ဖွဲ့စည်းခဲ့ပြန်တယ်။
ကော်မတီကို လူထုထောက်ခံမှုရယူရန်၊ ပြ
လွှတ်တော်ခေါ် အာဏာလုယူရန် စတဲ့အကြ
လှုံ့ဆော်မှုတွေလုပ်ဖို့ အကြိမ်ကြိမ် ကြိုးပမ်းလု
ဘယ်လိုမှ ဖျောင်းဖျလို့မရနိုင်တဲ့အဆုံး
ဒုတိယမ္ပိ တားဆီးမိန့်နဲ့ ပြန်ထားခဲ့ရပြန်တ

နောက်ပိုင်းမှာ နိုင်ငံတော်အနေနဲ့ သ
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုတ
တစ်ရပ်အနေနဲ့ နိုင်ငံတော်အကြီးအကဲ ဦးဆေ
ဝန်ကြီးများခေါင်းဆောင်တဲ့အဖွဲ့က အကြိမ် (
တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ နိုင်ငံတော်အနေ
ထား ရပ်တည်ချက် မှန်ကန်တည့်မတ်လာ
ကြိမ် တွေ့ဆုံဆွေးနွေး ကြိုးပမ်းတည်ဆောက်
ပါပဲ။ ဒီတွေ့ဆုံဆွေးနွေးမှုတွေကြောင့် အပြ
ဆောက်နိုင်တဲ့ အဆင့်ကို ရောက်ပြီလို့ ကြား
ဒေါ်စုကြည်ဟာ နေအိမ်မှာ တားဆီးမိန့်မှ

အဲဒီနောက် တပ်မတော်အစိုးရဟာ NLD
မှုရရေးကို ရှေးရှုမျှော်မှန်းပြီး ၁၉၄၈ခုနှစ် လွ
ခဲ့တဲ့ ပြည်တွင်းရောင်စုံ သောင်းကျန်းမှု၊
တို့ကြောင့် ဖြစ်ပေါ်ခဲ့ရတဲ့ နိုင်ငံတစ်နိုင်ငံလုံး
နေတဲ့ အနေအထားကနေ ဘယ်ကာလကနဲ့
တည်ငြိမ်အေးချမ်းမှုရနေတဲ့ အခြေအနေ၊ နို
အစိုးရက တည်ဆောက်ဖန်တီးနေတဲ့ စီးပွား
အခြေခံတွေ၊လမ်းပန်းဆက်သွယ်ရေးကောင်း
လေ့လာနိုင်ရန် ဒေါ်စုကြည်ကို တစ်ပြည်လုံးအ
လှုပ်ရှားခွင့်ကိုပေးခဲ့တယ်။

ဒေါ်စုကြည်ရောက်လေရာဒေသတွေမှာ နို
ဖန်တီးနေတဲ့ တိုင်းကျိုးပြည်ပြု လုပ်ငန်းတွေကို
အရေးကြီးပုဂ္ဂိုလ်တစ်ယောက်အဖြစ် အသိအမှ
တင်ပြမှုတွေလုပ်ခဲ့တယ်။

သို့သော် နိုင်ငံတော်က တည်ဆောက်ဖန်
တိုးတက်မှုတွေ ရှေးယခင်ကနဲ့ မတူဘဲ မြို့ပြ
တိုးတက်နေမှုတွေနဲ့ ပြည်သူတွေရဲ့ တိုးတက်
စိတ်မဝင်စားဘဲ မိမိသွားလေရာမှာ လူထုထော
ဆိုတာကိုသာ အလေးထား စျာန်ဝင်စားနေတဲ့
အမျှ တီဗွီတွေ၊ ရုပ်ရှင်ဗီဒီယိုတွေထဲမှာသာ
ရုပ်ရှင်သရုပ်ဆောင်တွေ ကိုယ့်ပတ်ဝန်းကျင်
ကြည့်လေ့ရှိတဲ့ မြန်မာများရဲ့ဓလေ့အတိုင်း
အရပ်မှာ တွေ့ဖူး မြင်ဖူးလိုကြတဲ့အတွက် မိမိ
တွေနဲ့ကလေးတွေ အများစုပါဝင်ရာ လူ
ထောက်ခံမှုလို့ ဖွတ်အတင်း လိုရာဆွဲပြီး
လူထုဆူပူအုံကြွမှုမှာ အမာခံတပ်မတော်ကြ
လွဲအောင် ထင်မိယောင်မှားခဲ့ပါတယ်။

ဒီလိုအယူမှား၊ အမြင်မှားမှုကြောင့် မာန်
ဝန်းသိုမြို့အရောက်မှာ ဒေါ်စုကြည်ဟာ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်
စလုပ်လာခဲ့တယ်။ “ပြုမှုမှုတိုင်းမှာ ညီမျှတဲ့
သဘာဝနိယာမအတိုင်း အင်းတော်မြို့ ရောက
ဆန့်ကျင်တဲ့ ဆန္ဒပြပွဲနဲ့ တုံ့ပြန်ခံလိုက်ရတ
ဒေါ်စုကြည်ရဲ့နောက်လိုက် NLDအဖွဲ့ဝင်
ဆန့်ကျင်ဆန္ဒပြသူအချို့ ထိပ်ပေါက်ခေါင်း

နောက်တစ်နေ့ ကသာမြို့အဝင်မှာ
ကြီးမားတဲ့ ဆန့်ကျင်ဆန္ဒပြမှုကြီး ဖြစ်ခဲ့တာ
ထိန်းသိမ်းဖျန်ဖြေပေးခဲ့ရတယ်။ သို့သော် ဖျန်
ကျေးရှုးတင်ရမည့်အစား မချေမငံဆက်ဆံမှ

နိုင်ငံရေးအဓိပ္ပာယ်ဟာဘာလဲ

ကျော်မြင့်နိုင်

ဘာမှမသိတဲ့ ကျောင်းသားတွေနဲ့ 'မော်စလေ'တို့လို အစွန်းရောက်တွေကိုပါ ပြည်ပကတပ်ကူပေးပြီး ဆူပူအုံကြွပေါက်ကွဲမှုဖြစ်အောင်က တစ်မျိုးနဲ့ တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် လုပ်ကြံဖန်တီးခဲ့ကြတယ်။

သို့သော် ဇီဝကမ္မအခြေခံအရ သန္ဓေပျက်နေတဲ့ ကြက်ဥတစ်လုံးကို ကြက်မကြီးက ဘယ်လောက်ပင် ဒုက္ခခံဝပ်ပေးသော်လည်း ကြက်ကလေးမပေါက်နိုင်သလို လူထု ဆူပူအုံကြွမှုလုပ်စရာ ရုပ်အခြေခံလဲမရှိ၊ ၁၉၄၈ခုနှစ် ရောင်စုံသောင်းကျန်းမှုတွေဖြစ်ခဲ့ပြီး ပြည်သူတွေဒုက္ခပင်လယ်ဝေခဲ့ရတဲ့ သင်ခန်းစာနဲ့ ၁၉၈၈ လူထုဆူပူအုံကြွမှုမှပေးခဲ့သော မင်းမဲ့ဝါဒသင်ခန်းစာတို့ကြောင့် ပြည်သူက ဆူပူအုံကြွမှုကို မလိုလားတော့တာကတစ်ကြောင်း၊ ထို့ကြောင့် ဒေါ်စုကြည်နဲ့ NLD တို့အနေနဲ့ ဘယ်လိုမှ စည်းရုံးလှုံ့ဆော်ဖန်တီးလို့ မရနိုင်တော့တာကိုလဲ ပကတိအမှန်တရားအဖြစ် တွေ့မြင်နေရပါတယ်။

ဒါကြောင့် ၁၉၈၉ ခုနှစ်မှာ ဩဂုတ်လ ၂၁ ရက်နေ့ နောက်ဆုံးထားပြီး လွှတ်တော်ခေါ်ပေးရေးတောင်းဆိုချက်နဲ့ လူထုကို သွေးတိုးစမ်းကြည့်ပြန်တော့လဲ မရခဲ့တာကြောင့် လွှတ်တော်မရှိဘဲ လွှတ်တော်ကိုယ်စားပြုကော်မတီဆိုတာကို ဖွဲ့စည်းခဲ့ပြန်တယ်။ လွှတ်တော်ကိုယ်စားပြုကော်မတီကို လူထုထောက်ခံမှုရယူရန်၊ ပြည်တွင်း ပြည်ပပေါင်းပြီး လွှတ်တော်ခေါ် အာဏာလုယူရန် စတဲ့အကြံတွေနဲ့ နယ်ထွက်စည်းရုံးလှုံ့ဆော်မှုတွေလုပ်ဖို့ အကြိမ်ကြိမ် ကြိုးပမ်းလုပ်ဆောင်ခဲ့ပြန်တာကြောင့် ဘယ်လိုမှ ဖျောင်းဖျလို့မရနိုင်တဲ့အဆုံး ဒေါ်စုကြည်အား နေအိမ်မှာ ဒုတိယမ္ပိ တားဆီးမိန့်နဲ့ ပြန်ထားခဲ့ရပြန်တယ်။

နောက်ပိုင်းမှာ နိုင်ငံတော်အနေနဲ့ သဘောထားကြီးကြီးထားပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုတည်ဆောက်နိုင်ရန် ကြိုးပမ်းမှုတစ်ရပ်အနေနဲ့ နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့အဖွဲ့က (၄)ကြိမ်နဲ့ ဝန်ကြီးများခေါင်းဆောင်တဲ့အဖွဲ့က အကြိမ် (၂၀)တိုင်တိုင် ဒေါ်စုကြည်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ နိုင်ငံတော်အနေနဲ့ ဒေါ်စုကြည်ရဲ့ သဘောထား ရုပ်တည်ချက် မှန်ကန်တည့်မတ်လာစေရေးအတွက် ဒီလိုအကြိမ်ကြိမ် တွေ့ဆုံဆွေးနွေး ကြိုးပမ်းတည်ဆောက်ခဲ့တာဖြစ်တယ်လို့ ဆိုရမှာပါပဲ။ ဒီတွေ့ဆုံဆွေးနွေးမှုတွေကြောင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်တဲ့ အဆင့်ကို ရောက်ပြီလို့ ကြားလိုက်ရပြီး ၂၀၀၂ ခုနှစ်မှာ ဒေါ်စုကြည်ဟာ နေအိမ်မှာ တားဆီးမိန့်မှ လွတ်ခဲ့ပြန်ပါတယ်။

အဲဒီနောက် တပ်မတော်အစိုးရဟာ NLD နဲ့ အပြန်အလှန်ယုံကြည်မှုရရေးကို ရှေးရှုမျှော်မှန်းပြီး ၁၉၄၈ခုနှစ် လွတ်လပ်ရေးနဲ့အတူ ဖြစ်ပေါ်ခဲ့တဲ့ ပြည်တွင်းရောင်စုံ သောင်းကျန်းမှု၊ ၁၉၈၈ လူထုဆူပူအုံကြွမှုတို့ကြောင့် ဖြစ်ပေါ်ခဲ့ရတဲ့ နိုင်ငံတစ်နိုင်ငံလုံး ရစရာမရှိအောင် ပျက်စီးနေတဲ့ အနေအထားကနေ ဘယ်ကာလကနဲ့မှမတူအောင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရနေတဲ့ အခြေအနေ၊ နိုင်ငံနှင့်အဝန်း တပ်မတော်အစိုးရက တည်ဆောက်ဖန်တီးနေတဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအခြေခံတွေ၊လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု အခြေအနေတွေကို လေ့လာနိုင်ရန် ဒေါ်စုကြည်ကို တစ်ပြည်လုံးအနှံ့ စိတ်တိုင်းကျ သွားလာလှုပ်ရှားခွင့်ကိုပေးခဲ့တယ်။

ဒေါ်စုကြည်ရောက်လေရာဒေသတွေမှာ နိုင်ငံတော်က တည်ဆောက်ဖန်တီးနေတဲ့ တိုင်းကျိုးပြည်ပြု လုပ်ငန်းတွေကို ဝင်ရောက်လေ့လာတဲ့အခါ အရေးကြီးပုဂ္ဂိုလ်တစ်ယောက်အဖြစ် အသိအမှတ်ပြုညွှန်ကြား ရှင်းလင်းတင်ပြမှုတွေလုပ်ခဲ့တယ်။

သို့သော် နိုင်ငံတော်က တည်ဆောက်ဖန်တီးနေတဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွေ ရှေးယခင်ကနဲ့ မတူဘဲ မြို့ပြကျေးရွာအားလုံး စည်ပင်တိုးတက်နေမှုတွေနဲ့ ပြည်သူတွေရဲ့ တိုးတက်နေတဲ့ အခြေအနေတွေကို စိတ်မဝင်စားဘဲ မိမိသွားလေရာမှာ လူထုထောက်ခံမှု ဘယ်လောက်ရှိသလဲ ဆိုတာကိုသာ အလေးထား စျာန်ဝင်စားနေတဲ့ ဒေါ်စုကြည်ဟာ နေ့စဉ်နဲ့ အမျှ တီဗွီတွေ၊ ရုပ်ရှင်ဗီဒီယိုတွေထဲမှာသာ တွေ့ဖူး၊ မြင်ဖူးနေရတဲ့ ရုပ်ရှင်သရုပ်ဆောင်တွေ ကိုယ့်ပတ်ဝန်းကျင် ရောက်လာတဲ့အခါ ဝိုင်းအုံကြည့်လေ့ရှိတဲ့ မြန်မာများရဲ့ဓလေ့အတိုင်း ဒေါ်စုကြည် ရောက်လေရာအရပ်မှာ တွေ့ဖူး မြင်ဖူးလိုကြတဲ့အတွက် မိမိထံဝိုင်းလာကြတဲ့ အမျိုးသမီးတွေနဲ့ကလေးတွေ အများစုပါဝင်ရာ လူအုပ်ကြီးကို နိုင်ငံရေးအရ ထောက်ခံမှုလို့ ဖွတ်အတင်း လိုရာဆွဲပြီး မိမိအာဏာရရေးအတွက် လူထုဆူပူအုံကြွမှုမှာ အမာခံတပ်မတော်ကြီးအဖြစ် တက်တက်စင်လွဲအောင် ထင်မိယောင်မှားခဲ့ပါတယ်။

ဒီလိုအယူမှား၊ အမြင်မှားမှုကြောင့် မာန်တက်လာပြီး စစ်ကိုင်းတိုင်း ဝန်းသိုမြို့အရောက်မှာ ဒေါ်စုကြည်ဟာ မိမိတိုက်ပွဲကို စတင်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ဝေဖန်ပုတ်ခတ်မှုတွေ စလုပ်လာခဲ့တယ်။ "ပြုမှုမှုတိုင်းမှာ ညီမျှတဲ့တုံ့ပြန်မှုရှိတယ်" ဆိုတဲ့ သဘာဝနိယာမအတိုင်း အင်းတော်မြို့ ရောက်တဲ့အခါ ဒေါ်စုကြည်ဟာ ဆန့်ကျင်တဲ့ ဆန္ဒပြပွဲနဲ့ တုံ့ပြန်ခံလိုက်ရတယ်။ ထို့အပြင် အဲဒီပွဲမှာ ဒေါ်စုကြည်ရဲ့နောက်လိုက် NLD အဖွဲ့ဝင်တွေ့ရဲ့ လက်စွမ်းပြမှုကြောင့် ဆန့်ကျင်ဆန္ဒပြသူအချို့ ထိပ်ပေါက်ခေါင်းကွဲ ဖြစ်သွားကြရတယ်။

နောက်တစ်နေ့ ကသာမြို့အဝင်မှာတော့ အင်းတော်ကထက်ကြီးမားတဲ့ ဆန့်ကျင်ဆန္ဒပြမှုကြီး ဖြစ်ခဲ့တာကြောင့် ခရိုင်ဥက္ကဋ္ဌကိုယ်တိုင် ထိန်းသိမ်းဖျန်ဖြေပေးခဲ့ရတယ်။ သို့သော် ဖျန်ဖြေပေးတဲ့ ခရိုင်ဥက္ကဋ္ဌကိုပင် ကျေးဇူးတင်ရမည့်အစား မချေမငံဆက်ဆံမှုတွေ ပြုခဲ့ကြတယ်။

ဝန်းသိုမှာစတင်ခဲ့တဲ့ မီးပွားလေးဟာ ဒေါ်စုကြည်ရဲ့ ကချင်ပြည်နယ်ခရီးစဉ်တစ်လျှောက်လုံးမှာ ဆန့်ကျင် ဆန္ဒပြတုံ့ပြန်မှုတွေနဲ့ ဆက်တိုက်ကြုံခဲ့ရပြီး မိုးကုတ်မှ မန္တလေးအဆင်း ပုသိမ်လေးရွာမှာ ဒေါ်စုကြည်အဖွဲ့မှ ရှေ့ပြေးမော်တော်ဆိုင်ကယ်က အမျိုးသမီးတစ်ယောက်ကို ဝင်တိုက်မိခဲ့တယ်။ မတ္တရာမြို့အဝင်မှာတော့ ဒေါ်စုကြည်ကို ဆန့်ကျင်ဆန္ဒပြတဲ့လူတွေကို သက်နီးဝတ်ထားတဲ့ မတ္တရာ NLD ဥက္ကဋ္ဌနဲ့ သက်နီးဝတ်တချို့က အကြမ်းဖက်တိုက်ခိုက်ခဲ့ကြတယ်။

ဒီလို အခြေအနေဆိုးရွားအောင် ပဋိပက္ခ ပြင်းထန်နေပါလျက် သွားလာလှုပ်ရှားမှုတွေကို မဆင်ခြင်ဘဲ ရွှေဘိုနယ်မှဒီပဲယင်းသို့ ညခရီးသွားခဲ့တာဟာ တမင်သက်သက်များ ရည်ရွယ်ချက်ရှိရှိသွားနေ၊ လုပ်နေသလားလို့ ထင်မှတ်ရပါတယ်။ အဲဒီမှာ ဒေါ်စုကြည်ကို ဆန့်ကျင်ဆန္ဒပြတဲ့ လူထုနဲ့ ဒေါ်စုကြည်အဖွဲ့ပဋိပက္ခဟာ ဒီပဲယင်းအရေးအခင်းအဖြစ် ပုံကြီးချဲ့ပြီး နိုင်ငံရေးအမြတ်ထုတ်တဲ့အဆင့်အထိ ဆိုက်ရောက်ခဲ့ရပါတော့တယ်။

ဒါကြောင့် နိုင်ငံတော်အစိုးရက ဒေါ်စုကြည်ကို တတိယအကြိမ် နေအိမ်တွင် တားဆီးမိန့်ထုတ်ပြန်ခဲ့ရပြန်တာ ဖြစ်ပါတယ်။

ဒီတော့ ဒေါ်စုကြည်နဲ့ NLD အဖွဲ့ချုပ်ရဲ့ အယူဝါဒရေး(သဘောတရားရေး)ဟာ အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုတဲ့ အယူမှားနဲ့ ဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေးလမ်းကို အစိုးရက ချခင်း ဖွင့်လှစ်ပေးထားပါလျက် အဲဒီလမ်းကို ဆန့်ကျင်ပြီး ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေး၊ နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့ ဖိအားပေးရေးနဲ့ လူထုဆူပူအုံကြွမှုဖြင့် အာဏာရယူရေးလမ်းကြောင်းကိုသာ လုံးပန်းခဲ့၊ လုံးပန်းဆဲ ဖြစ်ပါတယ်။

(၁) ဖက်ဒရယ်ပြည်ထောင်စုစနစ်ထူထောင်ရေး (ဒါဟာ ပြည်ထောင်စုပြိုကွဲရေး သဘောထားဖြစ်တယ်)၊ (၂) အမျိုးသားညီလာခံကို တိုင်းရင်းသားများကဆန့်ကျင်ရေး (ဒါဟာအမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကိုဆန့်ကျင်တဲ့ သဘောထားဖြစ်တယ်)၊ (၃) နိုင်ငံတော်အစိုးရကို အကျိုးပြုစေမည့် ရင်းနှီးမြှုပ်နှံမှုများဆန့်ကျင်ရေး (ဒါဟာ တိုင်းပြည်နဲ့ ပြည်သူကို စီးပွားရေးချွတ်ခြုံကျစေပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ပြားကာ ယူဂိုဆလပ်ပြည်ထောင်စုမှ ကွဲထွက်သွားတဲ့ တိုင်းပြည်တွေ နေတိုးစစ်အုပ်စုရဲ့ ထီးရိပ်အောက်သို့ ရောက်ကြရတဲ့ ဘဝမျိုးရောက်စေမည့်၊ နယ်ချဲ့လက်သစ်သြဇာခံဖြစ်စေမည့် သဘောထားတောင်းဆိုမှုဖြစ်တယ်)၊ (၄) အာဆီယံထဲသို့ မြန်မာဝင်ခွင့်ရမှု နှောင့်နှေးစေရေး(ဒါဟာ တိုင်းပြည်ကို အထီးကျန်ဘဝနဲ့ နယ်ချဲ့သြဇာခံဘဝရောက်ရေးဖြစ်တယ်)ဆိုတဲ့ ရောင်စုံပြည်ပြေးသောင်းကျန်းသူတွေနဲ့ လူမျိုးစုလက်ကျန်သောင်းကျန်းသူတွေ ပူးပေါင်းဖွဲ့စည်းထားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံညွှန့်ပေါင်းအစိုးရအမည်ခံ စင်ပြိုင်သောင်းကျန်းသူအစိုးရအဖွဲ့ရဲ့ 'မဲသရောထ'ဆုံးဖြတ်ချက်ကို ဒေါ်စုကြည်နဲ့ NLDက ထောက်ခံပြီး သူတို့ကို မဟာမိတ်အဖြစ် လက်ခံထားတယ်။

ထို့အပြင် ပြည်ပရောက် ရောင်စုံသောင်းကျန်းသူတွေ၊ ပြည်ပြေးတွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေဖြစ်တဲ့ ဗုံးထောင်ဖောက်ခွဲ ခြိမ်းခြောက်မှု၊ ပါဆယ်ဗုံးနဲ့ ပေးပို့လုပ်ကြံသတ်ဖြတ်မှု၊ ထိုင်းနိုင်ငံသံရုံးဝင်စီးဓားပြတိုက်မှု၊ ဓာတ်ငွေ့ပိုက်လိုင်းတွေ လျှပ်စစ်ဓာတ်အားတိုင်တွေ ဗုံးခွဲဖျက်ဆီးမှု၊ လေယာဉ်ပြန်ပေးဆွဲမှုစတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ဒီမိုကရေစီရေးတိုက်ပွဲဝင်တဲ့ လှုပ်ရှားလုပ်ဆောင်မှုတွေအဖြစ် သတ်မှတ်ထောက်ခံနေကြတယ်။ ဒါကြောင့် **ဒေါ်စုကြည်နဲ့ NLD အဖွဲ့ချုပ်တို့ရဲ့ အယူဝါဒရေး၊ နိုင်ငံရေးဟာ အကြမ်းမဖက်တဲ့ ဒီမိုကရေစီရေးတိုက်ပွဲဝင်နေတာ မဟုတ်ဘဲ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ ဈေးကွက်စီးပွားရေးပီပြင်တိုးတက်ရေးကို ဆန့်ကျင်နေတဲ့ ဓနရှင်ပေါက်စ လူတန်းစားရဲ့ ပါတီတစ်ခု၊ လူတစ်စု အာဏာရရေး လှုပ်ရှားမှု စိတ်ကူးယဉ် လက်ယာအချောင်သမားဝါဒနဲ့ မင်းမဲ့ဝါဒ၊ ရောကျော်ဝါဒသာ ဖြစ်နေပါတယ်။**

ဒါကြောင့် **ဒီနေ့ အနောက်အုပ်စုနဲ့ နိုင်ငံတကာမှ ဒီမိုကရေစီဝါဒီ၊ လူ့အခွင့်အရေးဝါဒီအမည်ခံတွေက ဒေါ်စုကြည်လွှတ်ပေးရေးတောင်းဆိုနေတာတွေဟာ နယ်ချဲ့လက်သစ်သြဇာခံ ဓနရှင်ပေါက်စလူတစ်စု အာဏာရရေးနဲ့ မြန်မာနိုင်ငံကို နယ်ချဲ့လက်သစ်သြဇာခံနိုင်ငံဖြစ်ရေးအတွက် ဝိုင်းဝန်းတောင်းဆိုနေတာသာ ဖြစ်တယ်။**

ယနေ့ကာလမှာ ကမ္ဘာ့လူတန်းစားတိုက်ပွဲရဲ့ စစ်ရေးဗဟိုချက်မဟာ အာဖဂန်နဲ့အီရတ်နိုင်ငံတွေဖြစ်နေပြီး ကမ္ဘာ့လူတန်းစားတိုက်ပွဲရဲ့ နိုင်ငံရေးဗဟိုချက်မဟာ မြန်မာနိုင်ငံဖြစ်နေတယ်။ ကမ္ဘာ့လူတန်းစားတိုက်ပွဲရဲ့ စီးပွားရေးဗဟိုချက်မကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်နေပါတယ်။

ဒါကြောင့် ကမ္ဘာ့လူတန်းစားတိုက်ပွဲရဲ့ စီးပွားရေးဗဟိုချက်မဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ အိန္ဒိယလို လူဦးရေလဲများ၊ စီးပွားရေးလဲ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ငြိမ်းချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လိုလားသူတိုင်းဟာ တရားဥပဒေစိုးမိုးရေးနဲ့ နယ်မြေအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး လုပ်ငန်းရပ်တွေမှာ အထောက်အကူပြု ပါဝင်ခြင်းဖြင့် ရွေးကောက်ပွဲအမြန်ဖြစ်မြောက်နိုင်ရေးအတွက် အစိုးရနဲ့ ပူးပေါင်းလက်တွဲဆောင်ရွက်ဖို့ မသင့်ပေဘူးလား။

သို့သော် ဒေါ်စုကြည်ဟာ တစ်ဖက်က ရွေးကောက်ပွဲ ဖြစ်မြောက်ရေးကို အဓိကထား လုပ်ရမယ်လို့ ပြောပြီး အခြားတစ်ဖက်က တိုင်းပြည်အနှံ့ တပ်မတော်ဆန့်ကျင်ရေး မကြောက်တရားတွေသာ ရဲရဲတောက် ဟောပြောခဲ့ပါတယ်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ရှေးရှုကာ တရားမဝင်ဖွဲ့စည်း စည်းရုံးလှုပ်ရှားပြီး စာရွက်စာတမ်း၊ စာအုပ်နဲ့ ပုံနှိပ်ထုတ်ဝေစာများ တရားမဝင် ထုတ်ပြန်နေတဲ့ အဖွဲ့အစည်းများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အစိုးရက အမိန့်အမှတ်(၃၈)ကို ထုတ်ပြန်ကြေညာပြီး ကန့်သတ်တားမြစ်ခဲ့ရပါတယ်။

အစိုးရရဲ့ ဒီလုပ်ဆောင်ချက်ကို ဒီမိုကရေစီရေးဖိနှိပ်ပိတ်ပင်မှုအဖြစ် ရှုမြင်ပြီး ဒေါ်စုကြည်နဲ့ NLD အဖွဲ့ချုပ်က "အများသဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ" ဆိုတဲ့ ကြွေးကြော်သံကို ရှေ့တန်းတင်၍ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးနဲ့ အာဏာဖီဆန် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခြင်းဖြင့် တုံ့ပြန်ခဲ့ပါတယ်။

ဒီနေ့ အနောက်အုပ်စုနဲ့ နိုင်ငံတကာမှ ဒီမိုကရေစီဝါဒီ၊ လူ့အခွင့်အရေးဝါဒီ အမည်ခံတွေက ဒေါ်စုကြည်လွှတ်ပေးရေးတောင်းဆိုနေတာတွေဟာ နယ်ချဲ့လက်သစ်သြဇာခံ ဓနရှင်ပေါက်စလူတစ်စု အာဏာရရေးနဲ့ မြန်မာနိုင်ငံကို နယ်ချဲ့ လက်သစ်သြဇာခံ နိုင်ငံဖြစ်ရေးအတွက် ဝိုင်းဝန်းတောင်းဆိုနေတာသာ ဖြစ်တယ်။

✳ ရှေ့ဖုံးမှ

ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ လမ်းတစ်လျှောက် လမ်းပိုင်းအခြေအနေ၊ လမ်းဘေးဝဲယာ၌ ဖြစ်ထွန်းအောင်မြင်နေသော မိုးစပါး စိုက်ခင်းများနှင့် စိမ်းလန်းစိုပြည်မှုအခြေအနေများကိုလည်းကောင်း၊ မိုင်းဖြတ်မြို့ ဖွံ့ဖြိုးစည်ပင်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် တာလေမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် တာချီလိတ်မြို့သို့ ရောက်ရှိကြကာ တာချီလိတ်မြို့ ဖွံ့ဖြိုးစည်ပင်မှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် တာချီလိတ်မြို့ အကောက်ခွန်ဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းမှု၊ ခြံစည်းရိုးကြက်ဆူသီး၊ ကြက်ဆူစေ့များကို ကြည့်ရှုစစ်ဆေးရာ အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးညွန့်အောင်နှင့် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်တို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် ရဲတပ်ဖွဲ့၏ ခြံစည်းရိုးကြက်ဆူ ငါးဧကစိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်မောင်ထွေး၊ တိုင်းမှူးတို့က ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ခြံစည်းရိုးကြက်ဆူကိုင်းဖြတ်၍ ပျိုးကိုင်းရရှိရေးကို စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့ မေဖလားဝါးကွင်း၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးခြင်းအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ရပ်ကွက် များမှ ဒေသခံတိုင်းရင်းသားများ၊ ရှမ်းရိုးရာ အိုးစည်အဖွဲ့တို့ တက်ရောက်ကြသည်။

ရှေ့ဦးစွာ တာချီလိတ်ခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးမြအောင်က ခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ခြံစည်းရိုးကြက်ဆူပင်များကိုပေးအပ်ရာ ခရိုင်နှင့် မြို့နယ် လူမှုရေးအသင်းအဖွဲ့ကိုယ်စားလှယ်များက လက်ခံကြသည်။

ပျိုးပင်များပေးအပ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ခြံစည်းရိုးကြက်ဆူပျိုးပင်များကိုပေးအပ်ရာ တာချီလိတ်ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများကအသီးသီးလက်ခံရယူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ခြံစည်းရိုးကြက်ဆူမျိုးစေ့များကို ပျိုးထောင်ထားရှိနိုင်ရန် ထည့်သွင်းစိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်တို့သည် ခြံစည်းရိုးကြက်ဆူပျိုးပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများက ခြံစည်းရိုးကြက်ဆူပျိုးပင်များ စုပေါင်းစိုက်ပျိုးကြသည်ကို ကြည့်ရှုအားပေးကြသည်။

တာချီလိတ်ခရိုင်၌ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၇၇၂၆ ဒသမ ၁၅ ဧက၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ၈၃၈ ဒသမ ၀၁ ဧက စိုက်ပျိုးပြီး ၃၇၉၂ ဒသမ ၁၃ ဧက ပျိုးထောင်ထားကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် အောင်မြတ်ခန်းမ၌ တာချီလိတ်မြို့ ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပို့ကုန် သွင်းကုန် လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းတင့်က ကုန်သွယ်မှုအခြေအနေ၊ ဘဏ္ဍာရေးနှစ်အလိုက် ကုန်သွယ်နိုင်မှု၊ မြန်မာနိုင်ငံမှ အများဆုံး တင်ပို့နေသည့် ပို့ကုန်ခုနစ်မျိုးအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စက်မှုကုန်ကြမ်းသီးနှံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အမှာစကားပြောကြားရာတွင် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်ကုန်သည်ကြီးများအနေဖြင့် တစ်ဆင့်ယူရောင်းဝယ်ကြသည့် အခြေအနေမှ ကိုယ်တိုင်ထုတ်လုပ်ပြီး ရောင်းဝယ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကုန်သွယ်စီးပွားရေးလုပ်ငန်းအပြင် စက်မှုကုန်ကြမ်းသီးနှံရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးထုတ်လုပ်ရန် လိုကြောင်း။

မိမိအတွက်လည်းအကျိုးရှိ၊ နိုင်ငံနှင့်ဒေသအတွက်အကျိုးရှိမည့်အရောင်းအဝယ် လုပ်ငန်းများအပြင် ကုန်ထုတ်လုပ်ငန်းများပါ ပူးတွဲဆောင်ရွက်ကြစေလိုကြောင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများကို နည်းလမ်းသုံးမျိုးဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ ပထမနည်းလမ်းမှာ တရုတ်နိုင်ငံမှ သွင်းကုန်များကို မိုင်းလား-တာချီလိတ်မှ တစ်ဆင့် တစ်ဖက်နိုင်ငံသို့လည်းကောင်း၊ ဒုတိယနည်းလမ်းမှာ ပို့ကုန်ပစ္စည်းများကို တာချီလိတ်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့လည်းကောင်း၊ တတိယနည်းလမ်းမှာ ဈေးကောင်း ရရှိနေသော စက်မှုကုန်ကြမ်း သီးနှံရော်ဘာနှင့် ကုန်သွယ်ရေးကို အထောက်အကူပြုနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းထုတ်ကုန်များကို တစ်ဖက်နိုင်ငံသို့ တင်ပို့သည့်နည်းလမ်းပင် ဖြစ်ကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

မကြာမီတွင် ကုန်သွယ်ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်တော့မည်ဖြစ်၍ Internet Website မှနေ၍ တစ်ဖက်နိုင်ငံများ၏ ဈေးကွက်အခြေအနေနှင့် ပြည်တွင်းရှိ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ဝယ်လိုမှုအား၊ ရောင်းလိုမှုအားတို့ကို ချိတ်ဆက်ပေးရန်နှင့် သတင်းအချက်အလက် နည်းပညာဖြင့် ကျယ်ပြန့်သော ဈေးကွက်ဖြစ်စေရန် သက်ဆိုင်ရာ ဌာနများက ဝိုင်းဝန်း ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံမှ တစ်ဖက်နိုင်ငံသို့ တင်ပို့နေသည့် အဓိကပို့ကုန် ခုနစ်မျိုးကို ယခုထက် ပိုမို တင်ပို့နိုင်ရန် ကြိုးပမ်းကြစေလိုကြောင်း၊ ထို့ပြင် စက်မှုကုန်ကြမ်းရော်ဘာကို တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ပို့ကုန် အများဆုံး ဆောင်ရွက်နိုင်ခဲ့သော လုပ်ငန်းရှင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ ပထမဆုရ ရွှေရေကန် သွင်းကုန် ထုတ်ကုန် ကုမ္ပဏီမှ ဦးစိုင်းနွမ်း၊ ဒုတိယဆုရ ရွှေနန်းစံ သွင်းကုန်ထုတ်ကုန်ကုမ္ပဏီမှ ဒေါ်နန်းခင်သီတာမြင့်၊ တတိယဆုရ ရွှေသဲသွင်းကုန် ထုတ်ကုန် ကုမ္ပဏီမှ ဦးအိုက်လှတို့က အသီးသီး လက်ခံကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ၂၀၀၆-၂၀၀၇ဘဏ္ဍာနှစ်အတွင်း သွင်းကုန်အများဆုံး ဆောင်ရွက်နိုင်သော လုပ်ငန်းရှင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ ပထမဆုရ ရွှေရေကန် သွင်းကုန်ထုတ်ကုန် ကုမ္ပဏီမှဦးစိုင်းနွမ်း၊ ဒုတိယဆုရနေမင်း သွင်းကုန်ထုတ်ကုန်ကုမ္ပဏီမှဒေါ်နန်းဇင်၊ တတိယဆုရ ကြူကြူဝင်း သွင်းကုန် ထုတ်ကုန် ကုမ္ပဏီမှ ဒေါ်ကြူကြူဝင်း တို့က အသီးသီးလက်ခံကြသည်။

ယင်းနောက် တာချီလိတ်မြို့ ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးကြည်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တာချီလိတ်တပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **(သတင်းစဉ်)**

ရွှေသန်လျင် မဟာစည်သာသနာ့ရိပ်သာ အထူးတရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

ကျေးဇူးရှင် မယ်ဒက်ကယ်ဆရာတော်ကြီး ဦးဝီရိယအား ဦးထိပ်ထား၍ သန်လျင်မြို့ မဟာစည်သာသနာ့ရိပ်သာ ဓမ္မရက္ခိတကျောင်းတိုက်၌ ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလ၏ (၂၇)ကြိမ်မြောက် အထူးတရားစခန်းပွဲကြီး ကျင်းပမည် ဖြစ်သည်။ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ခေမာစာရ ကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ (ရေတာရှည်) အရှင်သူမြတ်က ဗုဒ္ဓ၏သတိပဋ္ဌာန်ကျင့်စဉ်နှင့် ပါဠိတော်ဟောစဉ်များ ဟောကြားပြသမည်ဖြစ်ရာ တရားအားထုတ်မည့် ယောဂီများသည် ဒုတိယဝါဆိုလဆန်း ၁၄ ရက် (ဇူလိုင် ၂၈ ရက်) စနေနေ့ ညနေ ၄ နာရီအရောက် ကျိုက်ခေါက်ဘုရားအလွန် ကျိုက်အင်းမှတ်တိုင်ဆင်း၍ လာရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

စာမျက်နှာ ၉ မှ

ဖွံ့ဖြိုးတိုးတက်လာနေတဲ့ နှစ်နိုင်ငံအကြားမှာ ပထဝီနိုင်ငံရေးအရ အရေးပါလှတဲ့ မြန်မာနိုင်ငံကို သြဇာခံနိုင်ငံဖြစ်စေနိုင်ဖို့ ဒေါ်စုကြည်နဲ့ NLD တို့ အာဏာရရေးဟာ နယ်ချဲ့လက်သစ်တွေအတွက် သေရေးရှင်ရေး ပြဿနာလို ဖြစ်နေပါတယ်။ ဒါကြောင့် နယ်ချဲ့လက်သစ်တွေနဲ့ ၎င်းရဲ့မဟာမိတ်တွေ၊ ပြည်တွင်းပြည်ပဆန့်ကျင်ဘက်အဖွဲ့တွေက ဒေါ်စုကြည်လွှတ်ပေးရေးကို ညီညာဖြဖြ ဝိုင်းဝန်းပူးပေါင်းတောင်းဆို ဖိအားပေးနေကြတာပဲဖြစ်တယ်။ ဘာကြောင့် ဒီလို တောင်းဆိုနေကြတာလဲဆိုတာကို ဆန်းစစ်ကြည့်ရင် လက်ရှိ NLD ခေါင်းဆောင်တွေ၊ ၈၈မျိုးဆက်ကျောင်းသားဆိုသူတွေဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိဘဲ တပ်မတော်အစိုးရလက်ထဲက နိုင်ငံရေးအာဏာကို လူထု ဆူပူအုံကြွမှုနဲ့ ဖန်တီးရယူနိုင်စွမ်းမရှိတာရယ်၊ စီးပွားရေးပိတ်ဆို့ဖိအားပေးမှု၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဖိအားပေးမှုတို့နဲ့လဲ ရနိုင်တဲ့အနေအထားမရှိတော့တာရယ်ကြောင့် လူထုဆူပူအုံကြွမှုနဲ့ NLD အာဏာရရေးကို ဒေါ်စုကြည် ကသာ ဖန်တီးရယူနိုင်မယ်ဆိုတဲ့ မျှော်ကိုးချက်နဲ့ ဒေါ်စုကြည်လွှတ်ပေးရေးကို ဝိုင်းဝန်းတောင်းဆိုဖိအားပေးနေကြတာ ဖြစ်ပါတယ်။

ဒါကြောင့် **ယနေ့ ဒေါ်စုကြည် လွှတ်ပေးရေးဟာ မြန်မာနိုင်ငံပြည်သူတွေအတွက် ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာရေးမဟုတ်ဘဲ NLD ပါတီနဲ့ လူတစ်စု အာဏာရရေးအတွက်သာဖြစ်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ ဈေးကွက်စီးပွားရေးပီပြင်တိုးတက်ရေးတို့ကို ဆန့်ကျင်ပျက်ပြားစေကာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်မဖော်နိုင်ဘဲ နယ်ချဲ့လက်သစ်သြဇာခံ တိုင်းပြည်ဖြစ်လာရေး တောင်းဆိုချက်သာဖြစ်ပါတယ်။**

ဘာကြောင့်လဲဆိုတော့ **ဒီမိုကရေစီဆိုတာ လူပုဂ္ဂိုလ် တစ်ယောက်က စွမ်းဆောင်ဖန်တီးလို့မရဘဲ ဈေးကွက်စီးပွားရေးပီပြင်တိုးတက်မှုကြောင့် တိုးပွားလာတဲ့ ကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်မှုက ဖန်တီးတဲ့ရလဒ်သာဖြစ်လို့ပါပဲ။ ဒါကြောင့် "လူသားဟာ မိမိစိတ်အလိုရှိတဲ့ လူ့အဖွဲ့အစည်းကို လွတ်လပ်စွာထူထောင်နိုင်စွမ်းရှိပါရဲ့လား။ အဖြေကတော့ လုံးဝမဖြစ်နိုင်ဘူးဆိုတာပါပဲ။ စကားကုန်ပြောရမယ်ဆိုလျှင်တော့ လူသားဟာ မိမိဆန္ဒရှိတဲ့အတိုင်း လွတ်လပ်စွာ ကုန်လုပ်စွမ်းအားစုတွေကို ရွေးချယ်သုံးစွဲနိုင်စွမ်းမရှိပါဘူး။ ကုန်လုပ်စွမ်းအားစုတွေဟာ လူ့သမိုင်းကိုဖန်တီးတဲ့ အခြေခံအင်အားစုတွေ ဖြစ်တယ်။ ကုန်လုပ် စွမ်းအားစုတွေ ဖြစ်ထွန်းလာမှုဟာ ရုပ်ဝတ္ထုအခြေအနေသစ်တွေပေါ်ထွန်းလာမှုပဲ ဖြစ်တယ်။ ယနေ့မျက်မှောက်သုံးစွဲလုပ်ကိုင်နေတဲ့ ကုန်လုပ်စွမ်းအားစုတွေ မှန်သမျှဟာ အတိတ်ခေတ်ရဲ့ ကြိုးပမ်းမှုလုပ်အားတွေရဲ့ အကျိုးဆက်တွေသာဖြစ်တယ်"လို့ နိုင်ငံရေး ဘောဂဗေဒတရားက ဆိုထားပါတယ်။**

ဒေါ်စုကြည်ဟာ အကြမ်းဖက်တဲ့နည်း (အကြမ်းဖက်တဲ့နည်း)နဲ့ ဒီမိုကရေစီရေးတိုက်ပွဲဝင်နေသူဖြစ်ရုံသာမက မြန်မာနိုင်ငံလူ့သမိုင်းကို ရှေ့သို့တိုးတက်စေရန် လိုအပ်တဲ့ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ပေါ်တိုးတက်အောင် မလုပ်ဆောင်ဘဲ တည်ဆဲအစိုးရကို ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေး၊ တိုင်းပြည်နဲ့ပြည်သူတွေ စီးပွားရေးချွတ်ခြုံကျစေပြီး လူထုဆူပူအုံကြွမှုတွေ ဖြစ်ပေါ်လာရေး၊ မိမိတို့အာဏာရရေးအတွက် စီးပွားရေးပိတ်ဆို့ ဖိအားပေးရေး၊ ကုန်လုပ်စွမ်းအားစုတွေ ကျဆင်းကြေပြုန်းရေးစတဲ့ အဖျက်လုပ်ရပ်တွေကိုသာ တစိုက်မတ်မတ် လုပ်နေသူ၊ လူ့သမိုင်း (မြန်မာနိုင်ငံရဲ့သမိုင်း)ကို နောက်ပြန်ဆွဲနေသူသာ ဖြစ်နေပါတယ်။ ဒါကြောင့် **"ဒေါ်စုကြည်လွှတ်ပေးရေးတောင်းဆိုမှုရဲ့ နိုင်ငံရေးအဓိပ္ပာယ်ဟာ ဘာလဲ"** လို့ မေးခွန်းထုတ်လိုက်ချင်ပါတယ်။ ။

ဗောဓိနမ့်ဆန်ကျောင်း ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၁

စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက် ဗောဓိနမ့်ဆန်ကျောင်း၌ အဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ပူဇော်နိုင်ရန်နှင့် ဝါဆိုသင်္ကန်း တစ်စုံလျှင် ကျပ် ၅၀၀၀ နှုန်းနှင့် ဆောက်လုပ်ဆဲ ဗောဓိနမ့်ဆန်ကျောင်းနှစ်ထပ်တိုက်သစ်အတွက် အလှူငွေများ လှူဒါန်းနိုင်ရန် ဖုန်း-၅၀၀၇၉၄ သို့ စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း ဖိတ်ကြားထားသည်။ **(က-ပ)**

ဆားဗီးယားပန်းချီဆရာမ၏ပန်းချီပြပွဲ

သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၁

ဆားဗီးယားနိုင်ငံမှ ပန်းချီဆရာမ Madame Jasmina Aleksic ၏ Diary ဟု အမည်ပေးထားသော တစ်ကိုယ်တော် ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ် ၁၁၃/၃(ဘီ)ရှိ ဗိသုကာနီးအနုပညာပြခန်း၌ ဇူလိုင် ၁၆ ရက်မှ ၂၇ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။

ချိတ်ဆွဲပြသ

နှစ်နိုင်ငံ ယဉ်ကျေးမှုနှင့်အနုပညာ ပူးပေါင်းဖလှယ်ရေးအစီအစဉ်တစ်ရပ် အဖြစ် မြန်မာနိုင်ငံရှိ ဆားဗီးယားသံရုံးမှ စီစဉ်ကျင်းပခြင်းဖြစ်သည်။ ကျယ်ဝန်းသပ်ရပ်သော ဗိသုကာနီးအနုပညာပြခန်းအတွင်း ဆားဗီးယား ပန်းချီဆရာမ Madame Jasmina Aleksic ၏ လက်ရာပန်းချီကားပေါင်း ၂၁ ကား ချိတ်ဆွဲပြသထားသည်။

ပံ့ပိုးပေး

ပန်းချီကားအားလုံးသည် အတွေးအခေါ်နက်ရှိုင်းပြီး သဘာဝမဟုတ်သော ရေးဆွဲချက်များနှင့် အရောင်ခြယ်သမှု ဆန်းသစ်ခြင်းတို့ကလည်း ပန်းချီရသကို ခံစားနိုင်အောင် ပံ့ပိုးပေးလျက်ရှိသည်။

ပန်းချီကားများအနက် Red Flower အမည်ရှိ ပန်းချီကားမှာ အနက်ရောင်၊ အနီရောင်များကို မျဉ်းဖြောင့်များသုံးပြီး ခြယ်မှုန်းထားခြင်းဖြစ်သည်။ အရောင်ရင့်ရင့်ကို ညီညွတ်မျှတအောင် အသုံးပြုထားသဖြင့် ရိုးစင်းသော်လည်း ထူးခြားဆန်းသစ်နေသည်။

အခြား စိတ်ဝင်စားစရာကောင်းသော ပန်းချီကားများမှာ ထီးအမည်ရှိ ပန်းချီကား၊ Hot Day အမည်ရှိ ပန်းချီကား၊ Sun Rise အမည်ရှိ ပန်းချီကားနှင့် Diary အမည်ရှိပန်းချီကားများဖြစ်သည်။

အဆိုပါ ပန်းချီကားအားလုံးကို အနီ၊ အနက်၊ အဝါ၊ အပြာနှင့် အဖြူရောင်တို့၏ ပေါ်လွင်သောဆန့်ကျင်မှုများကိုသုံးပြီး သိမ်မွေ့သည့်တင်ပြမှုများဖြင့် ခြယ်မှုန်းထားသည်ဖြစ်ရာ ဆားဗီးယားပန်းချီဆရာမ၏ လက်ရာမြောက်ပန်းချီကားများပင် ဖြစ်သည်။

ယခုပန်းချီပြပွဲကို ဇူလိုင် ၂၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို အခမဲ့ လာရောက်လေ့လာ ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဆားဗီးယားပန်းချီဆရာမ၏ Red Flower အမည်ရှိပန်းချီကား။

* ကျောဖုံးမှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၇နာရီ ၄၅မိနစ်တွင် ဘားအံတက္ကသိုလ်သို့ ရောက်ရှိကြရာ ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ဆရာ ဆရာမများ၊ ဘားအံပညာရေးကောလိပ် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဘားအံတက္ကသိုလ်ဝင်း အတွင်း၌ ဘားအံမြို့နယ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကရင်ပြည်နယ် ပြည်နယ်အဆင့် လူမှုရေး အသင်းအဖွဲ့များဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ ကိုယ်စားလှယ်များအား သစ်ပင်ပျိုးပင်များကို အသီးသီး ပေးအပ်သည်။

ပျိုးပင်များပေးအပ်

ဆက်လက်၍ တိုင်းမှူးက ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်မီးသတ်တပ်ဖွဲ့နှင့် ခရိုင်ကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်များအားလည်းကောင်း၊ ပြည်နယ်ဥက္ကဋ္ဌက ဘားအံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များအား လည်းကောင်း သစ်ပင်ပျိုးပင်များကို အသီးသီးပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် သတ်မှတ်နေရာများ၌ ကံ့ကော်ပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပါဝင်စိုက်ပျိုးပေးကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြပြီး သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယခုကျင်းပသော ဘားအံမြို့နယ် သစ်ပင်စိုက်ပျိုးပွဲတော်တွင် ဘားအံတက္ကသိုလ်ဝင်းအတွင်း၌ မဟော်ဂနီ၊ မဲဇလီ၊ ကုက္ကို၊ ကံ့ကော်၊ ခရေ၊ ပိတောက်နှင့် ဆီသပြေပင် စုစုပေါင်း အပင် ၁၀၀၀ ကို စုပေါင်း စိုက်ပျိုးကြခြင်းဖြစ်သည်။

အလေးထားခံယူ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဘားအံတက္ကသိုလ် ဧည့်ခန်းမ၌ ဘားအံတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကထိကနှင့် နည်းပြများ၊ ဘားအံပညာရေးကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအားတွေ့ဆုံ၍ မိမိတို့နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်အောင် အသိပညာရှင် အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များဖြင့် တည်ဆောက်နေသည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများအား အသိပညာရှင် အတတ်ပညာရှင်များဖြစ်အောင် ဆရာ ဆရာမများက ဦးဆောင်ပဲ့ပြင် သင်ကြားပေးနေခြင်းပင်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအား မိမိတို့၏ဘဝ အဆင့်အတန်း မြင့်မားတိုးတက်ရေးမှသည် နိုင်ငံတော်ကြီး တိုးတက်ဖွံ့ဖြိုး၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ထာဝစဉ်ရပ်တည်နိုင်သည်အထိ အကျိုးဖြစ်ထွန်းရရှိစေမှာဖြစ်ကြောင်း၊ အသိပညာအတတ်ပညာ ပြည့်ဝပြီး စည်းကမ်းကျနစွာ၊ ငြိမ်းချမ်းစွာ ပညာသင်ကြားကြရန် လမ်းမှန်ညွှန်ပြဆုံးမပဲ့ပြင် သင်ကြားပို့ချပေးကြရန်ဖြစ်ကြောင်း၊ ထို့အပြင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကိုလည်း အလေးထားခံယူ လိုက်နာဆောင်ရွက်ကြစေရန်၊ စည်းရုံးဦးဆောင်မှုပေးကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်မြမြအေးနှင့် ဘားအံပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဒေါ်နုနုတို့အား ဆရာ ဆရာမများအတွက် သစ်သီးခြင်းများကို ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းတို့ လိုက်ပါလျက် ဘားအံမြို့ နယ်မြေခံတပ်မဌာနချုပ်ရုံးခန်းမ၌ ဘားအံတပ်နယ်မှ တပ်မတော်အရာရှိများအားတွေ့ဆုံ၍ အမှာစကား ပြောကြားပြီး တပ်နယ်မိသားစုများအတွက် အဝတ်အထည်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့မှ ဘားအံ–မော်လမြိုင် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ခရုံကျေးရွာ၌ ကျင်းပသည့် ကျိုက်မရောမြို့နယ် မိုးစပါးဓာတ်မြေဩဇာ စုပေါင်းကြဲပက်ပွဲနှင့် စပါးခင်းများအတွင်း ငါးမျိုးသားပေါက်များ စိုက်ထည့်ခြင်း အခမ်းအနားသို့တက်ရောက်အားပေးကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ခရုံကျေးရွာအုပ်စုမှ တောင်သူ ၁၄ ဦးတို့၏ ဆင်းသွယ်လတ် စပါးဧက ၈၀ စိုက်ခင်း၌ တောင်သူများက စပါးခင်းအတွင်း ဓာတ်မြေဩဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးတို့က စပါးခင်းများအတွင်းသို့ ငါးမျိုးသားပေါက်များကို စိုက်ထည့်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးတို့သည် တောင်သူနှစ်ဦးစီတို့အား စပါးခင်းများ၌ စိုက်ထည့်ရန် ငါးမျိုးသားပေါက်များကို အသီးသီးပေးအပ်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ယာယီမဏ္ဍပ်၌ ကျိုက်မရောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်လှိုင်က ကျိုက်မရောမြို့နယ်၏ မိုးစပါးစိုက်ပျိုးရန် လျာထားမှုနှင့် မြေအမျိုးအစားအလိုက် စိုက်ပျိုးပြီးစီးမှုနှင့် ကျန်ရှိသော လယ်မြေများ၌ ဆက်လက် စိုက်ပျိုးရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းက မွန်ပြည်နယ်၏ မိုးစပါး စိုက်ပျိုးမှု စုစုပေါင်းဧက ၁၀၀၈၈၃၀ တွင် ၆၁၂၃၀၂ ဧက စိုက်ပျိုးပြီးစီးရာ ၆၀ဒသမ ၇၀ ရာခိုင်နှုန်း ပြီးစီးမှု အခြေအနေ၊ ရေမြေသဘာဝအလိုက် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် မွန်ပြည်နယ်တွင် စပါးစိုက်ပျိုးမှုကို ယမန်နှစ်မှစ၍ တစ်မိုးနှစ်သီးစိုက်ပျိုးခဲ့ရာ အောင်မြင်မှုရရှိခဲ့ကြောင်း၊ အထူးသဖြင့် နွေစပါးမစိုက်နိုင်သော လယ်မြေများတွင် တစ်မိုးနှစ်သီးစိုက်ရန် တွန်းအားပေးလုပ်ဆောင်ရန်ဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်အနေဖြင့် ဒေသဆန်ဖူလုံသော်လည်း မဖူလုံသေးသော အခြားပြည်နယ်နှင့်တိုင်းများအတွက် မိမိပြည်နယ်မှ စပါးကိုရနိုင်သလောက် တိုးတက်ထွက်ရှိအောင် လုပ်ကိုင် ပံ့ပိုးပေးရန်လိုကြောင်း။

ပိုမိုအကျိုးရှိ

စိုက်ပျိုးရေးလုပ်ငန်းကို ဖိဖိစီးစီး လုပ်၍ မိမိတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးအောင် ဆောင်ရွက်ရာတွင် သမားရိုးကျ ရိုးရာနည်းအစား စက်မှုလယ်ယာနည်းဖြင့် လျင်လျင်မြန်မြန်ဆောင်ရွက်သွားနိုင်မည်ဖြစ်ရာ လက်တွန်းထွန်စက်များကို တစ်ဦးချင်း၊ အဖွဲ့အလိုက် စုပေါင်းဝယ်ယူအသုံးပြုခြင်းဖြင့် ပိုမိုအကျိုးရှိအောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ လယ်ယာသုံး စက်ကိရိယာများတွင် အသုံးပြုရန် လောင်စာဆီကို ဘိုင်အိုဒီဇယ်ဖြင့် အသုံးပြုနိုင်အောင် ရေရှည်အကျိုးမျှော်ကိုး၍ ခြံစည်းရိုး ကြက်ဆူကိုလည်း ခြံစည်းရိုးများမှအစ အသုံးမပြုနိုင်သော မြေလွတ်မြေလပ်များတွင်ပါ စိုက်ပျိုးသွားရန်ဖြစ်ကြောင်း။

ထို့အတူ စားသုံးဆီဖူလုံမှုရှိစေရန် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်းနှင့် နေကြာတို့ကို မူလစိုက်သည်ထက် တိုးမြှင့်စိုက်ခြင်း၊ ဆီထွက်ပိုမိုကောင်းမွန်သော မျိုးများပြောင်းလဲစိုက်ပျိုးခြင်း၊ သီးညှပ်စိုက်ပျိုးခြင်းတို့ကိုလည်း လုပ်ဆောင်ရန်ဖြစ်ကြောင်း၊ ဆီထွက်နေကြာကို သီးညှပ်အဖြစ် ဘာပဲစိုက်စိုက် နေကြာညှပ်စိုက်ဟူသော ဆောင်ပုဒ်အတိုင်း စိုက်ပျိုးကြစေလိုကြောင်း။

အလေးထားစိုက်ပျိုး

ယခုအခါ စပါးစိုက်ပျိုးမှုတွင် ဆင်းသွယ်လတ်စပါးမျိုးကို အထွက်ကောင်းမျိုးအဖြစ် ပြောင်းလဲစိုက်ပျိုးလျက်ရှိရာ အထွက်နှုန်း ကောင်းမွန်လာပြီဖြစ်ကြောင်း၊ အထွက်ကောင်းမျိုးများကို အမျိုးအစား များပြားစွာ စိုက်ရန်မလိုဘဲ တစ်မယ်ကောင်း၊ နှစ်မယ်ကောင်းမျှကိုသာ အလေးထား စိုက်ပျိုးကြရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြိုဆို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာတက္ကသိုလ် (မော်လမြိုင်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကွန်ပျူတာတက္ကသိုလ် စာသင်ခန်း၌ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ အမှာစကား ပြောကြားသည်။

တီထွင်ဆောင်ရွက်

ဆက်လက်၍ ကွန်ပျူတာတက္ကသိုလ် (မော်လမြိုင်)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား ကျောင်းဧည့်ခန်းမ၌ တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကွန်ပျူတာပညာရပ်သည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ပညာရပ်ဖြစ်၍ မိမိတို့၏ တပည့်များကို အမှန်တကယ် တတ်ကျွမ်းအောင်၊ ကိုယ်ပိုင် နည်းစနစ် တီထွင်ဆောင်ရွက်နိုင်အောင်စနစ်တကျ သင်ကြားပေးရေး၊ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်း၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ရှောက်တတ်စေရန် သွန်သင်ဆုံးမ သင်ကြားပေးကြရေးတို့ကို မှာကြားသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ် (မော်လမြိုင်)မှ ဆရာဆရာမများအတွက် ထောက်ပံ့ငွေများကို ကျောင်းအုပ်ကြီးဒေါက်တာ ဒေါ်နေခြည်လှဲ့လှဲ့သိန်းထံ ပေးအပ်ပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုက်မရောမြို့နယ်ရှိ မော်လမြိုင်စက်မှုဇုန် တည်ဆောက်ရေး စီမံကိန်းရုံးသို့ ရောက်ရှိကြပြီး မော်လမြိုင်စက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ကူညီပံ့ပိုး

အဆိုပါ တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် စက်မှုလုပ်ငန်းရှင်များအား လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီး နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးတွင် စက်မှုဇုန်ပေါင်း၁၈ဇုန် ထူထောင်၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် လိုအပ်သည်များကို ကူညီပံ့ပိုးလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းရှင်များကလည်း မိမိတို့၏ စီးပွားတိုးတက်ရေးအပြင် နိုင်ငံတော်ကြီးကို စက်မှုလုပ်ငန်းဖြင့် တိုးတက်မြင့်မားလာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာတာဝန်ရှိသူများကလည်း စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား၍ ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များ လိုက်ပါလျက် မော်လမြိုင်စက်မှုဇုန်ရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖြစ်သည့် အောင်ကောင်းရွှေမြိုင် မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံ၌ ရွှေမြိုင်ဂျစ်နှင့် ရွှေမြိုင်လိုက်ထရပ်ကား ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း၊ ကျော်ဖိုးဝ ကြေး၊သံ၊သတ္တု သွန်းလောင်းစက်မှုလုပ်ငန်းစက်ရုံ၌ ရော်ဘာကြိတ်စက်၊ ဖရိန်နှင့်စက်ပစ္စည်း အစိတ်အပိုင်းများ သံသွန်းလောင်းထုတ်လုပ်နေမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာစက်ရုံပိုင်ရှင်များက လိုက်လံပြသ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် ပရိသတ်များ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်

နေပြည်တော် ဇူလိုင် ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အားအမှူးထား၍ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ပျဉ်းမနား ရွာကောက်ရပ်ကွက်ရှိ ဂိုဏ်းထောက် ကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် နေပြည်တော်ပျဉ်းမနား ပါဠိတက္ကသိုလ်စာသင်တိုက် ပဓာန နာယကဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ၊ ဂိုဏ်းထောက်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဥတ္တမနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သီလခံယူဆောက်တည်

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ပါဠိတက္ကသိုလ်စာသင်တိုက် ပဓာန နာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ကြသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် တာဝန်ရှိသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

နေ့ဆွမ်းဆက်ကပ်

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိက အနုမောဒနာ တရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

အောင်မြေလူထုဓမ္မာရုံ မိုးကုတ်တရားပွဲ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် အာစရဝံသကျောင်းတိုက် မိုးကုတ်ဓမ္မကထိက အရှင်ရာဇိန္ဒ(ဝန်းသို) အရှင်သူမြတ်သည် တောင်ဥက္ကလာပမြို့နယ် ၁၃ ရပ်ကွက် အောင်မြေလူထုဓမ္မာရုံ၌ ဒုတိယဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)မွန်းလွဲ ၂ နာရီတွင်ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဘုရင့်နောင်ဈေးကြီး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာန ဘုရင့်နောင်ဈေးကြီးတွင် ဈေးသာယာရေးအဖွဲ့မှ ကြီးမှူးလျက် စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို အဆိုပါဈေးကြီးတွင် ဇူလိုင်၂၈ရက် နံနက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီးတွင် နှစ်စဉ်ဝါဆိုသင်္ကန်း အစုံ ၂၀၀ ကျော် ကပ်လှူမြဲဖြစ်ရာ ယခုနှစ်တွင် သမိုင်း မြို့မပရိယတ္တိစာသင်တိုက် ဆရာတော်နှင့် ဝါဆိုသံဃာတော်တို့အား ဝါဆိုသင်္ကန်း ကပ်လှူမည်ဖြစ်ရာ သင်္ကန်းလှူဒါန်း ကပ်လှူလိုသူများအနေဖြင့် ဝါဆိုသင်္ကန်းကပ်လှူရေး ကော်မတီ ဥက္ကဋ္ဌဦးလှအေး ဖုန်း–၇၂၆၂၆၉၊ အတွင်းရေးမှူး ဦးထွန်းကြည် ဖုန်း–၀၉–၅၀၀၃၇၆၅၊ ဈေးသာယာရေးရုံး ဖုန်း–၆၈၂၀၁၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရွှေလိပ်ပြာအိမ်ရာ သံဃာ့ဒါနအသင်း အရက်ဆွမ်းလောင်းလှူမည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ရွှေလိပ်ပြာအိမ်ရာ သံဃာ့ဒါနဆွမ်းလောင်းအသင်းသည် ဝါတွင်းသုံးလပတ်လုံး ဝါဆိုဝါကပ်တော်မူကြသော သံဃာအပါး ၁၀၀၀ နှင့် သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၀၀ တို့ကို (တနင်္လာနေ့)တိုင်း အရက်ဆွမ်းလောင်းလှူခဲ့ရာ ယခုနှစ် (၁၉)ကြိမ်မြောက် ပထမဆွမ်းပတ်အဖြစ် ဇူလိုင် ၃၀ ရက် (တနင်္လာနေ့)တွင် ဆွမ်း၊ ဆွမ်းဟင်းများ ဆွမ်းဆန်တော်များ စတင်လောင်းလှူကြမည်ဖြစ်သည်။ စေတနာရှင်များသည် အသင်းတည်ရှိရာ အမှတ်(၀၀၁)ရွှေလိပ်ပြာအိမ်ရာ ပန်းလှိုင်ရပ်ကွက်ဓမ္မာရုံ ကြည့်မြင်တိုင်မြို့နယ်သို့ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

တရားမဝင် ပြည်ပမှခေါ်ဆိုမှုများနှင့် စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၂၁

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် အရည်အသွေးပြည့်မီသော ပြည်တွင်းပြည်ပ ဆက်သွယ်ရေးစနစ်များ ဖြစ်ပေါ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မသမာသူအချို့သည် ပြည်ပမှ အဝင်ခေါ်ဆိုမှု (Incoming Call)များကို ပြည်ပကုမ္ပဏီအချို့နှင့် ပူးပေါင်းပြီး တရားမဝင်နည်းလမ်းများဖြင့် ပြည်တွင်းသို့ ပေးပို့နေကြသဖြင့် ပြည်သူ့ဘဏ္ဍာငွေ ဆုံးရှုံးသည့်အပြင် ပြည်ပအဝင်ခေါ်ဆိုမှုများတွင် အသံအရည်အသွေး ညံ့ဖျင်းမှုများ၊ ဖက်စ်၊ အီးမေးလ်များ အသုံးပြု၍မရခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

ပြည်တွင်းနံပါတ်များဖြင့် ပြည်ပခေါ်ဆိုမှုများ ဝင်လာပါက ၎င်းပြည်တွင်းနံပါတ်များကို မှတ်သားပြီး မိမိ၏မည်သည့် ဖုန်းနံပါတ်ကို မည်သည့်အချိန်တွင် မည်သည့်ပြည်တွင်းနံပါတ်ဖြင့် ပြည်ပခေါ်ဆိုမှုများကို ခေါ်ဆိုသွားကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တိုင်ကြားမှုလက်ခံသည့် ဖုန်းနံပါတ်-၁၀၆(သို့မဟုတ်)ဖက်စ်နံပါတ်-၀၆၇-၄၂၂၁၀၆တို့သို့ဆက်သွယ်အကြောင်းကြားပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။

အသက် ၁၇ နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ မန္တလေးတိုင်းအတွင်းရှိ အားကစားကွင်းများ၌ စတင်ယှဉ်ပြိုင်

ရန်ကုန် ဇူလိုင် ၂၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ ခုနှစ်(၁၂)ကြိမ်မြောက် အသက်၁၇နှစ်အောက် ပြည်နယ်နှင့်တိုင်း အမျိုးသားဘောလုံးပြိုင်ပွဲကို မန္တလေးတိုင်းအတွင်းရှိ ဘောလုံးကွင်းများ၌ ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၂ရက်အထိ ကျင်းပလျက်ရှိသည်။

ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီက မန္တလေးမြို့ ဗထူးအားကစားကွင်း၌ကျင်းပပြီး ဖွင့်ပွဲအပြီးတွင် အုပ်စု(က)မှ လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းနှင့် ပဲခူးတိုင်းအသင်းတို့ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းအသင်းက ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

၁၆သင်းပါဝင်

(၁၂)ကြိမ်မြောက် အသက်၁၇ နှစ်အောက် ပြည်နယ်နှင့်တိုင်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းများမှ ၁၆သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဝင် ၁၆သင်းကို လေးသင်းစီပါဝင်သော အုပ်စုလေးစုခွဲ၍ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အုပ်စု(က)တွင် လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အသင်း၊ ပဲခူးတိုင်းအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ပါဝင်ကြသည်။ အုပ်စု(က)ပွဲစဉ်များကို အောင်မြေမန္တလာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

ရွှေမန်းတောင်

အုပ်စု (ခ)တွင် ကရင်ပြည်နယ်အသင်း၊ ချင်းပြည်နယ်အသင်း၊ ကချင်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ပါဝင်ကြသည်။ အုပ်စု(ခ)ပွဲစဉ်များကို ရွှေမန်းတောင်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အုပ်စု(ဂ)တွင် ရန်ကုန်တိုင်းအသင်း၊ စစ်ကိုင်းတိုင်းအသင်း၊ မကွေးတိုင်းအသင်းနှင့် တနင်္သာရီတိုင်း အသင်းတို့ပါဝင်ကြသည်။ အုပ်စု(ဂ) ပွဲစဉ်များကို ပြင်ဦးလွင်မြို့ ခရိုင်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အုပ်စု (ဃ)တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အသင်း၊ မွန်ပြည်နယ်အသင်း၊ ဧရာဝတီတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းတို့ပါဝင်ကြသည်။ အုပ်စု(ဃ)ပွဲစဉ်များကို ကျောက်ဆည်မြို့ ခရိုင်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဇူလိုင် ၂၁ရက်မှ ၂၆ရက်အထိ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် အောင်မြေမန္တလာအားကစားကွင်း၊ ရွှေမန်းတောင်အားကစားကွင်း၊ ပြင်ဦးလွင်ခရိုင် အားကစားကွင်းနှင့် ကျောက်ဆည်ခရိုင် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။ နံနက်ပိုင်းပွဲစတင်ချိန်မှာ နံနက် ၇နာရီဖြစ်ပြီး ညနေပိုင်းပွဲ စတင်ချိန်မှာ ညနေ ၃ နာရီခွဲဖြစ်သည်။ ပထမအဆင့် အုပ်စုပွဲ စဉ်များအပြီးတွင် အုပ်စုပထမနှင့် ဒုတိယရရှိကြသော အသင်းများသည် ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်သို့တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို ဇူလိုင် ၂၈ ရက် တစ်ရက်တည်းတွင် အောင်မြေမန္တလာအားကစားကွင်းနှင့် ရွှေမန်းတောင်အားကစားကွင်းတို့၌ နံနက်ပိုင်းနှင့် ညနေပိုင်းတွင် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ဗိုလ်လုပွဲစဉ်

အကြိုဗိုလ်လုပွဲစဉ်များကို ဇူလိုင် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် အောင်မြေမန္တလာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ တတိယနေရာလုပွဲကို ဩဂုတ် ၁ ရက်တွင်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဩဂုတ် ၂ရက်တွင်လည်းကောင်း ဗထူးအားကစားကွင်း၌ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

(၁၁)ကြိမ်မြောက် အသက် ၁၇ နှစ်အောက် ပြည်နယ်နှင့်တိုင်း အမျိုးသားဘောလုံးပြိုင်ပွဲကိုမန္တလေးတိုင်းအတွင်းရှိ ဘောလုံးကွင်းများ၌ကျင်းပခဲ့ရာ မန္တလေးတိုင်းအသင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။

ယနေ့ပွဲ

ဇူလိုင် ၂၂ ရက် (**ယနေ့**)တွင် ပထမအဆင့်အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပမည်ဖြစ်ရာ အောင်မြေမန္တလာကွင်း၌ ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အသင်းနှင့် ကယားပြည်နယ်အသင်း၊ ရွှေမန်းတောင်ကွင်း၌ နံနက်ပိုင်းတွင် ကရင်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ညနေပိုင်းတွင် ချင်းပြည်နယ် အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ပြင်ဦးလွင်မြို့ ခရိုင်အားကစားကွင်း၌ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းအသင်းနှင့် တနင်္သာရီတိုင်းအသင်း၊ ညနေပိုင်းတွင် စစ်ကိုင်းတိုင်းအသင်းနှင့် မကွေးတိုင်းအသင်း၊ ကျောက်ဆည်မြို့ ခရိုင်အားကစားကွင်း၌ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း၊ ညနေပိုင်းတွင် မွန်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သတင်းဆောင်းပါး - ကိုထွေး

ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပပြီးစီး

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၁

အကြိမ် (၂၀)မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကိုယနေ့နံနက်၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ ပြည်နယ်နှင့်တိုင်း အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲတွင် လက်ရှိမြန်မာ့လက်ရွေးစင် သက်ကိုကိုလတ်(မွန်ပြည်နယ်)နှင့် လက်ရွေးစင်ဟောင်း ကျော်မြင့်ခိုင် (ရန်ကုန်တိုင်း)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ လက်ရှိချန်ပီယံ သက်ကိုကိုလတ်က လေးပွဲ နှစ်ပွဲ ဖြင့် အနိုင်ရရှိပြီး နှစ်နှစ်ဆက်တိုက် ဗိုလ်လုစွဲသွားသည့်အပြင် လှလှဝင်း (ရန်ကုန်)နှင့်အတူ အကောင်းဆုံး အားကစားသမားဆုကို ဆွတ်ခူးသွားသည်။

သုံးကြိမ်မြောက်

သက်ကိုကိုလတ်သည် နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲနိုင်ခြင်းဖြစ်ပြီး၊ လှလှဝင်း(ရန်ကုန်)သည် ယခုပြည်နယ်နှင့်တိုင်း စားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် သုံးကြိမ်မြောက် ဗိုလ်စွဲခြင်းဖြစ်သည်။

ယခုနှစ် ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲများ၌ သက်ကိုကိုလတ်သည် ပထမဆုလေးဆုရရှိပြီး အမျိုးသမီးပြိုင်ပွဲများ၌ ရန်ကုန်တိုင်းမှ ဆွေဆွေဟန်က ပထမဆုလေးဆုဖြင့် အများဆုံး ရွှေတံဆိပ်ဆုများကို ဆွတ်ခူးသွားကြသည်။

ဆုပေးပွဲအပြီးတွင် မွန်ပြည်နယ် အသင်းနည်းပြဆရာ ပြည်နယ်လက်ရွေးစင်ဟောင်း ဦးကျော်သက် အဖွဲ့ချုပ်ပဏာမလက်ရွေးစင်နှင့် ရန်ကုန်တိုင်း လက်ရွေးစင် ဆွေဆွေဟန်တို့နှင့် တွေ့ဆုံ၍ ပြိုင်ပွဲအခြေအနေများကို မေးမြန်းရေးသား ဖော်ပြလိုက်ပါသည်။

အခြေခံရွေးချယ်

မွန်ပြည်နယ် အသင်းနည်းပြ ဦးကျော်ကျော်သက်က **“ မိမိတို့လူရွေးချယ်မှုအပိုင်းအနေဖြင့် ပြည်နယ် လက်ရွေးစင်ဟောင်းများ၊ အကောင်းဆုံး အားကစားသမားများနှင့် လူငယ်မျိုးဆက်သစ်များကို အခြေခံ၍ လူရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းအဆင့်တွင် အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၌ ဒုတိယနှင့် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် တတိယရရှိခဲ့ကြောင်း၊ ပြည်နယ်နှင့် တိုင်းပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက်ပြိုင်ပွဲနှစ်မျိုးတွင် အသက်၁၈နှစ်အောက်ပြိုင်ပွဲများ၌ မိမိတို့မွန်ပြည်နယ်မှ သက်ကိုကိုလတ်နှင့် အေးမြတ်သူတို့သည် မိမိတို့ မွန်ပြည်နယ်အတွက် ရွှေတံဆိပ်နှစ်ခုစီနှင့် ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်လေးခု ရယူပေးနိုင်ခဲ့ကြောင်း”**မြန်မာ့အလင်း သတင်းအဖွဲ့ကို ရှင်းပြသွားသည်။

ဆွေဆွေဟန် (ရန်ကုန်တိုင်း)က **“မိမိ အသက်၁၄နှစ်သမီးမှ စတင်၍ စားပွဲတင်တင်းနစ် စတင်ကစားခဲ့ကြောင်း၊ ယင်းနှစ် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲအတွက် ရန်ကုန်တိုင်းမှပါဝင်ယှဉ်ပြိုင်ခဲ့ရာ အသင်းလိုက်ငွေတံဆိပ်ဆုကို ရရှိခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်မှ စတင်၍ ယခုနှစ်အထိ ပဏာမ လက်ရွေးစင် ဖြစ်လာခဲ့ကြောင်း၊ မိမိအနေဖြင့် တစ်နှစ်ထက်တစ်နှစ် နိုင်ငံအတွက်အားထားရမည့် မျိုးဆက်သစ် အားကစားသမားဖြစ်လာရန် ကြိုးစားလျက်ရှိကြောင်း”** မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

အကောင်းဆုံးဆု

ယခုနှစ် ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲတွင် အမျိုးသား အကောင်းဆုံးအားကစားသမားဆုကို ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်တစ်ခုရ မွန်ပြည်နယ်မှ အသက်၁၄နှစ်သား ပဏာမမြန်မာ့လက်ရွေးစင် သက်ကိုကိုလတ်ကလည်းကောင်း၊ အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုကို ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးတစ်ခု ရရှိသွားသည့် အသက် ၃၈နှစ်အရွယ် ရန်ကုန်တိုင်းမှ လှလှဝင်းတို့က ရရှိသွားသည်။

ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲများတွင် အကောင်းဆုံး အားကစားသမားဆုများကို သက်ကိုကိုလတ်က နှစ်ကြိမ်နှင့် လှလှဝင်းက သုံးကြိမ်ရရှိထားသည်။

ဆုများကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်နှင့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ ။

(မြန်မာ့အလင်း)

အကြိမ်(၂၀)မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသား/အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲများတွင် ပထမဒိုင်းဆုနှစ်ဆုရ ရန်ကုန်တိုင်းအသင်းအား မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့်အတူ ဆုယူအပြီး တွေ့ရစဉ်။ (မြန်မာ့အလင်း)

“မိမိတို့ လူရွေးချယ်ရာတွင် ပြည်နယ်နှင့်တိုင်းများမှ အကောင်းဆုံး အားကစားသမားများနှင့် မျိုးဆက်သစ် လူငယ်များကို အခြေခံ၍ ရွေးချယ်ခဲ့”

ဦးကျော်ကျော်သက်
မွန်ပြည်နယ်အသင်းနည်းပြ။

“မိမိအနေဖြင့် နိုင်ငံအတွက် အားထားရမည့် မျိုးဆက်သစ် အားကစားသမား ဖြစ်အောင် ကြိုးစားသွားမည်”

ဆွေဆွေဟန်
ရန်ကုန်တိုင်း။

အကောင်းဆုံး အားကစားသမားဆု ရရှိကြသည့် လှလှဝင်း (ရန်ကုန်တိုင်း) (ဝဲ) နှင့် သက်ကိုကိုလတ် (မွန်ပြည်နယ်)တို့အား ဆုများနှင့်အတူ တွေ့ရစဉ်။

(မြန်မာ့အလင်း)

ဝန်ကြီးဌာနပေါင်းစုံ ဒုတိယအုပ်စုပတ်လည်ယှဉ်ပြိုင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း အနိုင်ရရှိ

နေပြည်တော် ဇူလိုင် ၂၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

ပေါင်းလောင်းအားကစားကွင်း ညနေ ၄ နာရီပွဲ (ခခ)အုပ်စု

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၉ – ၁ သမဝါယမဝန်ကြီးဌာန

ဇူလိုင် ၂၂ရက် ညနေ ၄နာရီတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ (ဂဂ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဇူလိုင် ၂၃ ရက်တွင် (ဂဂ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း၊ ဇူလိုင် ၂၄ရက်တွင် (ဃဃ) အုပ်စုမှ ပညာရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ နေ့စဉ် ညနေ ၄နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

တာမွေမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း သင်တန်းများဆင်း

ရန်ကုန် ဇူလိုင် ၂၁

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ စည်းရုံးရေးသင်တန်း အမှတ်စဉ် (၃၂/၃၃) ဆင်းပွဲကို ယမန်နေ့ မွန်းလွဲ၂နာရီခွဲက အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံကွင်းသင်တန်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ခေတ္တကျောင်းအုပ်ကြီး ဦးခင်မောင်ကျော်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးအောင်မြင့်နှင့် အလုပ်အမှုဆောင် ဦးတင်လှိုင်၊ တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်လှဲလှဲဝင်းဆွေနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းတာဝန်ခံ အလုပ်အမှုဆောင် ဦးအောင်ကိုကိုနှင့် သင်တန်းကြီးကြပ်မှုကော်မတီဝင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အား/ကာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ခေတ္တကျောင်းအုပ်ကြီး ဦးခင်မောင်ကျော်နှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူးဦးအောင်မြင့် **(အပေါ်ပုံ)**တို့က သင်တန်းဆင်း အမှာစကား ပြောကြားကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် အမှတ်စဉ်(၃၂) သင်တန်းတွင် ပထမဆု ကသ–၇၆ မောင်ဦးထွန်း၊ ဒုတိယဆု ကသ–၃၃ မမိုးစန္ဒာထွန်း၊ တတိယဆု ကသ–၇၂ မချယ်ရီအောင်တို့အား အားကစားနှင့်ကာယပညာသိပ္ပံ ခေတ္တကျောင်းအုပ်ကြီး ဦးခင်မောင်ကျော်ကလည်းကောင်း၊ အမှတ်စဉ် (၃၃) သင်တန်းတွင် ပထမဆုရရှိသူ ကသ–၄ မောင်ကျော်စိုးဦး၊ ဒုတိယဆု ကသ–၄၂ မခိုင်ဝါဖူး၊ တတိယဆု ကသ–၇၁ မစန္ဒာထွေးတို့အား ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးအောင်မြင့်တို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး သင်တန်းဆင်းလက်မှတ်များအား သင်တန်းတာဝန်ခံ မြို့နယ်အလုပ်အမှုဆောင် ဦးအောင်ကိုကိုက ပေးအပ်ခဲ့သည်။ **(က–ပ)**

ရွှေးဟောင်းပစ္စည်းများ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၂၁

နေပြည်တော်ပျဉ်းမနား ကျည်တောင်ကျေးရွာအုပ်စု သာယာဝှမ်းကျေးရွာ အနီးမှ တူးဖော်ရရှိခဲ့သော ရှေးဟောင်းဆင်းတုတော်နှင့် ရှေးဟောင်းပစ္စည်းများကို နေပြည်တော်တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် ၃၅ နေပြည်တော်၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် နေပြည်တော် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ ကျည်တောင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးဇော်၊ ရွှေဆင်းတုတော်နှင့် ငွေဆင်းတုတော်တို့ တွေ့ရှိသူ ဦးကျော်သက်ခိုင်နှင့် ဦးသန်းထွန်းတို့က ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းထံသို့ ရှေးဟောင်းဆင်းတုတော်သုံးဆူ၊ ရှင်သီဝလိရုပ်ပွားတော်တစ်ဆူနှင့် ရှေးဟောင်းပစ္စည်း ခြောက်မျိုးတို့ကို လွှဲပြောင်းပေးအပ်သည်။

ရှင်းလင်းပြောကြား

ယခုကဲ့သို့ ရှေးဟောင်းပစ္စည်းများကို တာဝန်သိစွာ လာရောက်အပ်နှံခြင်းအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော ရှေးဟောင်းဝတ္ထုပစ္စည်းများကို တည်ဆဲဥပဒေများဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နေမှု၊ ရှေးဟောင်းပစ္စည်းများ၏ မူလတန်ဖိုးအပေါ်တွင် ခေတ်ကာလတန်ဖိုးနှင့် လက်ရာတန်ဖိုးများ ထပ်ဆောင်းလျက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထိုက်တန်စွာ ဆုကြေးငွေချီးမြှင့်ပေးအပ်ခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်နေမှုများကို ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းအပ်နှံသော ရွှေဆင်းတုတော်တစ်ဆူနှင့် ငွေဆင်းတုတော်တစ်ဆူတို့ကို သာယာဝှမ်းရွာသား ကိုကျော်သက်ခိုင်နှင့် ကိုသန်းထွန်းတို့ကလည်းကောင်း၊ ကြေးဟုယူဆရသော ရုပ်ပွားတော်တစ်ဆူနှင့် ရှင်သီဝလိ ရုပ်ပွားတော်တစ်ဆူတို့ကို စည်ပင်သာကျေးရွာ၊ ရွာဦးကျောင်းဆရာတော် ဦးဣန္ဒာစက္ကကလည်းကောင်း၊ ငွေအိုးတစ်ခု၊ ကျောက်တံနှင့်တူသော ငွေချောင်းနှစ်ချောင်း၊ ငွေပန်းစက်ဝိုင်းပြားတစ်ပြား၊ ငွေဘူးသီးသဏ္ဍာန် အိုးတစ်လုံးနှင့် ငွေပြားအကျိုးအပဲ့များကို ရွှေတောင်ကလေးစေတီကျောင်း ဆရာတော် ဦးတိက္ခကလည်းကောင်း၊ ရောင်စုံကျောက်ပုတီးတစ်ကုံးတို့ကို သာယာဝှမ်းရွာသား ကိုကျော်ညွန့်ကလည်းကောင်း လာရောက်အပ်နှံကြခြင်းဖြစ်သည်။

ဆုကြေးငွေချီးမြှင့်ရေး

ရှေးဟောင်းပစ္စည်းများကို တွေ့ရှိပြီး တာဝန်သိစွာ လာရောက်အပ်နှံကြသူများကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက အကဲဖြတ်အဖွဲ့ဖြင့် ရှေးဟောင်းလက်ရာနှင့် ခေတ်ကာလပိုင်းခြားမှု စစ်ဆေးခြင်း၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းက ရွှေငွေအရည်အသွေး စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပြီး ရှေးဟောင်းဆင်းတုတော်နှင့် ရှေးဟောင်းပစ္စည်းများ၏ ခေတ်ကာလတန်ဖိုးအပေါ် ရှေးဟောင်းကာလနှင့် ရှေးဟောင်းလက်ရာတန်ဖိုးများ ထပ်ဆင့်ပေါင်းစပ်လျက် ထိုက်တန်စွာ ဆုကြေးငွေချီးမြှင့်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ မှ

များသည် မိုင်တိုင်(၂၃၄/၂) ဆားမော်တိုက်နယ် ကညင်မြိုင်ကျေးရွာ အနီးရှိ နယ်မြေခံတပ်၏ ခြစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲသို့ တက်ရောက် အားပေးသည်။ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်ဝန်ကြီးတို့က ခြံစည်းရိုးကြက်ဆူ ပျိုးပင်များကို ဝေငှပေးပြီး ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးပေးကြသည်။ ထို့နောက် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးနေမှုကိုကြည့်ရှုအားပေးကြသည်။ အဆိုပါခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူ ဧက ၅၀၊ အပင်ပေါက် ခြောက်သောင်း စိုက်ပျိုးထားရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ရွှေဘို–မြစ်ကြီးနား ကားလမ်းတစ်လျှောက် မိုးကောင်းမြို့နယ်၏ မိုးစပါးနှင့် ရော်ဘာစိုက်ပျိုးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ နယ်မြေခံတပ်နယ်၏ အောင်မြေရတနာ ရော်ဘာစိုက်ခင်းသို့ ရောက်ရှိကြသည်။

တိုးချဲ့စိုက်ပျိုး

ရှင်းလင်းဆောင်၌ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသန်းမြင့်က တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ အနေဖြင့် မိုးစပါး၊ ရော်ဘာနှင့် ကြားညှပ်သီးနှံများ စိုက်ပျိုးဆောင်ရွက်နေမှု အခြေအနေ၊ ၂၀၀၅–၂၀၀၆မှ စ၍ နှစ်စဉ်ဧက ၁၀၀စိုက်ပျိုးနေမှုနှင့် ယခုအခါဧက ၃၀၀အထိ တိုးချဲ့စိုက်ပျိုး ပြီးစီးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နှစ်စဉ် ဧက တိုးတက်ရရှိအောင် ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တပ်နယ်ရော်ဘာစိုက်ခင်း အတွင်း PRIN 600 နှင့် PR-107 ရော်ဘာမျိုးများ ပျိုးထောင်ထားရှိမှု၊ စိုက်ခင်းအတွင်း နှစ်နှစ်သားအရွယ်ရှိ ရော်ဘာပင်များ ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စိုက်ခင်းစုရပ်မျှော်စင်မှနေ၍ ရော်ဘာပင်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးကြပြီးနောက် ရော်ဘာပင်များကို စိုက်ပျိုးပေးကြပြီး ဆက်လက်ထွက်ခွာသည်။ အဆိုပါ ရော်ဘာစိုက်ခင်းတွင် စိုက်ပျိုးမြေဧက ၃၀၀၌ ရော်ဘာခြောက်သောင်းကျော်နှင့် ရော်ဘာပင်များကြား၌ ငှက်ပျောအပင် ငါးထောင်၊ ပဲစင်းငုံ ၃၅ ဧက၊ ကြက်ဆူ ၃၅ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မိုးကောင်းမြို့သို့ ရောက်ရှိကြပြီး မိုးကောင်းပြည်သူ့ဆေးရုံ၏ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ သွားဆေးကုခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ထွန်းက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မိုးကောင်းမြို့နယ်ခန်းမသို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်က မြို့နယ်၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများကို ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းအသီးသီးတို့ ကွက်လပ်မကျန် မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်က စီမံကိန်းအမျိုးမျိုးချမှတ်ပြီး ဘက်စုံကဏ္ဍစုံမှ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးကောင်းဒေသ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဟန်ချက်ညီညီ အောင်မြင်ပြည့်မြောက်ရေးအတွက် နိုင်ငံတော်ကချမှတ်ပေးထားသော ရည်မှန်းချက်များနှင့်အညီ ဒေသရှိ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အမျိုးသားရေးအမြင်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအနေဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး မိမိတို့တွင် တာဝန်ရှိသည်ဟု ခံယူလျက် ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်သွားကြရန်နှင့် ဒေသအတွင်းနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ရေရှည်တည်တံ့အောင် တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ပူးပေါင်း လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဇူလိုင်၁၈ရက် နံနက်၆နာရီတွင် မိုးကောင်းမြို့ တပ်နယ်ခန်းမ၌ မိုးကောင်းတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအားတွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြရေး မှာကြားသည်။ ယင်းနောက် အရာရှိ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အိမ်တွင်းမှုသင်တန်းကျောင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုးကောင်းမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ ဒွန်ဘန်ကျေးရွာရှိ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ နံနက်၈နာရီတွင် ရောက်ရှိပြီးအခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၅) အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၂)၊ သိုးမွေးဆွဲသင်တန်း အမှတ်စဉ်(၄)၊ အိမ်တွင်းမှုလုပ်ငန်း(ကြိမ်/ဝါး) သင်တန်းအမှတ်စဉ်(၁)တို့မှ သင်တန်းသား သင်တန်းသူများ၏ သင်ယူလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၄၆ရပ်ကွက် နိုင်ငံသားအရည်အချင်းပြည့်မီသူများ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ရက်က သန္တိသုခမွောရုံတွင် ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းသိန်းက ကျောင်းသူမဖြိုးအိအိနိုင်အား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။ (၄၀၀)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ရက်
၂၂–၇–၂၀၀၇ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၁၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Say it in English

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ မြန်မာရုပ်ရှင် **ရင်ကိုအေးမြစေသား** ကောလိပ်ဂျင်နေဝင်း၊ကျော်ဟိန်း၊ စံရှားတင်၊ ခင်သီတာထွန်း၊ ဆွေဇင်ထိုက် (ဒါရိုက်တာ–အောင်မြင့်မြတ်)
- ၁၃:၂၅ ၅။ အကပြိုင်ပွဲ
- ၁၃:၃၅ ၆။ ပျော်ရွှင်ဆင်နွှဲ ဝါဆိုပန်းခူးပွဲ
- ၁၃:၅၀ ၇။ အာဆီယံ တေးဂီတအစီအစဉ်
- ၁၄:၀၅ ၈။ ကူးလူးဆက်သွယ် ချစ်ကြိုးနွှယ်(ကရင်၊မွန်)
- ၁၄:၂၀ ၉။ အရေးပြိုင်ပွဲ
- ၁၄:၃၀ ၁၀။ **ရေမြင့် ကြာတင့်** ခန့်စည်သူ၊ ဧရာ၊ငှက်ပျောကြော်၊ ထင်ပေါ်၊မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ–ဖုန်းမြင့်အောင်)
- ၁၄:၄၅ ၁၁။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ–ဒုတိယနှစ် (အထူးပြုအားလုံး)[အင်္ဂလိပ်စာ]
- ၁၆:၄၅ ၄။ တိုင်းရင်းသားရိုးရာအက
- ၁၇:၀၀ ၅။ အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (မြန်မာနိုင်ငံနှင့် လူကုန်ကူးမှုပြဿနာ)
- ၁၇:၂၅ ၆။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၇။ ညနေခင်းသတင်း
- ၁၈:၃၀ ၈။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၉။ သီရိဂေဟာ
- ၁၉:၀၀ ၁၀။ စိုက်ပျိုးလို့သီးပွင့်ကာ အောင်မြင် ခြံစည်းရိုး ကြက်ဆူပင်(အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊မုံရွာ)
- ၁၉:၁၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း–၄၅)
- ၂၀:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနှောင်ကြိုး** (အပိုင်း–၈)
- ၁၆။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

KMD Computer Centre (Since 1986)
သင်တန်းအပ် လက်ခံနေပါပြီ။
ကွန်ပျူတာစာစီ/စာရိုက်လုပ်ငန်းများအတွက် Desktop Publishing Course [Duration 80 Hours] Computer Operator ကောင်းတစ်ယောက်ဖြစ်လိုလျှင်
ကြော်ငြာဒီဇိုင်းများဖန်တီးနိုင်ရန်အတွက် Graphic Design Course [Duration 80 Hours] Graphic Designer ကောင်းတစ်ယောက်ဖြစ်လိုလျှင်

အမည်ပြောင်း
အဖ ဦးကြည်စိုး၏သမီး အမက (၁၈)မြောက်ဥက္ကလာပ စတုတ္ထတန်း (ခ)မှ မအိအိသွေးအား မမိုးသဥ္ဇာကြည်ဟု ပြောင်းလဲခေါ်ပါရန်။
မမိုးသဥ္ဇာကြည်။

နာရေးကူညီမှုအသင်း(ရန်ကုန်)သည် ပြည်ထဲရေးဝန်ကြီးဌာန(အသင်းအဖွဲ့များ ဖွဲ့စည်းရေးနှင့် မှတ်ပုံတင်ရေးဗဟိုအဖွဲ့) ၏၂၉-၆-၂၀၀၇ရက်စွဲပါ စာအမှတ် ၂၀၀/၆၈-၁/ ဦး၁-အရ အလုပ်အမှုဆောင်အဖွဲ့ အသင်းသူ အသင်းသားများနှင့် ဝန်ထမ်းများက ဆင်းရဲချမ်းသာ လူမျိုးဘာသာမရွေး ခုနစ်ရက်သားသမီးတို့၏ နာရေးကိစ္စရပ်များကို ဆတက်ထမ်းပိုးတိုးမြှင့်၍ ကူညီဆောင်ရွက်နေပြီ ဖြစ်ပါသည်။

၁။	ဦးအေးသန့်	ဥက္ကဋ္ဌ
၂။	ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်၊ဒါရိုက်တာ)	ဒုဥက္ကဋ္ဌ(၁)
၃။	ဒေါ်သန်းမြင့်အောင်	ဒုဥက္ကဋ္ဌ(၂)
၄။	ဦးဝင်းနိုင်	အတွင်းရေးမှူး
၅။	ဦးကျော်သန်း	တွဲဖက်အတွင်းရေးမှူး(၁)
၆။	ဦးအေးကြူ	တွဲဖက်အတွင်းရေးမှူး(၂)
၇။	ဒေါ်မြင့်မြင့်ခင်ဖေ(ရွှေဇီးကွက်)	ဘဏ္ဍာရေးမှူး
၈။	ဒေါ်ခင်မေဦး	တွဲဖက်ဘဏ္ဍာရေးမှူး
၉။	ဒေါ်ဥမ္မာစိုး	အလုပ်အမှုဆောင်
၁၀။	ဦးကြည်သိန်း	အလုပ်အမှုဆောင်
၁၁။	ဒေါက်တာဦးအောင်မြင့်	အလုပ်အမှုဆောင်
၁၂။	ဒေါက်တာဒေါ်နုနုယဉ်	အလုပ်အမှုဆောင်
၁၃။	ဦးစိုးမြင့်	အလုပ်အမှုဆောင်
၁၄။	ဦးတင်မောင်ဝင်းကြီး	အလုပ်အမှုဆောင်
၁၅။	ဒေါ်တင်တင်ဦး	အလုပ်အမှုဆောင်
၁၆။	ဦးဇော်မင်းထွတ်	အလုပ်အမှုဆောင်
၁၇။	ဦးစန်းမြင့်ထွန်း	အလုပ်အမှုဆောင်
၁၈။	ဦးညီကျော်	အလုပ်အမှုဆောင်
၁၉။	ဦးချိုသန်း	အလုပ်အမှုဆောင်
၂၀။	ဒေါ်စီစီမာ	အလုပ်အမှုဆောင်
၂၁။	ဒေါ်သန်းချို	အလုပ်အမှုဆောင်
၂၂။	ဒေါ်အေးလှ	အလုပ်အမှုဆောင်
၂၃။	ဦးအောင်ကြွယ်စိုး	အလုပ်အမှုဆောင်
၂၄။	ဦးရွှေထိုက်	အလုပ်အမှုဆောင်
၂၅။	ဦးအောင်ကျော်	အလုပ်အမှုဆောင်

* အလှူငွေများကို လှူဒါန်းလိုပါက အောက်ပါဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
* ကုသိုလ်ဖြစ်သွေးလှူဒါန်းလိုသူများ အသင်းသို့ ဆက်သွယ်စာရင်းပေး၍ လှူဒါန်းနိုင်ပါသည်။

ဗြဟ္မစိုရ်နှလုံးသားနှင့်ခရီးသွားသူများ

၁။ နာရေးကူညီမှုအသင်း(ရန်ကုန်)
ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက်
သုဒဿနလမ်း၊ ၁၆/၂ ရပ်ကွက်
သဃ်န်းကျွန်းမြို့နယ်။
ဖုန်း-၅၆၀၃၃၃၊ ၅၇၈၁၈၄။

၂။ နာရေးကူညီမှုအသင်း(ရန်ကုန်ရုံးခွဲ)
ရေဝေးသုသာန်ဝင်း
ဖုန်း-၇၀၉၂၇၇၊ ၆၃၉၄၉၀
၇၂၈၀၈၉။

ရွှေကြေးစည်မှ ဝါဆိုလပြည့်ဘုရားစုံဖူး
▲ (ဇလွန်) (ပြည်ဘုရား ၁၈စုံ) (ပန်းတစ်ပွင့်တောင်-ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ)နေ့ချင်းပြန်။
▲ (ပုဂံ၊ ပုပ္ပား) (မော်လမြိုင်၊ ကျိုက္ကမီ၊ နွားလပိုတောင်) (ကျိုက်ထီးရိုး)
▲ တောင်ပြုန်းပွဲသီးသန့် နှင့် ဘုရားစုံခရီးများ (ကြိုတင်လက်မှတ်ရောင်းပါပြီ)
ဒေါ်စမ်းစမ်းအောင်၊ ၂၉၂၊ ပန်းဆိုးတန်းလမ်း ☎ 240860 / 372290
အမှတ်-၂၇၁၊ မင်းနန္ဒာလမ်းမကြီး၊ ဒေါပုံ (သာကေတကျောက်တိုင်အနီး)

အိန္ဒိယဝင်းနှင့်ရောင်းရင်းများမှရွှေတောင်ပြုံးညီလာခံသို့
ရွှေတောင်ပြုံး၊ မန္တလေးသီးသန့် (၃)ရက် (21.8.07) ဝါဆို(ကျိုက်ထီးရိုး) (ပုပ်ဘုရားစုံ) (ဇလွန်) ထွက်မည်။
ရွှေတောင်ပြုံး၊ မန္တလေး-ပြင်ဦးလွင် (၅)ရက်
ရွှေတောင်ပြုံး၊ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ (၆)ရက်
ရွှေတောင်ပြုံး၊ မန္တလေး-ပြင်ဦးလွင်-လားရှိုး -မူဆယ်-ရွှေလီ(၉)ရက်
အမှတ်(၂၃၅)ပန်းဆိုးတန်းလမ်း 249871, 09-51 37245,09-99 72025

NIBBAN® ရဲ့ မိုးရာသီ ANTENNA
အရောင်းမြှင့်တင်ရေး အစီအစဉ် စတင်လိုက်ပါပြီ ...
ဇွန်လ(၁)ရက်နေ့မှ ဩဂုတ်လ(၃၁)ရက်နေ့အတွင်း NIBBAN® Antenna အဟောင်းတစ်ချောင်းကို မိမိကြိုက်နှစ်သက်ရာ မည်သည့် NIBBAN® Antenna အသစ်တစ်ချောင်းနှင့်မဆို NIBBAN®၏ ရန်ကုန်နှင့် မန္တလေးရှိ Showroom & Service Center များနှင့် အရောင်းကိုယ်စားလှယ်ဆိုင်များတွင် လာရောက်လဲလှယ်ပါက (၁၀)ရာခိုင်နှုန်း အထူးလျှော့ပေးပါမည်။
SHOWROOM & SERVICE CENTERS
(YANGON)
No-111, Bo Ywe Street, Latha Township, Yangon. Tel : (01)251792, 384730
E-mail : neesr@myanmar.com.mm
(MANDALAY)
No-178, 26(B) Street, Between 83x84 Street, Aung Myay Tharzan Towhship, Mandalay.
Tel : (09)80-22078, (02)63249
E-mail : nibban-mdy@mandalay.net.mm
Quality Products of NIBBAN ELECTRIC & ELECTRONICS
ISO 9001:2000

သွေးလွန်တုပ်ကွေးနှိမ်နင်းရေး ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ သွေးလွန်တုပ်ကွေးနှိမ်နင်းရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ဇူလိုင် ၂၀ရက်က ရန်ကင်း ပညာရေးကောလိပ် ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က လက်ကမ်းစာစောင်များကို လူမှုရေးအသင်းအဖွဲ့ ခေါင်းဆောင်များထံ ပေးအပ်သည်။(**အပေါ်ပုံ**)

တက်ရောက်

သင်တန်းပို့ချခြင်းကို မြို့နယ် ကျန်းမာရေးအရာရှိ ဒေါ်အေးအေးနှင့် ဆရာဝန်များက ပို့ချခဲ့ပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဆရာ ဆရာမများ တက်ရောက်ကြောင်း သိရသည်။

(က-ပ)

တောင်ကြီးမြို့ အထက(၂)မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ အထက(၂)အခြေခံပညာအထက်တန်းကျောင်းမှ ၁၉၆၂-၁၉၉၅ခုနှစ်အထိ ဆရာ ဆရာမများအားပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ၂၅ရက်တွင် အဆိုပါကျောင်း၌ စည်းကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ဆရာကြီး ဆရာမကြီးများအနေဖြင့် ကန်တော့ခံနိုင်ရေးအတွက် ဆက်သွယ်ပေးကြပါရန်နှင့် ကျောင်းသူ ကျောင်းသားဟောင်းများအနေဖြင့်လည်း အလှူငွေများ ပါဝင်ဆက်သွယ်လှူဒါန်းပြီး ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ရန်ကုန် ဒေါ်မီမီသွင် ဖုန်း ၀၉-၅၁၄၃၉၈၂၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၁-၆၄၂၅၄၂၊ ၀၉-၅၁၈၈၄၂၈၊ ဦးနောင်လတ် ဖုန်း-၀၉-၅၂၁၁၄၂၄၊ မန္တလေး မှူခင်းဆရာဝန်ကြီး ဦးမျိုးမင်း ဖုန်း-၀၂-၃၆၆၉၃၊ ၀၉-၂၀၀၉၄၆၈၊ ဦးသန်းထွန်းအောင် ဖုန်း-၀၂-၃၁၇၄၄၊ ၀၂-၆၆၉၄၆၊ ဦးလှမင်း ဖုန်း-၀၉၂၀၀၆၇၃၁၊ တောင်ကြီး ကျောင်းအုပ်ဆရာမကြီး အထက(၂)ဖုန်း-၀၈၁-၂၁၂၀၄၊ ထက်ထက်လင်းအထည်ဆိုင် ဖုန်း- ၀၉-၅၂၁၀၄၇၂နှင့် ဦးမောင်ချွန်း ဖုန်း-၀၉-၅၂၁၁၉၂၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ပါကစ္စတန်၌မိုးကြိုးပစ်ခံရပြီး လူ၄၀ကျော်သေဆုံး

အစ္စလမ္မာဘတ် ဇူလိုင် ၂၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဇူလိုင် ၂၁ရက်က မိုးကြိုးပစ်ချခံရမှုကြောင့် အမျိုးသမီးနှင့်ကလေးငယ်များအပါအဝင် လူ၄၀ကျော် သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပျက်စီး

ထိုသို့ မိုးကြိုးပစ်ချခံရမှုမှာ ပါကစ္စတန်နိုင်ငံ ဖရွန်တီးယားပြည်နယ်ရှိ အရိုရီဒါရာကျေးရွာ၌ဖြစ်ပြီး နေအိမ်၂၀ခန့်လည်း ပျက်စီးသွားကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးရုံသို့တင်ပို့ထားရကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

အာဖဂန်၌တိုက်ပွဲဖြစ်ပွား၊ လက်နက်ကိုင် ၂၅ဦးသေဆုံး

ပီရက် ဇူလိုင် ၂၁

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းတွင် ဇူလိုင် ၂၁ရက်က အာဖဂန်နစ္စတန် စစ်ယာဉ်တန်းတစ်ခုကို လက်နက်ကိုင်များက ချုံခိုတိုက်ခိုက်ခဲ့ရာမှ တိုက်ပွဲဖြစ်ပွားပြီး တပ်ဖွဲ့ဝင် လေးဦးသေဆုံးကာ လက်နက်ကိုင် ၂၅ဦးလည်း သေဆုံးသွားကြကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဒဏ်ရာရ

အခင်းဖြစ်ပွားမှုမှာ ဖာရက်ပြည်နယ်အနောက်ပိုင်း ဘတ်ဝါခရိုင်အတွင်းဖြစ်ပြီး ဒဏ်ရာရသူများလည်းရှိခဲ့ကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။

၂၀-၇-၂၀၀၇ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသနေသည့်ဇာတ်ကားများ

သမ္မတ ဖုန်း - [illegible]	ဒီကောင်ဘယ်သူတုန်း	နေတိုး၊ အိမ့်မြတ်ကျော်ဇင်၊ မောစ် ကင်းကောင်၊ ကျော်ထူး၊ ရေမှ၊ အရိုင်း၊ မိုးဒီ
သွင် ဖုန်း - [illegible]	ဒီကောင်ဘယ်သူတုန်း	နေတိုး၊ အိမ့်မြတ်ကျော်ဇင်၊ မောစ် ကင်းကောင်၊ ကျော်ထူး၊ ရေမှ၊ အရိုင်း၊ မိုးဒီ
မင်္ဂလာ ဖုန်း - [illegible]	ဒီကောင်ဘယ်သူတုန်း	နေတိုး၊ အိမ့်မြတ်ကျော်ဇင်၊ မောစ် ကင်းကောင်၊ ကျော်ထူး၊ ရေမှ၊ အရိုင်း၊ မိုးဒီ
ရှေ့ဆောင် ဖုန်း - [illegible]	SPIDER MAN 3	TOBEY MAGUIRE, KIRSTEN DUNST JAMES FRANCO, TOPHER GRACE
နေပြည်တော် ဖုန်း - [illegible]	PIRATES OF THE CARIBBEAN 3 AT WORLD'S END	JOHNNY DEEP , OLANDO BLOOM KEIRA KNIGHTLEY , CHOW YUN-FAT
ဝင်းလိုက်(မန္တလေး) ဖုန်း-[illegible]	ဒီကောင်ဘယ်သူတုန်း	နေတိုး၊ အိမ့်မြတ်ကျော်ဇင်၊ မောစ် ကင်းကောင်၊ ကျော်ထူး၊ ရေမှ၊ အရိုင်း၊ မိုးဒီ
မြို့မ(မန္တလေး) ဖုန်း-[illegible]	ဒီကောင်ဘယ်သူတုန်း	နေတိုး၊ အိမ့်မြတ်ကျော်ဇင်၊ မောစ် ကင်းကောင်၊ ကျော်ထူး၊ ရေမှ၊ အရိုင်း၊ မိုးဒီ

ပွဲချိန် သတိ (နေ့စဉ်) ၁၀း၀၀ နာရီ ၊ ၁၂း၃၀ နာရီ ၊ ၃း၃၀ နာရီ ၊ ၆း၃၀ နာရီ ၊ ၉း၃၀ နာရီ

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် သ/၄၅၆၀ Toyota Corolla SL ယာဉ်လက်ဝယ်ရှိသော ဦးရဲမင်းထွေး မှတ်ပုံတင်အမှတ် ၁၂/ ဒဂတ(နိုင်)၀၀၀၈၈၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊အရှေ့ပိုင်း၊ခရိုင်ရုံး (ရန်ကုန်မြို့)။**

Y.E.S.ကျောင်းခွဲမရှိပါ.....
Y.E.S. အမည်နှင့် ဆင်တူယိုးမှား အင်္ဂလိပ်စကားပြောသင်တန်းများ ဖွင့်လှစ်လျက်ရှိသည်ကို တွေ့ရှိပါသဖြင့် Yangon English Services Ltd. (1015 94/95) ၏ လုပ်ငန်းတစ်ခုဖြစ်သော Y.E.S. English Language Education Centre အင်္ဂလိပ်ဘာသာစကားသင်ကျောင်းကို အမှတ်-၁၉၀၊ ၂၈-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ် (ဖုန်း-၂၄၃၉၅၀)တွင် ကျောင်းခွဲမရှိ၊ ကျောင်းအမည်ခွဲမရှိ၊ တစ်ကျောင်းတည်းသာ ဖွင့်လှစ်ထားပါကြောင်း အင်္ဂလိပ်ဘာသာစကား လေ့လာလိုသူများအား အသိပေးအပ်ပါသည်။
Y.E.S. English Language Education Centre

ဟိုပန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ငွေပေးအပ်

ဟိုပန် ဇူလိုင် ၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းနှင့်ဝန်ထမ်းသားသမီးများ ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် ပညာသင် ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၃၀ ရက်က မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက ဝတ်စုံနှင့် ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဟိုပန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းနှင့် ဝန်ထမ်းသားသမီးများအား ဝတ်စုံနှင့် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေကျပ် ၁၆၇၇၀၀ကို ဝန်ထမ်းများအား ထောက်ပံ့ပေးအပ်သည်။(မြို့နယ် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေးရောဂါ ဇီဝလုံခြုံမှုကောင်းမွန်သော မွေးမြူရေးအလေ့အကျင့်ဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၁

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွန်ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကြက်ငှက်တုပ်ကွေးရောဂါ ဇီဝလုံခြုံမှုကောင်းမွန်သော မွေးမြူရေး အလေ့အကျင့်ဆိုင်ရာ ဆင့်ပွားသင်တန်းကို ဇူလိုင် ၁၅ရက်က မော်လမြိုင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မော်လမြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းအောင်က ကြက်ငှက်တုပ်ကွေးရောဂါ ဇီဝလုံခြုံမှုကောင်းမွန်သော မွေးမြူရေးအလေ့အကျင့်ဆိုင်ရာတို့ကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းသို့ ကြက်ဒိုင်၊ ကြက်မွေးမြူရေး၊ ကြက်သားဆိုင်၊ ကြက်သားပေါက်ဖြန့်ချိ ရောင်းချသူများ၊ ကြက်ဥ၊ ဘဲဥရောင်းချသူနှင့် မွေးမြူသူ ၅၀ တို့ တက်ရောက်ကြပြီး တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး၊ ဥပဒေဘာသာရပ်၊ ကြက်ခြံမှတ်ပုံတင်ခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး လမ်းညွှန်ချက်၊ ကြက်ခြံသန့်ရှင်းမှုနှင့် ဇီဝလုံခြုံမှုဆိုင်ရာ အချက်များ၊ ကြက် သုတ်သင်ဖျက်ဆီးခြင်းနှင့် ပိုးသတ်သန့်စင်ခြင်းများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မူလတန်းလွန်ကျောင်းအတွက် စာရေးကိရိယာများ လှူဒါန်း

ကောလင်း ဇူလိုင် ၁

ကောလင်းမြို့နယ် သစ်ထုတ်ရေးဒေသ အင်းဗုဒ်ကုန်းနယ်မြေ မူလတန်းလွန်ကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် ကျောင်းသူကျောင်းသားများအား စာရေးကိရိယာများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၁၈ရက်က အဆိုပါကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် သစ်ထုတ်ရေး မန်နေဂျာ ဦးဝင်းရွှေက ကျောင်းသုံးစာအုပ်စာရေးကိရိယာများ ပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူ ၁၂၁ ဦးအတွက် ဗလာစာအုပ်၊ ဖောင်တိန်နှင့် ခဲတံများကို ပေးအပ်လှူဒါန်းကြကြောင်းသိရသည်။ (၀၂၆)

ပဲခူးတိုင်း (အနောက်ပိုင်း) အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခရိုင်ချင်းဆက် လမ်းဘေးဝဲယာတစ်လျှောက်တွင် အရိပ်ရပင်များကို ဇူလိုင် ၇ ရက်က အဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းစိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးစန်းလွင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

အောင်လံ မြို့တွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၁ ရက်က အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်နကွင်းဆင်း ကြီးကြပ်စစ်ဆေးရာ လက်ထောက် အင်ဂျင်နီယာ ဦးစိုးနိုင်ဦးနှင့်အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ရီအေးခိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

သောက်သုံးရေ ရရှိရေး စက်ရေတွင်း တူးဖော်

ညောင်လေးပင် ဇွန် ၂၀

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်လျက်ရှိသော ချောင်းရင်းကျေးရွာတွင် နှစ်လက်မစက်ရေတွင်း တူးဖော်နေမှုအခြေအနေကို ဇွန် ၈ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဒွေး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂)ဦးမြင့်ဇော်ဝင်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား မိုင်းဖြတ်မြို့၌ကျင်းပ

မိုင်းဖြတ် ဇူလိုင် ၄

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက် နံနက်က မိုင်းဖြတ်မြို့ အခြေခံပညာ အထက်တန်းကျောင်း သိပ္ပံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းဖြတ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်းက အမှာစကားပြောကြားပြီး ရဲမှူးမြသောင်းက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးကြည်ဝင်းမောင်က မူးယစ်ဆေးဝါးနှင့် ဥပဒေခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်က မူးယစ်ဆေးဝါးနှင့်အမျိုးသားရေးတာဝန်ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေး ဟောပြောကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လေးမျက်နှာ စာပေရိပ်မွန်စာကြည့်တိုက် အဆောက်အအုံဖွင့်

လေးမျက်နှာ ဇူလိုင် ၁

လေးမျက်နှာမြို့နယ် သိမ်ကုန်းကျေးရွာအုပ်စု ဒေါင့်ကြီးကျေးရွာစာပေရိပ်မွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၇ရက် နံနက် ၈ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ရွှေ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးထင်အောင်ဝင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းစိုးတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ (**အပေါ်ပုံ**)

ပေးအပ်လှူဒါန်း

ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုလှရီက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးကို ဆွေးနွေးပြီး ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ် ၁၂၅အုပ်၊ ကျေးရွာပြည်သူများက စာအုပ် ၂၀၀နှင့် ငွေပဒေသာပင်စိုက်ထူရန် အလှူငွေကျပ် ၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူကြသည်။

ဆွေးနွေး

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုလှရီနှင့်အဖွဲ့သည် ညောင်ပိုင်းကျေးရွာစာကြည့်တိုက်တွင် စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ စာကြည့်တိုက်ရေရှည်တည်တံ့ဖွံ့ဖြိုးရေးကို ဆွေးနွေးပြီး ငွေပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀ စိုက်ထူခြင်းကိုလည်းကောင်း၊ အိုင်သပြုကျေးရွာရပ်ကွက်ရုံးတွင် အနီးပတ်ဝန်းကျင် ကျေးရွာ ၁၅ ရွာမှ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက်များဖွံ့ဖြိုးရှင်သန်ရေးတို့ကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ လားရှိုး၌ကျင်းပ

လားရှိုး ဇူလိုင် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန် ၁၈ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထိန်လင်း၊ ဒုတိယဦးစီးမှူးများဖြစ်ကြသော ဒေါ်ခင်သန်းယု၊ ဦးသက်မင်းအေး၊ ဦးအောင်သူရနှင့် ဝန်ထမ်းသားသမီးများ တက်ရောက်ကြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်လင်းက ဝန်ထမ်းသားသမီးများဖြစ်ကြသော မူကြိုတန်းမှ အဆင့်မြင့်တန်းအထိ ပညာသင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူ ၉၈ဦးအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၁၆၉၈၀၀ ကို ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲ ဇွန် ၁၈ ရက်က ဖြူးမြို့နယ် ရေသျှံကြီးကျေးရွာ အုပ်စု၌ကျင်းပရာ မြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်၍ အရိပ်ရပင်၊ နေကာပင်များ စုပေါင်းစိုက်ပျိုးစဉ်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ်(၁)ရပ်ကွက် ၄လမ်း အမှတ် ၄၄နေ ဦးတင်ဦး - ဒေါ်ခင်မာမြင့် တို့၏ သား မောင်ရဲထက်ဦး (၁၂) နှစ် ပြည့်မွေးနေ့အဖြစ် ဒဂုံမြို့နယ်အမှတ်၁၆ စကားဝါ လမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးရဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်၁၂၀၀၀၀ကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်ထောင်စုလမ်းမကြီး သန့်ရှင်းရေးဆောင်ရွက်

မြစ်ကြီးနား ဇွန် ၂၅

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အမှိုက်သိမ်းမှု၊ စွန့်ပစ်မှုများ စနစ်တကျလုပ်ဆောင်ပြီး မြို့တွင်း၌ အမှိုက်များ အရုပ်ဆိုးစေသော ပုံစံများ မရှိစေရန် မြို့တွင်းရပ်ကွက်နှင့်ဈေးများကို အဖွဲ့ပိုင်အမှိုက်သိမ်းယာဉ်လေးစီးဖြင့် နေ့စဉ်သိမ်းဆည်း၍ သတ်မှတ်ထားသော အဖွဲ့ပိုင်အမှိုက်ကျင်းသို့ စွန့်ပစ်လျက်ရှိရာ ဇွန် ၁၄ ရက်က မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုး၊ ဦးစီးအရာရှိ ဦးခင်အောင်နီနှင့် ဒုတိယဦးစီးမှူး (သန့်) ဦးသန်းဝင်းတို့က ကြီးကြပ်ကာပြည်ထောင်စုလမ်းပန်းပေါင်အမှတ် ၁မှ ၈၆အထိ သန့်ရှင်းရေးဆောင်ရွက်ခြင်း လမ်းဘေးဝဲယာစိမ်းလန်းမြေတွင် ချုံနွယ်ပိတ်ပေါင်းများ မရှိစေရေး ရှင်းလင်းဆောင်ရွက်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို ကွင်းဆင်းကြီးကြပ် စစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် စစ်ကိုင်းတိုင်း ပိုးတန်းရပ်နေ ဖခင် ဦးသောင်းရွှေ-မိခင် ဒေါ်ငွေးရင်နှင့် သားသမီးများဖြစ်ကြသော ကိုတင်စိန်-မကြည်ကြည်စိမ်း၊ မကြည်ကြည်သိမ်း၊ မြေး စိမ်းရတီစိုး မိသားစုက အလှူငွေ ကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ညောင်ခါးရှည်) အရှင်သုန္ဒရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပေးအပ်လှူဒါန်း

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်ရန် အတွက် ဇူလိုင် ၁၂ရက်က အလှူရှင် မော်လမြိုင်မြို့ ကျိုက်ဖနဲဘုရားလမ်း **စက်တန်းရပ်နေ ဦးမင်းဝင်းလှ-ဒေါ်ကြည်ကြည်ဝင်း၊သားမောင်မင်းထူးကောင်းခန့်၊ သမီး မမြရွှေရည်ဝင်း မိသားစုတို့က ငွေကျပ်နှစ်သိန်းသုံးသောင်းငါးထောင်ပေးအပ်လှူဒါန်းရာဘဏ္ဍာထိန်းဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။** (၁၆၈)

ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

တောင်ကြီး ဇူလိုင် ၈

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၉ရက် နံနက် ၈နာရီက တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်က ပြည်နယ်၏ ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးကာ တက်ရောက်လာကြသည့်ရှမ်းပြည်နယ်(တောင်ပိုင်း) ခရိုင်နှင့် မြို့နယ် ၂၈မြို့နယ်တို့က မိမိတို့ မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ရှေ့လုပ်ငန်းစဉ်များကို တင်ပြကြရာ နာယက ဒေါ်သင်းမျိုးမျိုးအောင်က ပြန်လည်သုံးသပ် ညှိနှိုင်းအကြံပြုသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ပေးပို့သည့် အမျိုးသမီးရေးရာ အထိမ်းအမှတ်ရုပ်တုများနှင့် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့(ဗဟို)မှ ပေးပို့လှူဒါန်းသည့် ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်များကို ရပ်ရွာပညာပဒေသာ စာကြည့်တိုက်များသို့ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်နှင့် ပြည်နယ်အဖွဲ့ဝင်များကခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။

(ပြည်နယ်အမျိုးသမီးရေးရာ)

ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက် ဖောင်တော်ဦးလမ်း ကတ္တရာလမ်းသစ်ဖွင့်

ပခုက္ကူ ဇူလိုင် ၁၅

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက် ဖောင်တော်ဦးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၇ နာရီခွဲက အဆိုပါ လမ်းထိပ်မုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားတွင် ဖောင်တော်ဦးလမ်း ကတ္တရာလမ်းသစ်ကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူး ဦးညိုဝင်းမြင့်၊ ပခုက္ကူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးနှင့် ပခုက္ကူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ခရိုင်တာဝန်ခံ ဦးကျော်တင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)** အဆိုပါကတ္တရာလမ်းသည် အရှည် ပေ၂၁၀၀၊ အကျယ် ၁၂ပေ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၅၀၀၀၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ချင်းပြည်နယ်သာသနာပြုကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

ချင်းတောင်တန်းတွင် သာသနာပြုလုပ်ငန်းများ အောင်မြင်လျက်ရှိသော ချင်းပြည်နယ် ဟားခါးမြို့ မြို့မသာသနာပြု စာသင်တိုက် ပဓာနနာယက သာသနာပြုဗဟို ခေါင်းဆောင်ဆရာတော် ဘဒ္ဒန္တတေဇောသာရ (ဓမ္မာစရိယ၊ ဘီအေ၊မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်)သည် နယ်စပ်နှင့်တောင်တန်းဒေသမှ ဓမ္မာစရိယတန်းရောက်တိုင်းရင်းသား ရဟန်းသာမဏေများ သီတင်းသုံးပညာသင်ကြားနိုင်ရန်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၃၁၄) ကျိုက္ကဆံလမ်း တာမွေဈေးရှေ့တွင် ချင်းပြည်နယ် ဗုဒ္ဓသာသနာထွန်းကားရေး ရတနာလင်္ကာရ သာသနာပြုကျောင်းတော်ကြီးကို ဆောက်လုပ်လျက် ရှိသည်။

ကျောင်းတော်ကြီးအတွက် တာမွေ ကျိုက္ကဆံလမ်း အမှတ် ၃၂၅ နေ ဦးလှတင်-ဒေါ်ငြိမ်းငြိမ်းသန့်၊ သား မောင်အောင်မျိုးမင်း၊ မသီတာ၊ သမီး မဝင့်ဝင့်သူ၊ မောင်ဉာဏ်လင်း(မြတံခွန်ကားပစ္စည်းဆိုင်)မိသားစုတို့က ငွေကျပ်ငါးသိန်း၊ တာမွေ မေဏ္ဍကလမ်း မနောဟရလမ်း အမက(၉) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမ၊ ကျောင်းသူ ကျောင်းသားများနှင့် (၂၃)ကြိမ်မြောက်ဘုံကထိန်မိသားစုတို့က ငွေကျပ်သုံးသိန်း၊ ဗိုလ်တထောင်ဈေးလမ်း အမှတ် ၂၀၃ တိုက် ၁၈ နေ ဦးမျိုးကြည်အား ရည်စူး၍ ဒေါ်မြင့်မြင့်သန်း မိသားစုက ငွေကျပ်နှစ်သိန်းငါးသောင်း၊ မန္တလေးမြို့ မိတ္ထီလာကျောင်းဆရာတော် ဘဒ္ဒန္တသုဇန (အဂ္ဂမဟာပဏ္ဍိတ)က ငွေကျပ် နှစ်သိန်း၊ ဦးမြသန်း-ဒေါ်မြငွေ သားသမီးများဖြစ်ကြသော မတိုးနီ မောင်ကျော်နီ၊ မောင်ဝင်းနိုင်-မသန္တာလွင်၊ မောင်ဖြိုးသာ(ခ)မောင်မောင်ဦး မိသားစုက ငွေကျပ်နှစ်သိန်း၊ ပုဇွန်တောင် ရေကျော် ဦးရေဂွန်းလမ်းနေ မောင်မင်းသူက ငွေကျပ် တစ်သိန်း ငါးသောင်း၊ တာမွေ ၁၅၆ လမ်း အမှတ် ၂၁(အေ)နေ ဦးတင်ဝင်း-ဒေါ်သန်းသန်းမြင့်၊ ဦးဟန်ရွှေ-ဒေါ်တင်တင်ညွန့် မောင်နှမတစ်စုက ငွေကျပ်တစ်သိန်း၊ တာမွေ ဘယသုဒ္ဓိလမ်း အမှတ် ၉၂ နေ ဦးလှထွန်း-ဒေါ်သန်း မိသားစုက ငွေကျပ် တစ်သိန်း၊ ပုဇွန်တောင် ရေကျော် မြောင်းကြီးလမ်း အမှတ် ၄၅ နေ မချိုချိုသက်က ငွေကျပ် တစ်သိန်း၊ အမှတ် ၁၇ ပထမထပ် ဆင်ရေကန်လမ်း အလုံနေ ဒေါ်ကြည်ကြည်လှနှင့် သားသမီးများက ငွေကျပ်တစ်သိန်း၊ မရမ်းကုန်း ဗိုလ်စောအောင်လမ်းနေ ဒေါက်တာမေစန်း၊ ဒေါ်မြင့်ရီ၊ ဒေါက်တာရီရီသိန်း ညီအစ်မများက ငွေကျပ် တစ်သိန်းတို့ကို သာသနာပြု ဆရာတော်ထံလှူဒါန်းခဲ့ကြသည်။

ပါဝင်လှူဒါန်းလိုသော အလှူရှင်များသည် သာသနာပြုဆရာတော် ဖုန်း-၀၉-၅၀-၁၁၄၂၀၊ ၀၁-၅၄၅၁၅၃ (ရန်ကုန်)နှင့် ၀၇၀-၂၁၁၃၂(ဟားခါး)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇွန် ၂၅ရက်က ဟိုပင်မြို့ မြို့မတောင်ရပ်ကွက် ဦးချိုလမ်းထပ်ပိုးကတ္တရာ ခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအင်ခွန်းအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပျိုးပွဲ လက်ပံတန်း၌ ကျင်းပ

လက်ပံတန်း ဇူလိုင် ၁၂

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင်၇ရက် နံနက် ၈နာရီက လက်ပံတန်းမြို့နယ် ကြို့ပင်စခန်းအုပ်စု ရွှေညောင်ပင်ကျေးရွာနှင့် ကြို့ပင်စခန်း ကျေးရွာအကြားတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်သိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်မြင့်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဲဇလီ၊ ကြက်ဆူ အပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

တိုင်းရင်းဆေးပညာ ယုံကြည်လက်ခံသုံးစွဲမှုလေ့လာ

ဟားခါး ဇူလိုင် ၁၉

ချင်းပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနက ကြီးမှူး၍ ဟားခါးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ကူညီမှုဖြင့် ဟားခါးမြို့ ဈေးသစ်ရပ်ကွက်တွင် ဇူလိုင် ၁၈ရက် နံနက် ၉နာရီက ပြည်သူများအား တိုင်းရင်းဆေးပညာနှင့်ပတ်သက်သော ဗဟုသုတသဘောထားနှင့် ယုံကြည်လက်ခံသုံးစွဲမှုကို အိမ်ထောင်စု ၃၀အား ဆန်းစစ်လေ့လာခဲ့ကြသည်။

အဆိုပါလေ့လာမှုကို ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြည်နယ်ဦးစီးဌာနမှူး ဦးအောင်မြင့်၏ကြီးကြပ်မှုဖြင့် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူးဦးလှိုင်မိုးနှင့် ဝန်ထမ်းများက ဆန်းစစ်လေ့လာကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးဝင်းအတွင်း အသစ်ဆောက်လုပ်မည့် ဝိသာခါ နှစ်ထပ်ကျောင်းဆောင်အတွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ် ၉၉(F-1)နေ မဟာသန္တိသုခ အမျိုးသမီးအဖွဲ့နာယက ဒေါ်ဝင်းကြည်၏ ခင်ပွန်း အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးချုသန်း(မြေလတ်သား သယ်ယူပို့ဆောင်ရေးလုပ်ငန်းပိုင်ရှင်)က အသက် (၈၃)နှစ်ပြည့် မွေးနေ့အလှူတော်မင်္ဂလာ၌ အလှူငွေကျပ်ဆယ်သိန်းကို ပေးအပ်လှူဒါန်းရာ ဂေါပကအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

စူဠာမုနိပရိယတ္တိစာသင်တိုက် စက်ရေတွင်းတူးရန် ငွေများလှူဒါန်း

တောင်ကြီး ဇူလိုင် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်တွင်တည်ရှိသည့် စူဠာမုနိပရိယတ္တိစာသင်တိုက်တွင် စက်ရေတွင်းတူးရန်အတွက် ဦးငွေအောင်-ဒေါ်သန်းရီ(ရှိုင်းဟုတ် မိသားစု)က ငွေကျပ်တစ်သိန်း၊ ဦးလုကြည်-ဒေါ်နုနုခင်၊ သားသမီး၊ မြေးတစ်စု အလယ်ဘီအိုစီ ညောင်ရွှေ ဟော်ကုန်းက ငွေကျပ် တစ်သိန်း၊ ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တဂုဏဝံသ လင်္ကာရ(လူမှုထူးချွန်ဒုတိယဆင့်)က ငွေကျပ်သုံးသောင်း၊ ဗိုလ်ကြီးနိုင်ထွန်း(ငြိမ်း)-ဒေါ်မိမိငယ်မိသားစုက ငွေကျပ် တစ်သောင်းအပါအဝင် အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၆၈၀၀၀၀ လက်ခံရရှိကြောင်း သိရသည်။ **(က-ပ)**

ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် ဆံကေသာအလှပြိုင်

မြိတ် ဇူလိုင် ၅

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ၂၀၀၇ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် ဆံကေသာအလှပြိုင်ပွဲအခမ်းအနားကို ဇွန် ၂၇ရက် ညနေ ၆ နာရီက မြိတ်မြို့ ပုလဲရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သန်းငွေက အမှာစကားပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသီချင်းများဖြင့် လည်းကောင်း၊ ကျောင်းသူလေးများက တပင်တိုင်အက၊ ပုဂံအက၊ တေးသရုပ်ဖော်နှင့် အဆိုအကများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု သရုပ်ဖော်ပြသကြပြီး ဆံကေသာအလှပြိုင်ပွဲကို ကျင်းပသည်။ ဆံကေသာ အလှပြိုင်ပွဲတွင် ပထမဆုရ မသူဇာဝင်း (မြိတ်မြို့နယ်)၊ မအေးအေးမူ(ပလောက်မြို့နယ်)၊ မဖြူဖြူစန်း (ကော့သောင်းမြို့နယ်)နှင့် အထူးဆုရရှိသူများကို တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန်းငွေနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ မိတ္ထီလာ၌ကျင်းပ

မိတ္ထီလာ ဇူလိုင် ၁၀

မန္တလေးတိုင်း မိတ္ထီလာမြို့တွင် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုခြင်း အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ရက် နံနက် ၆ နာရီက မိတ္ထီလာ-မလှိုင်လမ်း မိုင်တိုင်အမှတ်(၆/၃)တွင် ကျင်းပသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးရာသို့ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းနှင့်ခရိုင်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောငွေ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းနှင့်အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ခရိုင်သစ်တော ဦးစီးဌာနနှင့်ခရိုင်စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ လိန်တောကျေးရွာ၊ ရေချိုကျေးရွာနှင့် ကျောက်ဖြူကုန်းကျေးရွာတို့မှ ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများက ကြက်ဆူပင် ၁၀၀၀၊ မဲဇလီပင် ၃၀၀နှင့် တမာပင် ၃၀၀တို့ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အသား၊ ငါးများ ယင်လုံဆန်ခါဖြင့် ဖုံးအုပ်၍ ရောင်းချနိုင်ရေး စည်းရုံးဆောင်ရွက်မှု အခြေအနေကို ဇွန် ၁၄ရက်က ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော် ကြည့်ရှုစစ်ဆေးရာ ဒုတိယဦးစီးမှူး(ဈေး) ဦးသက်တင်နှင့် ကျန်းမာရေးမှူး(၂) ဦးရဲမင်းထွန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ဒုတိယဝါဆိုလဆန်း ၉ ရက်
၂၃-၇-၂၀၀၇
(တနင်္လာနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၁း၁၀ စက်မှုစွမ်းအား ခေတ်ကျော်လွှား (မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံအကြောင်း)
- ၁၁း၄၀ သုတစုံစွာသိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာ-သိပ္ပံမှူးတင်)
- ၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
- ၁၂း၂၅ အားကစားသတင်းပဒေသာ
- ၁၂း၄၀ သီချင်းကြီးပဒေသာ
  - (၁) မြောက်အိမ်တော်သံပတ်ပျိုးနှင့် ကျေးစေပတ်ပျိုးလေး (သန်လျင်ညိုသန့်၊ စန်းစန်းမြင့်)
- ၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (သူငယ်တန်း-သင်္ချာ-၂၀အထိ ကိန်းများနုတ်ခြင်း)

ညနေပိုင်း

- ၁၆း၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
  - (၁) လုံမေ (ကိုမင်းနောင်)
  - (၂) ပေါင်းကူးတံတားလေး လယ်ပြင်ရွာ (တင်စန္ဒာအေး)
  - (၃) လွန်စွာသာမော တို့လယ်တော (မော်ကျွန်းရာကျော်)
- ၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
- ၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (နွယ်တာခေါ်ကြ ဝါဆိုလ)
- ၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
- ၁၉း၁၅ ဆိုင်းအဖွဲ့ (ရွာစားကြီး စိန်ချစ်တီးဆိုင်းအဖွဲ့)
- ၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) တစ်ကမ္ဘာမခြားသေးပါဘူး (ကိုတင်ဝင်း)
  - (၂) ဘဝချင်းဆုံတွေ့ပါရစေ (ချိုပြုံး)
  - (၃) ချစ်သူကိုယ်စား (ကိုကျော်ညွှန့်)

စာကြည့်တိုက်အဆောက်အအုံသစ်များဖွင့်ပွဲ သာစည်မြို့၌ကျင်းပ

သာစည် ဇူလိုင် ၆

သာစည်မြို့နယ် ကုန်းတောင်ကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက် အဆောက်အအုံသစ်များ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက ကုန်းတောင်အနောက် ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်သူက အမှာစကား ပြောကြား၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးဝင်းတင့်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကုန်းတောင်အနောက်ရွာရှိ မျိုးဆက်သစ်လူငယ်စာကြည့်တိုက်ကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြတ်သူနှင့် ကျေးရွာခေါင်းဆောင် ဦးစိုးလှိုင်**(အောက်ပုံ)** တို့ကလည်းကောင်း၊ ကုန်းတောင်မြောက်ရွာရှိ ဘိုးသာဒင်စာကြည့်တိုက်ကို အုပ်စုဥက္ကဋ္ဌ ဦးမြတ်သူကလည်းကောင်း၊ ကုန်းတောင်ရွာရှိ သုခမိန်စာကြည့်တိုက်ကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြတ်သူနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကွန်ကရစ် ရေပြွန်တံတား

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သုံးခွ-နံ့ယောကျေးလက်လမ်းပေါ်ရှိ ကွန်ကရစ် ရေပြွန်တံတားကို ဇွန် ၂၈ ရက်က တာဝန်ခံ အင်ဂျင်နီယာ ဒေါ်သီတာမြင့် ကြီးကြပ်ပြုပြင် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန်းငွေ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

စာဖတ်ဝိုင်းအခမ်းအနား တာမိုးညဲ၌ ကျင်းပ

တာမိုးညဲ ဇူလိုင် ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် တာမိုးညဲမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာဖတ်ဝိုင်းအခမ်းအနားကို ဇွန် ၂၉ရက် နံနက် ၁၁ နာရီက စာကြည့်တိုက် ခန်းမတွင်ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်မြသက်အေးက စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခတ်ပုံကျွမ်းကျင်(၂)ဦးဟန်ငွေအောင်က မေ ၁၇ ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ စာဖတ်သူ တစ်ဦး၏ မလွန်လွန်းဘူးလား ဆောင်းပါးကိုလည်းကောင်း၊ ချစ်နိုင် (စိတ်ပညာ) ၏ ဘဝတက်လမ်း၏ ခြေလှမ်းများစာအုပ်ပါ စာပေရဲ့ ရိုက်ချက် ဆောင်းပါးကို စာထောက်(၃) ဒေါ်စင်းလေးကြည်က လည်းကောင်း၊ ချစ်နိုင် (စိတ်ပညာ)၏ ကိုယ့်ကိုယ်ကို ယုံကြည်မှု စာအုပ်ထဲမှ စာဖတ်ကျင့် ဆောင်းပါးကို (ရုပ်/သံ-၃)ဒေါ်ခေါန်မိုင်ကလည်းကောင်း၊ ဒို့ကျေးရွာဂျာနယ် အတွဲ(၄) အမှတ် (၁၁) ၌ ပါရှိသော လူတော်၊ လူကောင်း၊ လူမိုက်၊ လူဆိုး လူလေးမျိုးအကြောင်းကို အငယ်တန်းစာရေး ဒေါ်မာထုကလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ဝယ်ယူမည့်ပစ္စည်းများ – ပလတ်စတစ်ပုလင်း လေးမျိုး
၂။ တင်ဒါပိတ်ရက်နှင့်အချိန် – ၃-၈-၂၀၀၇ ရက်၊ (၁၄း၀၀)နာရီ
၃။ နေရာ – နေပြည်တော်။

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

တယ်လီဖုန်းအမှတ်– ၆၆၃၄၉၇၊ ၆၆၃၄၈၁
မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ
ကြို့ကုန်း၊ အင်းစိန်။

'ရွှေ' ပညာသင်တန်း

HTA Hteik Tan Aung

၁။ရွှေဆိုင်ဖွင့်လိုသူများအတွက် အထူးသင်တန်းဖြစ်သည်။ (၁)လသင်တန်း
၂။သင်ကြားမည့် ဘာသာရပ်များ။ (၁-၈-၂၀၀၇) နေ့ စမည်။
မိုးရာသီအတွက် 20% OFF
◆ရွှေ အတု အစစ် ခွဲနည်း ◆အပေါင်ခံနည်း ◆Marketing
◆ရွှေမှတ်ကျောက်ရည်ခွဲနည်း ◆ရွှေထည်ကျောက်ထည်ရောင်းနည်း/◆ဝယ်နည်း။
◆ကွန်ပျူတာ ရွှေရည်တိုင်းစက်ဖြင့် ရွှေရည်စစ်နည်း ◆ရွှေရည်စပ်နည်း။
◆ရွှေအခေါက်အဖြစ် သန့်စင်နည်း (သို့) ရွှေချွတ်နည်း ◆ရွှေစစ်ဆေးနည်း။
◆လက်ဝတ်ရတနာ ဈေးနှုန်း တွက်ချက်နည်း ◆အော်ဒါထည် လက်ခံနည်း။
◆ပလက်တီနမ်အတုအစစ်ခွဲနည်း◆ရွှေဒင်္ဂါးအတုအစစ်ခွဲနည်း ◆ပန်းထိမ်အပ်နည်း။
◆ဒစ်ဂျစ်တယ်ချိန်စက်အမျိုးမျိုးဖြင့် ရွှေ စိန် ကျောက်ချိန်နည်း။
၃။ရွှေဆိုင်ဖွင့်နိုင်အောင် ကူညီပေးပါမည်။
၄။ နောက်ဆုံးပေါ် ဒီဇိုင်းမျိုးစုံ ပန်းထိမ်နှုန်းထားအတိုင်း ပြုလုပ်ပေးပါသည်။

ထိပ်တန်းအောင် ရတနာရွှေဆိုင် | အမှတ်(၁၀)(မျက်နှာစာတန်း)၊ ကျောက်မြောင်းဈေး၊ ကျိုက္ကဆံလမ်း၊ တာမွေ။ Tel:546800 Ext: 310, 09-515 8813

ဆံပင်တစ်မျိုးတည်းသီးသန့်ဖြောင့်တဲ့ (7th corner) အထူးဆံပင်ဖြောင့်ဆိုင်
➢ စက်ပြန်ဆွဲရန်မလိုပါ။ (၂) နှစ်အာမခံ
➢ အခမဲ့-ဆံပင်ပျော့ဖယောင်းသွင်းပေးသည်။

I. အနော်ရထာလမ်းမပေါ် - 17th လမ်းထိပ်-လသာမြို့နယ်-ရန်ကုန်။
II. မြေနီကုန်းမီးပွိုင့်-ပြည်လမ်းမပေါ်၊ ရတနာပုံရုပ်ရှင်ရုံ ပ-ထပ်

အမည်ပြောင်း

ဝေါမြို့နယ် မြစ်ကျိုးကျေးရွာ အမှတ်(၃)ရပ်ကွက်နေ ဦးအုန်းတင်–ဒေါ်ရီရီချို တို့၏ သမီးဖြစ်သူ တက္ကသိုလ်ဝင်တန်း (B)၌ ပညာသင်ကြားနေသော မမေမြင့်မော် အား မမြင့်မြတ်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မမြင့်မြတ်ကျော်။**

မိဘအမည်မှန်

အမှတ်၄၈၊ ၁၀ရပ်ကွက်၊ မကြီးဘုရားလမ်း၊ စာတိုက်တန်းရပ်၊ ပခုက္ကူမြို့မှ မစုစုဝင်း ၈/ပခက(နိုင်)၁၅၈၈၄၆၏ မိဘအမည်မှန်မှာ ဦးကံရွှေ ၈/ပခက(နိုင်) ၀၀၈၂၇၂၊ ဒေါ်ကြည်ဝင်း ၈/ပခက(နိုင်) ၀၀၅၉၀၃တို့ ဖြစ်ပါကြောင်း။

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဟ/၂၃၈၆၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိချော မှတ်ပုံတင်အမှတ် ၇/တငန(နိုင်) ၀၀၄၅၁၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊(ခရိုင်ရုံး) တောင်ငူ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက် အမှတ်၉ မြေကွက်အမှတ်၂၈ မြေကွက်တည်နေရာ အမှတ် ၂၈၊ ရာဇာဓိရာဇ်လမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒုတိယဗိုလ်မှူးကြီး သိန်းထွန်း အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒုတိယဗိုလ်မှူးကြီးသိန်းထွန်း ကွယ်လွန်သဖြင့် ဒေါ်အေးအေးသွယ် ၇/ပခန(နိုင်) ၀၀၄၅၉၉က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကုက္ကိုင်းရေကူးအသင်း အသင်းဝင်များသို့ပန်ကြားလွှာ

အသင်းဝင်များခင်ဗျား–

ယခုအခါ အသင်းသားများ စာရင်းအတိအကျရရှိရန် အထူးလိုအပ်နေပါသောကြောင့် ကုက္ကိုင်းရေကူး အသင်းသားများအနေဖြင့် ၃၁-၃-၂၀၀၃ရက်အထိ လစဉ်ကြေး၊ နှစ်စဉ်ကြေးများနှင့် အသင်းသို့ပေးရန်ရှိသော ငွေကြေးများအားပေးသွင်းရန်ပျက်ကွက်ပြီး အသင်းနှင့် အဆက်အသွယ်ပြတ်တောက်နေသော အသင်းသားများသည် အသင်းသို့ဆက်သွယ်၍ ၃၁-၈-၂၀၀၇ရက် ညနေ(၄း၀၀)နာရီ နောက်ဆုံးထားပေးသွင်းကြပါရန်နှင့် ပျက်ကွက်ပါက အသင်းဝင်အဖြစ်မှ ရပ်စဲမည်ဖြစ်ကြောင်းနှင့် ပေးသွင်းပြီးသော အသင်းသားများသို့ ကတ်ပြားဟောင်းများ ဖျက်သိမ်းပြီး ကတ်ပြားသစ်များထုတ်ပေးနိုင်ရန် ကာလာဓာတ်ပုံလေးပုံစီ လာရောက်ပေးပို့ကြပါရန် အကြောင်းကြားပါသည်။

အမှုဆောင်ကော်မတီ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဝင်းစိုး ၁၂/ဗဟန(နိုင်) ဝ၆၃၀၃၀ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် ၇၇၈၇၀၄ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း–၀၉–၅၁–၈၄၈၃၂။**

အိမ်ရောင်းမည်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းမကြီးဘေးရှိ ပေ၃၀x ပေ၆၀ ရေ၊ မီးအစုံ၊ဂရန်အမည်ပေါက်၊ ထောင့်ကွက်၊ အရှုပ်အရှင်းကင်း၊ ညှိနှိုင်းဈေးဖြင့် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ **ဆက်သွယ်ရန် ဖုန်း–၅၇၂၁၂၀။**

ဝမ်းနည်းကြေကွဲခြင်း

ဇေယျကျော်ထင် ဒေါက်တာ W. ဘိန်ချိုး(ခ) ဒေါက်တာဦးသိန်းထိုက်
ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)
အမှတ်(၁)တပ်မတော်ဆေးရုံကြီး–မင်္ဂလာဒုံ

မင်္ဂလာဒုံတပ်မတော် ကလေးများကျောင်းအား ၁၉၄၉ခုနှစ်တွင် စတင်ထူထောင်ပေးခဲ့သော ကျေးဇူးရှင်ပညာဖခင်ကြီး ကွယ်လွန်ကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်မခြား ဝမ်းနည်း ကြေကွဲရပါကြောင်း။

မင်္ဂလာဒုံတပ်မတော်ကလေးများကျောင်း
ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ။

ဝမ်းနည်းကြေကွဲခြင်း

ဦးညီညီ အသက် (၄၅)နှစ်သည် ၁၈-၇-၂၀၀၇ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

Arysta Life Science ကုမ္ပဏီမိသားစု၊ အောင်ပန်းမြို့။

အမည်ပြောင်း

ဦးတင်အောင်၏သား ကိုဗိုလ်ဝင်းဇော် ၁၄/ဟသတ(နိုင်) ၂၇၀၄၇၃ အား ယနေ့မှစ၍ ကိုစည်သူရှိန်ဟု ပြောင်းလဲခေါ်ပါရန်။ **ကိုစည်သူရှိန်။**

တန်မှ၊ စိတ်ချမှ ဝယ်ပါ

တာမွေ မေတ္တာညွှန့်ရပ်ကွက် မြေပေ ၃၀xပေ၅၀၊အိမ် ၂၇ပေx၃၄ပေ၊ ပိုင်ရှင်အမည်ပေါက် နှစ် ၆၀ ဂရန် RCနှစ်ထပ်၊ ဘုရားခန်း အထူးပြင်ဆင်ပြီး အဲယားကွန်း(၄)လုံး၊ ကောနစ်၊ ခြင်ဆန်ခါ၊ မီးဆိုင်း အပေါ်၊အောက်ပါကေးခင်း၊ ကြွေပြားခင်း၊ ကပ်ပြီး ဂျီးဖြူရေပိုက်၊ ခြံဝင်းအတွင်း ကားနှစ်စီးဆံ့၊ တယ်လီဖုန်းပါ၊ ရေဝင်၊ ရေဝပ်မှုမရှိ၊ ဝယ်သူကိုယ်တိုင်ကို အထူးညှိနှိုင်းပေးမည်။ အရှုပ်အရှင်းလုံးဝမရှိ။

ဖုန်း–၀၉–၅၁–၇၄၅၃၄။

ဝမ်းနည်းကြေကွဲခြင်း

ကျူရှင်ဆရာ ဦးသန်းနိုင် (အင်္ဂလိပ်စာ)
အသက်(၆၀)

မန္တလေးတိုင်း၊ စဉ့်ကူးမြို့နေ(ဦးပန်းရည်–ဒေါ်ငွေနိုင်)တို့၏သား၊ မန္တလေးမြို့၊ မောရဂီဝါရပ်နေ(ဦးချီ–ဒေါ်မြရှိန်)တို့၏သားသမက်၊ ဦးအောင်ထွန်း–ဒေါ်လှလှ၊ ဦးခင်မောင်–ဒေါ်လွင်လွင်၊ ဦးခင်အောင်–ဒေါ်မြရီ၊ ဦးမောင်ရွှေ–ဒေါ်ခင်သန်း၊ ဦးလှဘူး–(ဒေါ်မြမြ)တို့၏ညီ/မောင်၊ မန္တလေးမြို့၊ ထားဝယ်ရပ်၊အကွက်၃၄နေ မောင်ဘုန်းမြင့်နိုင်၊ မောင်ဘုန်းတင့်နိုင်၊ မစုမွန်ရည်နိုင်တို့၏ဖခင်၊ ဒေါ်ကြည်ကြည်မြင့်(အထက–၂၅)၏ခင်ပွန်းသည် ၁၆-၇-၂၀၀၇ရက် နံနက်၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၀၇ရက် မွန်းလွဲ၁နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ရပ်ရှင်သရုပ်ဆောင် ဒွေး(ခ)ကိုသားကြီး

ချစ်သူငယ်ချင်း ခင်ခင်သိုက်၏ ချစ်လှစွာသော ကိုကိုကြီးသည် ၁၁-၇-၂၀၀၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရ၍ သူငယ်ချင်းနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ–ကိုနိုင်၊ မကြူ၊ စိုးကြီး၊ ဖြူမာအောင်
စိုးမိုး၊ မခိုင်၊ ကိုစိုးအောင်၊ စီအောင်၊
အောင်နိုင်ဦး၊ မလွင်။

ဝမ်းနည်းကြေကွဲခြင်း

စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ ကွေ့ကြီးရပ်နေ ဒေါ်မာမာအေး၏ ခင်ပွန်း ဦးထိန်ဝင်း (ရွှေမိုက်လုပ်ငန်း) အသက် (၄၇)နှစ်သည် ၁၄-၇-၂၀၀၇ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်မြင့်–ဒေါ်တင်တင်အေး
သုံးဆယ်မြို့။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အကျဉ်းသားများအတွက် ဆေးဝါးမျိုးစုံနှင့်စားသောက်ကုန်ပေးအပ်

သီပေါ ဇူလိုင် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာလှဆိုင်းနှင့် အလုပ်အမှုဆောင်များ၊ ကျောက်မဲခရိုင် အသင်းအတွင်းရေးမှူး ဦးကိုကိုနှင့် အလုပ်အမှုဆောင်များ၊ သီပေါမြို့နယ် အသင်းအတွင်းရေးမှူး ဦးစိုင်းပြုံးချိုနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များသည် ဇူလိုင်၄ရက် နံနက်၁၀နာရီက သီပေါအကျဉ်းဦးစီးသို့သွားရောက်၍ အကျဉ်းသားများ၏ လူမှုရေးကိစ္စရပ်များ အကူအညီပေးနိုင်ရေးအတွက် အကျဉ်းဦးစီး(ခေတ္တ)တာဝန်ခံအရာရှိ ဦးစောထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အဆိုပါ အဖွဲ့သည် အကျဉ်းသားအခန်းများသို့လည်းကောင်း၊ ထမင်းစားဆောင်သို့လည်းကောင်း သွားရောက်ကြည့်ရှုခဲ့ကြပြီး ငွေကျပ်ခုနစ်သိန်းတန်ဖိုးရှိ ခေါက်ဆွဲထုပ်၊ မုန့်ထုပ်များ၊ ဆပ်ပြာ၊ ဆေးဝါးမျိုးစုံနှင့်အားကစားပစ္စည်းများကို ပြည်နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာလှဆိုင်းက အကျဉ်းဦးစီး (ခေတ္တ) တာဝန်ခံ အရာရှိထံ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ကုသပေး

ဆက်လက်၍ သီပေါမြို့မှပွဲစားကြီး ဦးအောင်ခင်နှင့်ဇနီးဒေါ်တင်တင်၊ ကုန်စုံဆိုင်ပိုင်ရှင် ဒေါ်စန်းဦးနှင့် အလှူရှင်များက နေ့လယ်စာများဖြင့် ကျွေးမွေးလှူဒါန်းကြပြီး အကျဉ်းသားများကို ကျန်းမာရေး စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **(၃၀၆)**

မော်လမြိုင်မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံး နှစ်ပတ်လည်စည်းဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

မော်လမြိုင်မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံး နှစ်ပတ်လည် အစည်းအဝေး၊ (၂၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် လုပ်သားဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၁၅ရက်က မော်လမြိုင်မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံး၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်မာဒင်နှင့် မော်လမြိုင်မြို့နယ် မြို့နယ်သဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌ ဦးတိုင်းကျော်တို့က အမှာစကား ပြောကြားကြပြီး**(အပေါ်ပုံ)** (၂၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ကျင်းပရာ သက်ကြီးသဘင်ပညာရှင်၂၇ဦးတို့အား ကန်တော့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် လုပ်သားဆုပေးပွဲကို ကျင်းပရာ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌနှင့် မော်လမြိုင်မြို့နယ်သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌတို့က လုပ်သားဆုကြေးနှင့် ဂုဏ်ပြုပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော စွပ္ပနူးလမ်းမကြီး ကျောက်ချောခင်းခြင်းလုပ်ငန်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် မြို့မလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းကျော်နှင့် အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတော်ကစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် လိုအပ်သည်များကူညီပံ့ပိုးပေးလျက်ရှိ စက်မှုလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်ကြီးကို စက်မှုလုပ်ငန်းဖြင့်တိုးတက်မြင့်မားအောင်ကြိုးပမ်း စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး ဒေသဆိုင်ရာတာဝန်ရှိသူများ အလေးထားဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၁

ကရင်ပြည်နယ် ဘားအံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၁၇ရက် နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ရှိ ဘားအံတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပသော ဘားအံမြို့နယ် သစ်ပင်စိုက်ပျိုးပွဲတော်သို့ ရောက်ရှိအားပေးပြီး အမှတ်တရ သစ်ပင်စိုက်ပျိုးပေးကာ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကံ့ကော်ပင်စိုက်ပျိုး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘားအံမြို့နယ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ကောဒသမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ဇနာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက်အတွင်းရှိ မဟာဇယမင်္ဂလာသိမ်ကျောင်းတော်၌ကျင်းပသည့် ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ကောဒသမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဒေါ်စုကြည်လွှတ်ပေးရေး တောင်းဆိုမှုရဲ့ နိုင်ငံရေးအဓိပ္ပာယ်ဟာ ဘာလဲ

ဒေါ်စုကြည်ဟာ အကြမ်းဖက်တဲ့နည်း (အကြမ်းဖက်တဲ့နည်း)နဲ့ ဒီမိုကရေစီရေးတိုက်ပွဲဝင်နေသူ ဖြစ်ရုံသာမက မြန်မာနိုင်ငံလူ့သမိုင်းကို ရှေ့သို့တိုးတက်စေရန် လိုအပ်တဲ့ ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ပေါ်တိုးတက်အောင် မလုပ်ဆောင်ဘဲ တည်ဆဲအစိုးရကို ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး၊ တိုင်းပြည်နဲ့ ပြည်သူတွေ စီးပွားရေးချွတ်ခြုံကျစေပြီး လူထုဆူပူအုံကြွမှုတွေ ဖြစ်ပေါ်လာရေး၊ မိမိတို့အာဏာရရေးအတွက် စီးပွားရေးပိတ်ဆို့ဖိအားပေးရေး၊ ကုန်လုပ်စွမ်းအားစုတွေ ကျဆင်းကြေပြုန်းရေးစတဲ့ အဖျက်လုပ်ရပ်တွေကိုသာ တစိုက်မတ်မတ်လုပ်နေသူ၊ လူ့သမိုင်း (မြန်မာနိုင်ငံရဲ့သမိုင်း)ကို နောက်ပြန်ဆွဲနေသူသာ ဖြစ်နေပါတယ်။ ဒါကြောင့် "ဒေါ်စုကြည်လွှတ်ပေးရေးတောင်းဆိုမှုရဲ့ နိုင်ငံရေးအဓိပ္ပာယ်ဟာ ဘာလဲ" လို့ မေးခွန်းထုတ်လိုက်ချင်ပါတယ်။

ကျော်မြင့်နိုင် ၏ ဆောင်းပါးကို (စာ ၈၊ ၉နှင့် ၁၀) တွင် ဖတ်ရှုနိုင်ပါသည်။